
မခံနိုင်အောင်ပေါ့ပါး
ဘဝနေ့ညများ

ဒိုနိုဗို
ပြန်ဆိုသည်



# THE UNBEARABLE LIGHTNESS OF BEING


MILAN KUNDERA

ဒုတိယအကြိမ်

SAMPLE BOOK
mgyoe.com
mgyoe.com

mgyoe.com

SAMPLE BOOK




ISBN 978-99971-44-03-4

K0437

9 789997 144034 >

mgyoe.com

ဗီနိုင်းဆုံတွယ်ခင်

mgyoe.com SAMPLE BOOK


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဧပြီလ၊ ၂၀၁၆ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
ဒုတိယအကြိမ် - ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အတွင်းပုံနှိပ် - အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် - အံ့ဘွယ်ဇင်
တန်ဖိုး - ၅၀၀၀ ကျပ်

mgyoe.com

mgyoe.com

SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

* မိလန်ကွန်ဒရာ (သို့) ဝတ္ထုများဖြင့် တွေးခေါ်သူ ၇

အပိုင်း (၁)

* ပေါ့ပါးခြင်းနှင့် လေးလံခြင်း ၁၁

အပိုင်း (၂)

* ဝိညာဉ်နှင့်ခန္ဓာ ၅၅

အပိုင်း (၃)

* နားလည်မှုလွဲနေခဲ့သော စကားလုံးများ ၈၅

အပိုင်း (၄)

* ဝိညာဉ်နှင့်ခန္ဓာ ၁၃၇

အပိုင်း (၅)

* ပေါ့ပါးခြင်းနှင့် လေးလံခြင်း ၁၇၇

အပိုင်း (၆)

* မဟာချီတက်ပွဲကြီး ၂၄၆

အပိုင်း (၇)

* ကရိုနင်၏အပြုံး ၂၈၅

* ဓာတ်လမ်းအကျဉ်း ၃၂၃

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



## မိလန်ကွန်ဒရာ (သို့) ဝတ္ထုများဖြင့် တွေးခေါ်သူ

ကားလို့စ်ဖြူရန်တေး (Carlos Fuentes) က ပြောခဲ့ဖူးသည်။ ယနေ့ ခေတ်ပြိုင် အရေးအသားများထဲတွင် အဓိက ဝင်ရိုးကြီးနှစ်ခုကို လက်တင်အမေရိကားနှင့် ဗဟို ဥရောပတွင်သာ တွေ့နိုင်သည်ဟု ဆိုသည်။ မော်ဒန် စာဖတ်ပရိသတ်များအနေဖြင့် ဂေဘရီယယ် ဂါစီယာမားကွေ့ဇ် (Gabriel Garcia Marquez) (ဆရာမြသန်းတင့် ဘာသာပြန်သည့် မရဏအိပ်မက်တစ်ခု၏ မှတ်တမ်း မူရင်းစာရေးဆရာ) နှင့် မီလန်ကွန်ဒရာ (Milan Kundera) ကို အလိုအလျောက် ပြေးမြင်ကြပေသည်။

မီလန်ကွန်ဒရာမှာ အရေးပါဆုံး ခေတ်ပြိုင် ချက်စာရေးဆရာများထဲမှ တစ်ယောက် ဖြစ်သည်။ နိုင်ငံတကာ အသိအမှတ်ပြုမှုကို ရရှိခဲ့သည့် အနည်းငယ် မျှသော ချက်စာရေးဆရာများထဲတွင် ပါဝင်သည်။ သူ၏ ဖန်တီးမှုတိုင်း၊ နိုင်ငံရေး နှင့် ယဉ်ကျေးမှုရေးရာ ပြောဆိုမှုတိုင်းက သူ့အချိန်ကာလတွင် အမြဲ ဆွေးနွေးစရာ ဖြစ်ခဲ့သည်။ သူ့အား ခေတ်ကို ကျော်လွန်နေသည့် တကယ့် Avante Garde တစ်ယောက်အဖြစ် ယူဆကြပြီး ပို့စ်မော်ဒန်ကမ္ဘာတွင် Self (တစ်သီးပုဂ္ဂလ ငါ) ကို ရှာဖွေနေခဲ့သူ တစ်ယောက်အဖြစ် တင်စားကြသည်။

ဝတ္ထုရှည်ကိုးပုဒ်နှင့် အက်ဆေး၊ ပြဇာတ်၊ ကဗျာများ ရေးသားခဲ့သော မီလန်ကွန်ဒရာကို ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ပရပ်မြို့တွင် ၁၉၂၉ ခုနှစ်က မွေးဖွားခဲ့သည်။ လူငယ်ဘဝက ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့သော မီလန်ကွန်ဒရာမှာ ၁၉၆၈ ပရပ်နွေဦးလှုပ်ရှားမှု၏ လူငယ်အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။ ပရပ်နွေဦးမှာ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်အတွက် လူထုလှုပ်ရှားမှုတစ်ခုဖြစ်ပြီး Alexander Dubcek ချက်ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူး (၁) ဖြစ်လာသည့်အချိန်

mgyoe.com

mgyoe.com SAMPLE BOOK

အစိုးရ၏ ခွင့်ပြုချက်ကိုပါ ရရှိခဲ့သည်။ Dubcek က နိုင်ငံရေး ယုံကြည်ချက်အတွက် ဖမ်းဆီးမှုများကို တရားမဝင်ကြောင်း ကြေညာပြီး အခြေခံလူ့အခွင့်အရေးများ ရရှိရန် ထောက်ခံခဲ့သည်။ ပရပ်နွေဦးနှင့်အတူ အနုပညာ ဖန်တီးရေးသားမှုများလည်း စည်ပင်ဝေဆာလာခဲ့ပြီး ကွန်ဒရာမှာ ထိုအချိန်က ပရပ်ရှိ တက်ကြွသော စာရေးဆရာများ၊ အနုပညာသမားများထဲမှ တစ်ယောက် ဖြစ်သည်။ ဆိုဗီယက်အုပ်စုက ပရပ်ရှိ အပြောင်းအလဲများကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်သည်။ ဒီရဲ့ အကျိုးဆက်အဖြစ် မြို့တော်ပရပ်ကို ဆိုဗီယက်တင့်ကားများ ဝင်ရောက်လာမှုနှင့်အတူ ပရပ်နွေဦးမှာ ရုတ်ခြည်းပင် အဆုံးသတ်ခဲ့ရတော့သည်။

ကွန်ဒရာ၏ ပထမဆုံးဝတ္ထု The Joke ကို သိမ်းပိုက်ခံကာလအတွင်း ထုတ်ဝေခဲ့သည်။ ဝတ္ထုထဲတွင် ကွန်မြူနစ်စနစ်အောက်တွင် နေထိုင်ရသည့်ဘဝများကို သရုပ်ဖော်ထားပြီး ပြင်းပြင်းထန်ထန် မေးခွန်းထုတ် သရော်ထားခဲ့သည်။ The Joke မှာ နိုင်ငံတကာမှ ချီးကျူးမှုကို ရရှိခဲ့သည်။ သို့သော် ရလဒ်အနေနှင့် ကွန်ဒရာမှာ အစိုးရဆန့်ကျင်သော ပညာတတ်တစ်ယောက်အဖြစ် ယူဆခံရကာ တစ်ဆင့်ပြီးတစ်ဆင့် ခြိမ်းခြောက်နှိပ်စက်မှုကို ခံရသည်။ သူမှာ ပရပ်ရှိ အဆင့်မြင့် ရုပ်ရှင်ပညာတက္ကသိုလ်မှ ပါမောက္ခရာထူးကို ဆုံးရှုံးခဲ့ရပြီး သူ၏ စာအုပ်များကိုလည်း ပိတ်ပင်တားမြစ်ခံခဲ့ရသည်။ သူ့ဘဝမှာ The Unbearable Lightness of Being ထဲမှ သူ၏ဇာတ်ကောင် တောမတ် (Tomas) ကဲ့သို့ပင် မခံနိုင်လောက်အောင် ခက်ခဲဆိုးရွားလာခဲ့သည်။

၁၉၇၀ တွင် အစိုးရက ပေါ်လစီပြောင်းပြီး အစိုးရဆန့်ကျင်သော ပညာတတ်များကို တိုင်းပြည်ထဲမှ ထွက်သွားရန် အားပေးသည်။ ကွန်ဒရာလည်း သူ၏ မွေးရပ်မြေကို သူ၏ ဇနီးသည် Vera နှင့်အတူ ၁၉၇၅ တွင် စွန့်ခွာခဲ့သည်။ သူ့ဇနီးသည်ကိုယ်တိုင်လည်း ပိတ်ပင်ခံထားရသော ရုပ်မြင်သံကြား သတင်းတင်ဆက်သူ ဖြစ်သည်။ လင်မယားနှစ်ယောက်လုံး ပဲရစ်တွင် အခြေချပြီး ကွန်ဒရာက စာပေသင်ကြားခြင်းနှင့် စာရေးခြင်းကို ယနေ့ထိတိုင် လုပ်ဆောင်နေဆဲ ဖြစ်သည်။

ကွန်ဒရာမှာ သူ၏ စကားပြေများနှင့် သူ့မွေးရပ်မြေကို သရုပ်ဖော်မှုများကြောင့် ဝေဖန်ရေးဆရာများ၏ အာရုံစိုက်ခြင်းကို ခံခဲ့ရသည်။ သူ့ကို လက်တင်အမေရိက၏ ဂါစီယာမားကွဇ်၊ ရုရှား၏ ဆိုဇင်နစ်ဇင်တို့လို ချက်ကိုစလိုဗက်ကီးယားအတွက် မီလန်ကွန်ဒရာဟု ပြောလေ့ရှိကြသည်။ သူ့မှာ ၁၉၈၅ တွင် Jerusalem Prize for Literature on the Freedom of Man in Society ဆုကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ၏ နောက်ဆုံးဝတ္ထု Identity ကလွဲ၍ ဝတ္ထုအားလုံးမှာ ချက်ကိုစလို ဗက်ကီးယားကို အခြေခံထားသည်။ သူရေးသည့် အချိန်ကာလအပေါ် အခြေခံပြီး သူ့ကို ဆိုဗီယက်နှင့် ဆိုဗီယက်လက်အောက်ခံ တိုင်းပြည်များမှ ထွက်ပြေးလာသော ပြည်ပြေးစာရေးဆရာအုပ်စု (Third Wave) ထဲ ထည့်ကြသည်။ သို့သော် သူ၏ အရေးအသားများနှင့် အတွေးအခေါ်များမှာ သူ့လိုပဲ ပြည်ပြေးတစ်ယောက်ဖြစ်သည့် ဗလာဒီမာနာဘိုကော့နှင့် နီးစပ်သည်ဟုလည်း ဆိုကြသည်။ နာဘိုကော့ကဲ့သို့ပင် ကွန်ဒရာသည်လည်း ကွန်မြူနစ် အုပ်စိုးမှုကို နိုင်ငံရေးနောက်ခံ အရေးအသားများ ထက်၊ ပြင်းထန်သည့် ပုဂ္ဂလိကဝါဒ အခြေခံဖြင့် တုံ့ပြန်ခဲ့သည်။ ထို့ပြင် နာဘိုကော့ ကဲ့သို့ပင် ကွန်ဒရာ၏ အရေးအသားများတွင် ပရပ်ဒ္ဓ ယခင်က သူနှစ်ခြိုက်ခဲ့သော ယဉ်ကျေးမှုမှာ ပြန်မရနိုင်တော့အောင် ပျောက်ဆုံးသွားခဲ့ပြီဆိုသည့် အမြင်များ လွှမ်းနေခဲ့သည်။

ကွန်ဒရာ၏ ပုဂ္ဂလိကတန်ဖိုးကို ယုံကြည်မှုနှင့် ဉာဏ်ပညာကို တန်ဖိုး ထားမှုတို့ကို သူ့စာများ၏ ရသအမြင်နှင့် နိုင်ငံရေးအမြင်များတွင် ဖော်ကျူးထားသည်။ အထူးသဖြင့် The Unbearable lightness of Being တွင် ကွန်ဒရာက အပေါ်ယံစိတ်ကူးယဉ်ဖြစ်မှု၊ ဆိုးရွားညံ့ဖျင်းမှု၊ ပင်ကိုမဖြစ်မှု၊ မစစ်မှန်သည့် အနုပညာ စသည်တို့ကို အာဏာရှင်အစိုးရနှင့် ထပ်တူပြုထားခဲ့သည်။ ကွန်ဒရာက ကွန်မြူနစ် ဝါဒ၊ ဖက်ဆစ်ဝါဒနှင့် အခြားသောဝါဒ (ism) မှန်သမျှကို သိပ်ခြားနားလှသည်ဟု မမြင်၊ အားလုံးမှာ ဆင်တူယိုးမှား အပေါ်ယံ အနုပညာများကိုသာ ထုတ်လုပ်ပေးနိုင် သည်ဟု ဆိုခဲ့သည်။

*

mgyoe.com

mgyoe.com SAMPLE BOOK

ကွန်ဒရာ၏ ထုတ်ဝေပြီးလက်ရာများ

**Novels**

THE JOKE
LAUGHABLE LOVES
LIFE IS ELSEWHERE
FAREWELL WALTZ
(earlier translation: the farewell party)
THE BOOK OF LAUGHTER AND FORGETTING
THE UNBEARABLE LIGHTNESS OF BEING
IMMORTALITY
SLOWNESS
IDENTITY

**Essays**

THE ART OF THE NOVEL TESTAMENTS BETRAYED

**play**

JACQUES AND HIS MASTER

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၁)

# ပေါ့ပါးခြင်းနှင့် လေးလံခြင်း

(၁)

ထာဝရသံသရာလည်ခြင်းဆိုသည့် အယူအဆမှာ ဆန်းကြယ်လှပေသည်။ ကျွန်တော်တို့ တွေ့ကြုံရသမျှအားလုံး နောက်တစ်ဖန် ပြန်ဖြစ်လိမ့်မည်။ ထို့အပြင် ဤထပ်ကျော့ဖြစ်စဉ်ကိုယ်၌က အဖန်တလဲလဲ မဆုံးတမ်း ဖြစ်နေခဲ့သည်ဟု ဆိုသည့် နစ်ရှေး၏ ယင်းအယူအဆသည် အခြားသော တွေးခေါ်ရှင်များကို အမြဲလို ရှုပ်ထွေးစေခဲ့သည်။ ဤရူးနှမ်းလှသည့် ယုံကြည်မှုက ဘယ်လောက်များ အရေးပါနေခဲ့လို့ပါလဲ။

အဆိုးဘက်ကကြည့်လျှင်တော့ ထာဝရသံသရာဆိုသည့် ယုံကြည်မှုအရ တစ်ကြိမ်တစ်ခါသာ ဖြစ်တည်ပြီး ပျောက်ကွယ်သွားမည့် နောက်ပြန်လည်မကျော့နိုင်တော့သည့် ဘဝသည် အလေးချိန်မရှိသော၊ တင်ကြိုသေဆုံးနေနှင့်သော အရိပ်တစ်ခုသာ။ ဘဝသည် ကြောက်မက်ဖွယ် ကောင်းချင် ကောင်းနေလိမ့်မည်၊ လှပ ခမ်းနားကောင်း ခမ်းနားလိမ့်မည်။ ဤကြောက်မက်ဖွယ်ကောင်းမှု၊ လှပမှု၊ ခမ်းနားမှုအားလုံး ဘာအဓိပ္ပာယ်မျှ မရှိ၊ ဆယ့်လေးရာစုအတွင်း အာဖရိကတိုင်းပြည်အချင်းချင်း ဖြစ်ပွားခဲ့သော စစ်ပွဲလို ကျွန်တော်တို့အတွက် မှတ်သားစရာ ဘာတစ်ခုမျှ

mgyoe.com

mgyoe.com
SAMPLE BOOK


မရှိ၊ စစ်ပွဲအတွင်း လူမည်းတစ်သိန်းလောက် ညှဥ်းပန်းနှိပ်စက်ခံရပြီး သေဆုံးခဲ့ကြသည်။ သို့သော် ကမ္ဘာကြီးရဲ့ ကံကြမ္မာကို မပြောင်းလဲစေနိုင်ခဲ့ဘူး မဟုတ်လား။ အကယ်၍များ ဤစစ်ပွဲမှာ ထပ်ကာထပ်ကာ မဆုံးတမ်း ပြန်ဖြစ်နေခဲ့မယ်ဆိုရင်ကော ဒီ ၁၄ ရာစုတုန်းက ဖြစ်ပွားခဲ့သည့် အာဖရိကန် နှစ်ပြည်ထောင်ချင်း စစ်ပွဲက တစ်စုံတစ်ရာ ပြောင်းလဲသွားဖို့ ရှိမှာလား။

သေချာပါသည်။ ပြောင်းလဲသွားပါလိမ့်မည်။ ပြင်မရတော့သည့် အဓိပ္ပာယ်မဲ့မှုများသည် ထာဝရ ဖောင်းကားနေသော အစိုင်အခဲတစ်ခုလို ဖြစ်လာပါလိမ့်မည်။ ထိုနည်းလည်းကောင်းပင် အကယ်၍များ ပြင်သစ်တော်လှန်ရေးကိုသာ မဆုံးတမ်း ပြန်ပြန်ပြီး ကြုံခဲ့ရမည်ဆိုလျှင် ပြင်သစ်သမိုင်းဆရာများသည် ရောဘီစဖီးယား (Robespierre) အပေါ် သိပ်ဂုဏ်ယူဝင့်ကြွားကြတော့မည် မဟုတ်ပေ။

အခုတော့ တော်လှန်ရေးရဲ့ သွေးစွန်းတဲ့ နှစ်ကာလတွေကို ဘယ်တော့မှ ထပ်မကြုံတော့မည့် အရာတစ်ခုလို သဘောထားကာ စကားလုံးတွေအဖြစ် ပြောင်းလို့ သီအိုရီတွေထုတ်၊ ဆွေးနွေးမှုတွေလုပ်၊ ကြောက်လန့်စရာ မဟုတ်သလို ငှက်မွေးငှက်တောင်ထက်ပင် ပေါ့ပေါ့ပါးပါး သဘောထားနေကြပြီ မဟုတ်ပါလား။ ဒီ့အတွက် သမိုင်းမှာ တစ်ခါသာပေါ်သည့် ရော်ဘီစဖီးယားနှင့် မဆုံးတမ်း ပြန်ပြန်ပေါ်လာပြီး ပြင်သစ်မှာ ခေါင်းတွေ ဖြတ်နေသည့် ရော်ဘီစဖီးယားကြားမှာ လုံးဝ ခြားနားနေခဲ့ပါသည်။

ဒီတော့ကာ ထာဝရ သံသရာလည်ခြင်း အယူအဆမှာ လောကကြီးကို ကျွန်တော်တို့ သိထားသလို မဟုတ်ဘဲ နောက်တစ်မျိုး မြင်ကြည့်ခြင်းလို့ပဲ သဘောထားလိုက်ကြရအောင်လား။ ဒီအခါမှာ ယာယီသဘာဝကြောင့် သက်သာရာရနေတာလေးတွေတော့ မရှိတော့ဘူးပေါ့။ ဒီယာယီသဘာဝကြောင့်သာ ကျွန်တော်တို့ စီရင်ချက်ချမခံရတာ မဟုတ်လား။ ပေါပင်ကိစ္စတစ်ခုကို ယာယီကာလမှာ အပြစ်တင်လို့ မရနိုင်ဘူးလေ။ ပြိုကွဲပျက်စီး နေဝင်ချိန်မှာတော့ ခေါင်းဖြတ်စက်တွေ အပါအဝင် အရာရာတိုင်းဟာ အတိတ်ကို လွမ်းဆွတ်မှုတွေနဲ့ လင်းပနေပါလိမ့်မည်။

သိပ်မကြာသေး၊ ကျွန်တော်ကိုယ်တိုင် ခံစားမှုတစ်ခု ကြုံခဲ့ရသည်။ မယုံနိုင်စရာပင်။ ဟစ်တလာအကြောင်း ရေးထားသည့် စာအုပ်တစ်အုပ်ကို လှန်လှောဖတ်ရင်း သူ့ပုံရိပ်လွှာအချို့ကို ငိုသွားခဲ့သည်။ ကျွန်တော့် ငယ်ဘဝကို အမှတ်ရစေခဲ့သည်။ ကျွန်တော် စစ်အတွင်းမှာ ကြီးပြင်းခဲ့ရသည်။ ကျွန်တော့် မိသားစုမှာ ဟစ်တလာ၏ စစ်အကျဉ်းစခန်းတွေထဲမှာ အသက်ဆုံးရှုံးခဲ့ရသည်။ သို့သော် ကျွန်တော့်ရဲ့ ဘယ်တော့မှ ပြန်မရနိုင်တော့သည့် ကာလတစ်ခု၊ ကျွန်တော့်ဘဝရဲ့ ပျောက်ဆုံးနေတဲ့ ကာလ

mgyoe.com

mgyoe.com SAMPLE BOOK

အပေါ် အမှတ်ရခြင်းတွေနဲ့ ယှဉ်လိုက်လျှင် သူတို့၏ သေဆုံးမှုမှာ ဘာများ ဖြစ်နိုင်ဦး မည်နည်း။

ဤသို့ ဟစ်တလာနဲ့ ပြန်ပေါင်းထုပ်ခြင်းသည် တစ်ပတ် ပြန်မလည်သည့် အယူအဆပေါ်တွင် အခိုင်အမာ ရပ်တည်ထားသော ကမ္ဘာကြီး၏ အကြီးအကျယ် စာရိတ္တဖောက်ပြန်မှုကို ပြနေခဲ့သည်။ အရာရာတိုင်းကို တင်ကြိုခွင့်လွှတ်ထားသည့် ကမ္ဘာကြီးမှာ အရာရာတိုင်းကို သိသိနှင့် သောင်းကျန်းခွင့်ပြုထားခဲ့သည် မဟုတ်လား။

## (၂)

အကယ်၍ ဘဝရဲ့ စက္ကန့်နဲ့အမျှသာ မဆုံးတမ်း ပြန်ကြုံနေရဦးမည်ဆိုလျှင် ယေရှုခရစ် လက်ဝါးကပ်တိုင်တွင် သံနဲ့အစွဲခံရသလိုမျိုး ကျွန်တော်တို့ဟာ ထာဝရ တရားဆီမှာ သံနဲ့ အစွဲခံရတဲ့သဘောပင်။ ဒါဟာ အင်မတန်မှ ကြောက်စရာကောင်းလှသည့် အဖြစ်ပင်။ ထာဝရ သံသရာလည်နေသည့် လောကကြီးထဲတွင် ကျွန်တော်တို့၏ လုပ်ရပ်တိုင်းအတွက် တာဝန်တွေကို မနိုင်မနင်း သယ်ဆောင်နေရပါလိမ့်မည်။ ဒီအတွက်ကြောင့်ပဲ နစ်ရှေးက ထာဝရသံသရာလည်ခြင်းကို အလေးပင်ဆုံး ဝန်ထုပ် ဝန်ပိုးဟု ခေါ်တွင်ခဲ့တာ ဖြစ်ပါလိမ့်မည်။

အကယ်၍ ထာဝရသံသရာလည်ခြင်းသည် အလေးပင်ဆုံး ဝန်ထုပ်ဝန်ပိုး ဟု ဆိုခဲ့လျှင် ကျွန်တော်တို့မှာ ဘဝရဲ့ပေါ့ပါးမှုတွေနဲ့ တန်ပြန်ရင်ဆိုင်ကြရုံသာ ရှိတော့သည်။ ဤသို့ဆိုလျှင် လေးလံမှုမှာ မနှစ်မြို့ဖွယ်ရာကောင်းပြီး ပေါ့ပါးမှု ကသာ နှစ်သက်ဖွယ် ကောင်းနေခဲ့သည်လား။

အလေးလံဆုံးသော ဝန်ထုပ်ဝန်ပိုးတွေက ကျွန်တော်တို့ကို နင်းခြေသည်၊ နစ်မြုပ်စေသည်။ ဟိုးအောက်ခြေတွင် ကျွန်တော်တို့ကို တွယ်နှောင်လို့ထားသည်။ သို့သော်လည်း အရွယ်မရွေး ဖတ်ကြသည့် အချစ်ကဗျာတွေထဲမှာ မိန်းမဟာ ယောက်ျားရဲ့ လေးလံလှသည့် ခန္ဓာကို တောင့်တပြန်သည်။ ဒီအတွက် အလေးလံ ဆုံးသော ဝန်သည် တစ်ချိန်တည်းတွင် ဘဝရဲ့ ထက်သန်ပြင်းပြဆုံး ဖြည့်ဆည်းမှု လည်း ဖြစ်နေခဲ့ပြန်သည်။ ဝန်က လေးလေလေ ဘဝတွေက မြေကြီးနဲ့ နီးလေလေ၊ ပိုပြီး စစ်မှန် ပိုပြီး မှန်ကန်လာလေလေပင်။

နောက်တစ်မျိုး ပြောရလျှင် ဝန်မရှိသည့်အခါ လူဟာ လေထက် ပေါ့ပါး လို့ အမြင့်မှာ ပျံဝဲနေလိမ့်မည်။ မြေပြင်ကို စွန့်ခွာ၊ မြေကြီးဆန်မှုကို စွန့်လွှတ်သည့် အတွက် တစ်စိတ်တစ်ပိုင်းသာ စစ်မှန်တော့မည်။ သူ့ရဲ့ ရွေ့လျားမှုဟာ လွတ်လပ် သလောက် အရေးမပါ ဖြစ်နေခဲ့ပေမည်။

mgyoe.com

mgyoe.com

ဒီတော့ကာ ကျွန်တော်တို့ ဘာကို ရွေးကြမလဲ၊ လေးလံမှုလား၊ ပေါ့ပါးမှုလား။ ပါမန်းနီးဒီးစ် (Parmenides) က ခရစ်မပေါ်မီ ခြောက်ရာစုလောက်က ဒီမေးခွန်းကို မေးခဲ့သည်။ သူက လောကကို ဆန့်ကျင်ဘက် အတွဲတွေအဖြစ် မြင်သည်။ အလင်းနဲ့ အမှောင်၊ နုညက်မှုနဲ့ ကြမ်းထော်မှု၊ နွေးထွေးမှုနဲ့ အေးမြမှု၊ ရှိခြင်းနဲ့ မရှိခြင်း၊ တစ်ဖက်ခြမ်းကို သူက အပြုသဘောဆောင်သည်ဟု မြင်ပြီး (ဥပမာ အလင်း၊ နုညက်မှု၊ နွေးထွေးမှု၊ တည်ရှိမှု) အခြားတစ်ဖက်ကိုတော့ အပျက်သဘောဟု မြင်သည်။ ကျွန်တော်တို့မှာ အရာရာကို ဒီလိုမျိုး ကလေးဆန်ဆန် အပြုနဲ့အပျက် အစွန်းနှစ်ဖက်နဲ့ ခွဲခြားလေ့ရှိသည်။ သို့သော်လည်း လေးလံမှုနဲ့ပေါ့ပါးမှု ဘယ်အရာက အပြုသဘောဆောင်သလဲ၊ ခွဲရခက်လှပါသည်။

ပါမန်းနီးဒီးစ်ကတော့ ပေါ့ပါးမှုက အပြုသဘော၊ လေးလံမှုက အပျက်သဘောဟု ဖြေသည်။ သူ့အယူအဆ မှန်လား၊ မှားလား ဆိုသည်က မေးခွန်းထုတ်စရာပင်။ သေချာသည်ကတော့ ပေါ့ပါးမှုနဲ့ လေးလံမှုမှာ အဆန်းကြယ်ဆုံးနဲ့ ဒွိဟအဖြစ်ဆုံး ဆန့်ကျင်ဘက်အစုံ ဖြစ်နေခဲ့ခြင်းပင်။

(၃)

ကျွန်တော် တောမတ်အကြောင်းကို နှစ်ပေါင်းများစွာ တွေးတောနေခဲ့သည်။ သို့သော်လည်း စောစောက အတွေးစတွေ၏ ထိန်ညီးမှုနဲ့မှ သူ့ကို သဲသဲကွဲကွဲ မြင်လာရသည်။ ဝင်းတစ်ဖက်ရှိ နံရံကို ပြတင်းပေါက်က ရပ်ငေးကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့ သူ့ကို ကျွန်တော် မြင်ယောင်နေခဲ့သည်။

ဒီ့မတိုင်မီ သုံးပတ်လောက်က ချက်မြို့ငယ်လေးတစ်မြို့မှာ သူ ထရီဇာနဲ့ ပထမဆုံး ဆုံခဲ့ကြသည်။ ဆုံတယ်ဆိုပေမယ့် သူတို့တွေ့ခဲ့တာ တစ်နာရီတောင် မကြာခဲ့။ သူမက သူ့ကို မီးရထားဘူတာ လိုက်ပို့ပြီး ရထားပေါ်တက်တဲ့အထိ စောင့်ပေးနေခဲ့သည်။ နောက် ၁၀ ရက်အကြာ သူမ သူ့ဆီ ရောက်ချလာခဲ့သည်။ ရောက်ရောက်ချင်းနေ့ပဲ သူတို့ ချစ်နယ်ကျွံခဲ့ကြသည်။ ညရောက်တော့ သူမ အဖျားတွေတက်ကာ သူ့အခန်းမှာ တစ်ပတ်တိတိ တုပ်ကွေး ကွေးနေခဲ့တော့သည်။

သူ့မှာ အခုမှသိတဲ့ လူတစ်ယောက်အပေါ် ရှင်းပြဖို့ ခက်လှသည့် ချစ်ခြင်းတစ်မျိုး ပေါက်ဖွားလာခဲ့သည်။ သူ့အတွက်တော့ သူမဟာ ကလေးတစ်ယောက်ပင်။ တစ်ယောက်ယောက်က ခြင်းထဲထည့်ပြီး မျှောလိုက်တဲ့ ကလေးတစ်ယောက်လို သူ့ရဲ့ အိပ်ရာကမ်းခြေပေါ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ သူမ နေကောင်းလာတဲ့အထိ တစ်ပတ်လုံးလုံး သူ့ဆီမှာ နေသွားခဲ့သည်။ ထို့နောက် ပရပ်မြို့ကနေ

mgyoe.com

mgyoe.com SAMPLE BOOK

၁၂၅ မိုင်လောက်ဝေးသော သူမရဲ့မြို့လေးရှိရာ ပြန်သွားသည်။ ယင်းနောက်ပိုင်းတွင် ကျွန်တော် စောစောက ပြောခဲ့သည့် သူ့ဘဝရဲ့ အရေးပါဆုံး အခိုက်အတန့်ကို ရောက်လာခဲ့သည်။ သူ ပြတင်းပေါက်မှာ ရပ်လို့ ခြံဝင်းကိုကျော်ပြီး ရှေ့တည့်တည့်က နံရံကိုကြည့်ကာ အပြန်ပြန်အလှန်လှန် စဉ်းစားနေခဲ့သည်။

သူမကို ပရပ် ခေါ်လိုက်ရင် ကောင်းမလား၊ သူ တာဝန်ယူရမှာလည်း စိုးသည်။ သူကသာ သူမကို လာဖို့ ခေါ်လိုက်ရင် သူမက လာပြီး ဘဝတစ်ခုလုံးကို သူ့လက်ထဲ ပုံအပ်မှာပဲ ဖြစ်သည်။ ဒါမှမဟုတ် နောက်တစ်မျိုး ပြန်စဉ်းစားကြည့်မလား။ ဒါဆိုရင် သူမက နယ်မြို့လေးရဲ့ ဟိုတယ်စားသောက်ဆိုင်တစ်ခုမှာ စားပွဲထိုးမလေးအနေနဲ့ ဆက်ရှိနေမည်။ သူလည်း သူမကို ဘယ်တော့မှ ပြန်တွေ့ရတော့မှာမဟုတ်။ သူမကို လာစေချင်လား၊ မလာစေချင်ဘူးလား။ သူ ဝင်းရဲ့ တစ်ဖက်က နံရံကို ကြည့်ရင်း အဖြေရှာနေခဲ့သည်။ သူ့ခုတင်ပေါ်မှာ လဲလျောင်းနေတဲ့ သူမကို ပြန်မြင်ယောင်ကြည့်နေမိသည်။ သူမဟာ သူ အရင်ဆုံဖူးတဲ့ မိန်းမတွေထဲက ဘယ် တစ်ယောက်ကိုမှ ပြန်သတိမရစေခဲ့။ သူမဟာ ရည်းစားလည်း မဟုတ်၊ ဇနီးလည်း မဟုတ်။ သူမဟာ သူ့ခုတင်မှာ လာသောင်တင်တဲ့ ခြင်းတစ်လုံးထဲ မျောပါလာတဲ့ ကလေးတစ်ယောက်။ သူမ အိပ်ပျော်နေခဲ့သည်။ သူက သူမနားမှာ ဒူးညွှတ်ပြီး ထိုင်လိုက်သည်။ သူမက အဖျားတက်ပြီး အသက်ရှူမြန်နေခဲ့သည်။ ပါးစပ်က တိုးညင်းစွာ ညည်းလို့။ သူလည်း သူမနဲ့ မျက်နှာချင်းအပ်ပြီး အေးဆေးညင်သာ စကားလုံးတွေကို အိပ်ပျော်နေတဲ့ သူမနားနားကပ်လို့ တိုးတိုးလေး ပြောနေခဲ့သည်။ ခဏနေတော့ သူမရဲ့ အသက်ရှူသံက ပြန်မှန်လာခဲ့ပြီး မသိစိတ်နဲ့ သူ ရှိရာ လှည့်လာခဲ့သည်။ သူမရဲ့ အဖျားငွေ့လေးတောင် သူ့နှာခေါင်းမှာ ရလာလို့ ရှူသွင်းလိုက်မိသည်။ သူမခန္ဓာကိုယ်နဲ့ နီးစပ်အောင် အတတ်နိုင်ဆုံး ကြိုးစားသည့်သဘော။ ပြီးတော့ တစ်ချိန်တည်းမှာပဲ သူနဲ့ နှစ်ပေါင်းများစွာ အတူနေခဲ့ပြီးနောက် သေဆုံးလုဆဲဆဲ အဖြစ်မျိုးကို စိတ်ကူးကြည့်မိသည်။ သူ့စိတ်ထဲမှာ ရုတ်တရက် ရှင်းရှင်းလင်းလင်း ခံစားလိုက်ရတာက သူမ သေဆုံးခဲ့ရင် သူ ဆက်မနေချင်တော့တာပဲ ဖြစ်သည်။ သူလည်းပဲ သူမ ဘေးမှာလှဲပြီး သူမနဲ့အတူ လိုက်သေချင်မိသည်။ သူမဘေးက ခေါင်းအုံးလေးပေါ် မျက်နှာအပ်ပြီး သူ အတော်ကြာကြာ လှဲနေခဲ့သည်။

ယခုတော့ သူ့မှာ ပြတင်းပေါက်ဘေးမှာ ရပ်ပြီး အဲဒီ အခိုက်အတန့်ကာလလေးတွေကို ပြန်မြင်ယောင်ကြည့်နေမိသည်။ ဒါဟာ မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ အချစ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါဟာ အချစ်တဲ့လား၊ သူမအေးမှာ အတူသေဆုံးချင်တယ် ဆိုတာကတော့ နည်းနည်းချဲ့ကားတယ်ပဲ ဆိုပါတော့။ သူဟာ သူမကို ဒီမတိုင်ခင် တစ်ကြိမ်ပဲ ဆုံခဲ့ဖူးတာ မဟုတ်လား။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် ချစ်ခြင်းမှာ ပါရမီ မပါမှန်း သတိထားမိတဲ့ ယောက်ျားတစ်ယောက်ရဲ့ ကိုယ့်ကိုယ်ကိုယ် လှည့်ဖြားမှုသက်သက် လား၊ ကိုယ့်စိတ်ကိုယ် လှုံ့ဆော်တဲ့ စိတ်ဂနာမငြိမ်ဖြစ်မှု တစ်မျိုးပဲလား။ ဒီဇာတ်မြူး လေးအတွက်နဲ့ လက်တွေ့မှာ သူ့ဘဝထဲ ဝင်လာစရာ အကြောင်းမရှိတဲ့ စိတ်ပျက် ဖွယ်ရာ တောမြို့လေးက စားပွဲထိုးမလေးကို ရွေးချယ်ခဲ့တာဟာ သူ့ရဲ့ သတ္တိနည်း လှတဲ့ မသိစိတ်ကလား။ ဝင်းတစ်ဖက်က ညစ်ပတ်လှသည့် နံရံကို ကြည့်နေရာက သူ သဘောပေါက်လာမိသည်။ ဒါဟာ စိတ်ဂနာမငြိမ် ဖြစ်တာလား၊ အချစ်လား ဆိုတာ သူ ဘယ်လိုမှ မပြောနိုင်။

သူ့နေရာမှာ တခြားတစ်ယောက်ယောက်သာဆို ဘာလုပ်ရမှန်း ချက်ချင်း သိပေလိမ့်မည်။ သူ့မှာသာ စိတ်ဖိစီးနေခဲ့ပြီး ချီတုံချတုံနဲ့။ သူမအေးမှာ ဒူးထောက် ပြီး သူမ သေရင် ကျွန်မနေရစ်ချင်ဘူးဟု တွေးနေမိသည့် အလှပဆုံး အခိုက်အတန့် လေးသည်ပင် အဓိပ္ပာယ်ကင်းမဲ့ခဲ့ရသည်။ တကယ်တော့ သူဘာလိုချင်လဲ သူမသိ တာဟာ တကယ်တော့ ဖြစ်ရိုးဖြစ်စဉ်ပင်။ သို့ပေမဲ့ သူ့မှာတော့ အဲဒါကို သဘော မပေါက်မချင်း သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေခဲ့သည်။

နှိုင်းယှဉ်စရာ အတိတ်ဘဝ၊ နောက်ဘဝတွေ မရှိဘဲ ဒီတစ်ဘဝတည်းနဲ့ တော့ ကျွန်တော်တို့ ဘာလိုချင်လဲဆိုတာ သိနိုင်ဖို့ အကြောင်းမရှိ။ ထရီဇာနဲ့ အတူ နေရင် ကောင်းမလား၊ တစ်ယောက်တည်းပဲ နေမလား။

နှိုင်းယှဉ်စရာ မရှိဘဲနှင့်တော့ ဘယ်ဆုံးဖြတ်ချက်က ပိုကောင်းမလဲ စမ်းသပ် ဖို့ နည်းလမ်းမရှိ။ ကျွန်တော်တို့မှာ ကြိုတင်အသိမပေးဘဲ ရောက်လာသည့် အရာတွေနဲ့ပဲ နေထိုင်နေရတာ မဟုတ်ပါလား။ ဘဝရဲ့ အကြိုဇာတ်တိုက်မှုက ဘဝကိုယ်တိုင်ပဲ ဆိုရင် ဘဝဟာ ဘာများ ထိုက်တန်ပါဦးမည်နည်း။ ဒီအတွက် ဘဝဟာ အမြဲ ပုံကြမ်းတစ်ခုလို ဖြစ်နေခဲ့တာ ဖြစ်မည်။ မဟုတ်သေးပါဘူး။ ပုံကြမ်းဆိုတဲ့ စကားလုံးက သိပ်မဆီလျော်လှသေး။ ပုံကြမ်းဆိုသည်က တစ်စုံတစ်ရာ ရဲ့ ကောက်ကြောင်း၊ ပန်းချီကားတစ်ခု၏ အခြေခံပင်။ ကျွန်တော်တို့ ဘဝတွေရဲ့ ပုံကြမ်းကတော့ ဘာကိုမှ ဆွဲထားသည့် ပုံကြမ်းမဟုတ်။ ပန်းချီကား ဖြစ်မလာ မယ့် ကောက်ကြောင်းတွေပဲ ဖြစ်သည်။

"တစ်ကြိမ် တစ်ခါ ဘာမှ မဟုတ်ပါ"

mgyoe.com

mgyoe.com SAMPLE BOOK


(Einmal ist Keinmal) ဟု တောမတ် သူ့ကိုယ်သူ ပြောလိုက်သည်။ ဂျာမန်ဆိုရိုးစကားတစ်ခု ရှိသည်။ ဘာပဲဖြစ်ဖြစ် တစ်ကြိမ်ပဲ ဖြစ်တယ် ဆိုတာ ဘာမှမဖြစ်ခဲ့သလိုပဲတဲ့။ တကယ်လို့ ကျွန်တော်တို့ဟာ နေစရာ ဘဝတစ်ခုပဲ ရှိတယ် ဆိုရင် ကျွန်တော်တို့ဟာ မနေထိုင်ခဲ့တာနဲ့ အတူတူပဲပေါ့။

(၄)

တစ်နေ့ သူ ဆေးရုံမှာ ခွဲစိတ်မှုတစ်ခုအပြီး ခဏနားနေစဉ် သူနာပြုဆရာမလေးက ဖုန်းလာတယ်ဟု ဆိုသည်။ ဖုန်းခွက်ကို ကောက်ကိုင်လိုက်တော့ ထရီဇာရဲ့ အသံ၊ မီးရထား ဘူတာရုံကနေ သူ့ဆီဆက်နေခဲ့ခြင်း ဖြစ်သည်။ သူ အရမ်းပျော်သွားသည်။ ကံဆိုးချင်တော့ အဲဒီညနေ ကိစ္စတစ်ခုရှိနေတဲ့အတွက် သူမကို နောက်တစ်နေ့မှပဲလာဖို့ ပြောလိုက်မိသည်။ ဖုန်းချပြီးပြီးချင်းပဲ သူမကို သူ့အခန်း ဘာကြောင့်များ တန်းမသွားခိုင်းမိတာလဲ ဆိုပြီး သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူ့ညနေအစီအစဉ်ကို ဖျက်ပစ်ဖို့ အချိန်ရသေးတာပဲ မဟုတ်လား။ ထရီဇာခမျာ သူနဲ့ မတွေ့ခင် သုံးဆယ့်ခြောက်နာရီလောက် ပရပ်မှာ ဘယ်လို များနေမလဲ သူ တွေးမိပြီး စိတ်တစ်ခြမ်းက ကားထဲခုန်ဝင် တစ်လမ်းဝင် တစ်လမ်း ထွက် သူမကို လိုက်ရှာလို့။

နောက်တစ်နေ့ ညနေမှပဲ သူမ ပေါက်ချလာခဲ့သည်။ သူမကို ကြည့်ရတာ ကြော့မော့လို့ အရင်ထက်တောင် ပိုပြီး တပ်မက်ဖွယ် ကောင်းနေခဲ့သည်။ လက်ကိုင် အိတ်တစ်လုံးကို ပခုံးမှာ လျော့တိလျော့ရဲ ချိတ်၊ ချိုင်းကြားမှာ စာအုပ်ထူထူတစ်အုပ် ကို ညှပ်လို့ထားသည်။ စာအုပ်က အင်နာကရင်နီနာ၊ သူမဟာ အခုပဲ ရောက်လာသလို မျိုး လန်းဆန်းတက်ကြွလို့ နည်းနည်းတောင် မြူးထူးလွန်းနေခဲ့သည်။ သူမက ပရပ်ကို အလုပ်လာရှာတာဟု ဆိုသည်။ သို့သော်လည်း ဝါးတားတားပင်။

ခဏနေတော့ နှစ်ယောက်လုံး ခုတင်ပေါ်မှာ အဝတ်အစားမဲ့ လဲ့နေကြ သည်။ သူက သူမ ဘယ်မှာ တည်းနေလဲဟု မေးပြီး မိုးချုပ်နေပြီ၊ သူ့ကားနဲ့ လိုက်ပို့ပေးမယ် ပြောတော့ သူမလည်း ရှက်ကိုးရှက်ကန်းနဲ့ တည်းဖို့ ဟိုတယ်ရှာ နေဆဲ ဖြစ်ကြောင်းနဲ့ ဘူတာမှာ ခရီးဆောင်လက်ဆွဲသေတ္တာ ကျန်ခဲ့ကြောင်း ပြောပြ သည်။

ပြီးခဲ့တဲ့ နှစ်ရက်လောက်ကပဲ သူ့စိတ်ထဲမှာ စိုးရိမ်နေခဲ့မိသည်။ သူ ပရပ်ကို လာဖို့ခေါ်လိုက်ရင် သူမဘဝတစ်ခုလုံး သူ့ကို ပုံအပ်လေမလားဆိုပြီး အခုလို ဘူတာ မှာ သူမရဲ့ ခရီးဆောင်အိတ် ကျန်ခဲ့ကြောင်း ပြောတော့ သူ ချက်ချင်းပဲ သဘောာ

mgyoe.com

ပေါက်လိုက်သည်။ ခရီးဆောင်အိတ်ထဲမှာ သူမရဲ့ ဘဝတစ်ခုလုံးကို ထုပ်ပိုးထားသည်။ သူ့ကို မပေးအပ်နိုင်သေးခင် ဘူတာမှာပဲ သိမ်းထားသည့်သဘော၊ အိမ်ရှေ့မှာ ထိုးထားသည့် ကားထဲဝင်ပြီး နှစ်ယောက်သား ဘူတာကို မောင်းလာခဲ့ကြသည်။

အိတ်ကြီးက ကြီးမားလေးလံလွန်းလှသည်။ အိတ်ကို ရွေးပြီး အိမ်ကိုပဲ ပြန်ခဲ့ကြသည်။ သူ့မှာ နှစ်ပတ်လုံးလုံး ဝေခွဲမရ ချီတုံချတုံနဲ့ သတိတရ ပို့စကတ်လေး ဘာလေးတောင် မပို့ဖြစ်ခဲ့ဘဲ အခုလို ရုတ်တရက်ကြီး စိတ်ဆုံးဖြတ်နိုင်ခဲ့တာ ဘယ်လို ဖြစ်သွားမှန်းမသိ။ သူ့ကိုယ်သူလည်း အံ့သြနေမိသည်။ သူ့စည်းမျဉ်းကို သူ ပြန်ချိုးဖျက်လိုက်မိခြင်းပင်။ လွန်ခဲ့သည့် ဆယ်နှစ်လောက်က သူ့မိန်းမနဲ့ ကွာရှင်းအပြီး သူများတွေ မင်္ဂလာဆောင် အခမ်းအနား လုပ်သလိုမျိုး သူလည်း သောက်ပွဲစားပွဲလေးတစ်ခုတောင် လုပ်လိုက်သေးသည်။ အဲဒီကတည်းက သူ့ကိုယ်သူ နားလည်ထားခဲ့သည်။ သူဟာ မိန်းမတစ်ယောက်နဲ့ အတူနေလို့ရမယ့်သူမျိုး မဟုတ်၊ လူလွတ်တစ်ယောက်အနေနဲ့ပဲ ကိုယ့်ဘဝကို ပြည့်ပြည့်ဝဝ နေနိုင်လိမ့်မည်။ သူ့ဘဝမှာ ဘယ်မိန်းမမှ အထုပ်ဆွဲပြီး လာမနေရအောင်ကို စီမံထားပြီးသား။ ဒါကြောင့် သူ့တိုက်ခန်းလေးမှာ ခုတင်တစ်လုံးပဲ ထားသည်။ ခုတင်က နည်းနည်းတော့ ကျယ်ပါသည်။ ဒါပေမဲ့ သူက သူ့ရဲ့ မြာလေးတွေကို အပြတ်ပြောထားသည်။ သူ တစ်ယောက်တည်းပဲ အိပ်တတ်သည်။ ဘေးမှာ လူရှိနေရင် မအိပ်တတ်။ အဲဒီတော့ သန်းခေါင်မကျော်ခင် ကွဲပေတော့ ဆိုပြီး အိမ်ပြန်ပို့ပေးတတ်သည်။ ဒီ့အတွက်ကြောင့် ပထမတစ်ခေါက် ထရီဇာ လာတုန်းက အတူမအိပ်ဖြစ်ခဲ့သည်မှာ သူမတုပ်ကွေးကွေးနေခဲ့၍ မဟုတ်။ ပထမညကတော့ သူ့မှာ လက်တန်းပါ ကုလားထိုင်ကြီးပေါ်မှာပဲ အိပ်ဖြစ်ခဲ့သည်။ နောက်ညတွေမှာတော့ ဆေးရုံပဲ သွားသွားပြီး ရုံးခန်းထဲက ခုတင်လေးမှာ အိပ်ဖြစ်ခဲ့သည်။

ဒါပေမဲ့ ဒီတစ်ခါတော့ သူမဘေးမှာ သူ အိပ်ပျော်သွားသည်။ မနက်မိုးလင်းတော့ ထရီဇာက သူ့လက်ကို ဆုပ်ကိုင်လို့ အိပ်ပျော်နေဆဲ။ တစ်ညလုံးများသူတို့ လက်ချင်း ချိတ်ထားခဲ့သလား။ မယုံနိုင်စရာပင်။ သူမမှာ တခေါခေါနဲ့အိပ်မောကျလို့။ လက်ကလည်း သူ့ကို ပြန်ဖြေလို့ မရလောက်အောင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရှာသည်။ ခုတင်ဘေးမှာတော့ သူမရဲ့ မတန်တဆ လေးလံလှသည့် အိတ်ကြီးက ထိုးထိုးထောင်ထောင်။

သူလည်း သူမ နိုးမှာစိုးသည်နှင့် လက်ကိုဖြေဖို့ စိတ်ကူးကို ပြောင်းပြီး သူမကို ပိုပြီး ကြည့်လို့ရအောင် ကိုယ်နေဟန်ထား ပြောင်းလိုက်သည်။ ဟုတ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူမဟာ ရေမစိမ့်အောင် စိမ်ထားတဲ့ ခြင်းတစ်လုံးနဲ့ မျောလာတဲ့ ကလေးမလေးပဲ။ သူမကို မုန်တိုင်းထန်တဲ့မြစ်ထဲ မျောပါမသွားစေချင်။ အကယ်၍ ဖာရိုးဘုရင်ရဲ့ သမီးတော်တွေသာ မိုးဇတ် ပါလာတဲ့ ခြင်းတောင်းလေးကို မြန်မြန် မဆယ်မိလိုက်ရင် ဓမ္မဟောင်းကျမ်းဆိုတာ ပေါ်လာခဲ့မှာ မဟုတ်။ ကျွန်တော်တို့ အခု သိထားတဲ့ လူ့ယဉ်ကျေးမှုကြီးလည်း ပေါ်ထွန်းလာမှာ မဟုတ်။ စွန့်ပစ်ခံ ကလေးငယ်ကို ကယ်တင်ခဲ့တဲ့ ရှေးဟောင်းဒဏ္ဍာရီတွေ ဘယ်လောက်တောင် များခဲ့ပြီလဲ။ တကယ် လို့များ ပိုလီဘတ် (Polybus) သာ အီဒိပတ် (Oedipus) ကလေးကို မကယ်တင် ခဲ့ဘူးဆို ဆိုဖိုကလီ (Sophocles) လည်း သူ့ရဲ့ အလှပဆုံး အလွမ်းဇာတ်ကြီးကို ရေးနိုင်ခဲ့မှာ မဟုတ်။

တောမတ်ဟာ အဲဒီအချိန်မှာ ဥပစာတင်စားမှုတွေရဲ့ အန္တရာယ်ကို သဘော မပေါက်သေး။ တကယ်တော့ ဥပစာတွေကို အရေးမထားလို့မရ၊ ဥပစာတစ်ခုကနေ အချစ်ဆိုတာ ပေါက်ဖွားလာနိုင်သည် မဟုတ်လား။

## (၅)

မိန်းမနဲ့ သူ နှစ်နှစ်လောက်ပဲ ပေါင်းပြီး ကလေးတစ်ယောက် ရခဲ့သည်။ ကွာရှင်း ကြတော့ တရားသူကြီးက ကလေးကို အမေကိုပေးပြီး သူ့ကို လစာရဲ့ သုံးပုံတစ်ပုံ ထောက်ပံ့ဖို့ အမိန့်ချသည်။ သူ့ကို သူ့သားလေးဆီ တစ်ပတ်တစ်ကြိမ် သွားလည်ခွင့် တော့ ပေးသည်။

ဒါပေမဲ့လည်း သူ့သားကို တွေ့ခွင့်တောင်းတိုင်း အမေလုပ်သူက အကြောင်း တစ်ခုခုပြပြီး ကလေးကို ရှောင်ခိုင်းထားသည်။ ဒါနဲ့ပဲ ပိုပြီး ဝင်ထွက်ရလွယ် အောင် သူ့မှာ သွားလည်တိုင်း တန်ဖိုးကြီးလက်ဆောင်တစ်ခု ယူယူသွားရသည်။ ဖြစ်ပုံက သားရဲ့အချစ်ကို ရဖို့ အမေကို ပိုးပန်းနေရသလိုပင်။ ကောင်လေးကို သူ သွန်သင်နေတာတွေဟာ သူ့အမေ သင်ထားတာတွေနဲ့ အမြဲဆန့်ကျင်ဘက် ဖြစ်နေတော့ သူ့မှာ အချည်းနှီး အဓိပ္ပာယ်မဲ့ လုပ်နေရသလိုမျိုး မြင်လာမိသည်။ ဒီလို တွေးမိတိုင်း သူ့မှာ ခြေကုန်လက်ပန်း ကျမိတတ်သည်။ တနင်္ဂနွေတစ်ရက်၊ သူ့အမေက ခါတိုင်းလိုပင် သူလာလည်ဖို့ အစီအစဉ်ကို ဖျက်လိုက်ပြန်သည်။ အဲဒီ အခိုက်အတန့်မှာပဲ သူ့စိတ်ထဲမှာ သူ့သားကို ဘယ်တော့မှ ပြန်မတွေ့တော့ဘူးလို့ကို ဆုံးဖြတ်လိုက်တော့သည်။

သူဟာ ဘာကြောင့် ဒီကလေးအတွက် ထူးထူးခြားခြား ခံစားနေမှာလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

အနာဂတ်အတွက် ပြင်ဆင်မထားမိတဲ့ ညတစ်ညကလွဲလို့ သူနဲ့ တခြား ပတ်သက်ခဲ့တာ မရှိ။ ဒါပေမဲ့ သူကတော့ မပျက်မကွက် ထောက်ပံ့သွားမည်ပင်။ သူ့သား အပေါ်မှာထားတဲ့ သူ့ရဲ့ဖခင်ဝတ္တရားအတွက် သူများပြောတာ သူ မခံနိုင်။

ဒီတော့လည်း သူ့ကို စာနာနိုင်မယ့်သူ မရှိတာ မဆန်း။ သူ့မိဘတွေ ကိုယ်၌က သူ့ကို ဘက်ပေါင်းစုံက အပြစ်တင်ကြသည်။ တောမတ်က သူ့သားကို ဂရုမစိုက်တဲ့အတွက် သူ့မိဘတွေကလည်း သူ့ကို ပစ်ထားလိုက်ကြသည်။ သူ့ကိုလည်း ဒဏ်ခတ်ရအောင်၊ တရားသဖြင့်လည်း ဖြစ်အောင် သူတို့ရဲ့ ချွေးမနဲ့ အသွားအလာမပျက် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြသည်။

ဒီတော့ လက်တွေ့မှာ သူ့အတွက် မိန်းမနဲ့ သားရယ်၊ အဖေ အမေတို့ရယ် အတွက် အချိန်ပေးဖို့ မလိုတော့။ ဒီအဖြစ်ကနေ သူ အမွေရလိုက်တာ တစ်ခုကတော့ မိန်းမတွေကို သူ လန့်သွားခဲ့တာပဲ ဖြစ်သည်။ မိန်းမတွေအပေါ်မှာ တစ်ဖက်ကလည်း တပ်မက်သလောက် တစ်ဖက်ကလည်း စိုးထိတ်နေခဲ့သည်။ ဆန္ဒနဲ့ အကြောက်တရား နှစ်ခုကြား ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာအနေနဲ့ ရမ္မက်အခြေခံဆက်ဆံရေးတစ်မျိုးကို သူက ဖန်တီးထားသည်။ သူက သူနဲ့တွဲသည့် မိန်းမတွေကို ပြောထားလေ့ ရှိသည်။ နှစ်ဦးနှစ်ဖက် ပျော်ရွှင်နေဖို့အတွက် ခံစားမှုတွေကို မေ့ထား၊ သံယောဇဉ် အတွယ်အတာတွေ မထားနဲ့။ တစ်ယောက် ဘဝကို တစ်ယောက်၊ တစ်ယောက် လွတ်လပ်မှုကို တစ်ယောက် မတောင်းဆိုကြကြေး။

ရမ္မက်အခြေခံ ဆက်ဆံရေးကနေ ပြင်းပြတဲ့ အချစ်ကို မကူးပြောင်းရအောင် သူက ရေရှည်တွဲသည့် ရည်းစားတွေဆို ခြားခြားပြီးမှ တွေ့သည်။ သူက ဒီနည်းမှာ အပြစ်အနာအဆာအကင်းဆုံးနည်းဟု ယူဆသည်။ သူ့အပေါင်းအသင်းတွေကြားမှာ တောင် သူ့နည်းက အတော် ရေပန်းစားလှသည်။ အရေးကြီးဆုံးက နံပါတ် ၃ စည်းမျဉ်းကို လိုက်နာဖို့ပင်။ မိန်းမတစ်ယောက်ကို သုံးကြိမ်ဆက်တိုက် တွေ့ပြီး အဆက်ဖြတ်ရင်ဖြတ်၊ မဟုတ်လို့ နှစ်ရှည်တွဲမည်ဆိုလည်း အနည်းဆုံး သုံးပတ်လောက်ခြားပြီးမှ ချိန်းပြီးတွေ့။

ဒီစည်းမျဉ်းက အချို့ မိန်းမတွေနဲ့ ရေရှည်ဆက်ဆံရေးကို ထိန်းသိမ်းထားသလို တစ်ဖက်မှာလည်း ဇာတ်လမ်းတိုလေးတွေ တွဲခုတ်လို့ရသေးသည်။ သို့သော် အမြဲတမ်းတော့လည်း သူ့ကို နားလည်မှု မပေးနိုင်ကြပါ။ သူ့ကို နားအလည်နိုင်ဆုံးက ဆာဘီနာပင်။ သူမက ပန်းချီဆရာမ။ သူမက သူ့ကို ပြောလေ့ရှိသည်။ ရှင့်ကို ကျွန်မ ကြိုက်တာက ရှင်ဟာ အပေါစားအနုပညာနဲ့ ဆန့်ကျင်ဘက် ဖြစ်နေလို့ပဲ။ အပေါစားလောကမှာ ရှင်ကတော့ ဘီလူးသဘက် ဖြစ်နေမှာပဲ။

mgyoe.com

mgyoe.com

ပရပ်တွင် ထရီဇာအတွက် အလုပ်ရှာတော့ သူ ဆာဘီနာကို အကူအညီတောင်းခဲ့သည်။ သူတို့နှစ်ယောက်ကြားက ရမ္မက်အခြေခံ ဆက်ဆံရေးမှာ ဘာစည်းမျဉ်းမှ မရှိပေမယ့် နားလည်မှုနဲ့ပဲ သူမ အစွမ်းကုန် ကူညီပါ့မယ်ဟု ကတိပေးသည်။ သိပ်မကြာ။ အပတ်စဉ် ရုပ်ပြစာစောင်တစ်ခုရဲ့ ဓာတ်ပုံကူးခန်းမှာ ထရီဇာအတွက် အလုပ်ဖန်တီးပေးလိုက်သည်။ ကျွမ်းကျင်မှု သိပ်မလိုလှသည့်အလုပ်ဖြစ်သော်လည်း ထရီဇာ့အတွက် စားပွဲထိုးမလေးဘဝကနေ ပုံနှိပ်တိုက်အဖွဲ့ဝင်တော့ဖြစ်သွားသည်။ ဆာဘီနာက ထရီဇာကို ဂျာနယ်တိုက်က လူတွေအားလုံးနဲ့ လိုက်မိတ်ဆက်ပေးနေတာကို ကြည့်ပြီး တောမတ်စိတ်ထဲမှာ ဆာဘီနာထက် ပိုကောင်းသည့် မိတ်ဆွေ ရည်းစားမျိုး ရှိတော့မှာ မဟုတ်ဘူးဟု သိလိုက်သည်။

(၆)

တောမတ်နဲ့ အပျော်တွဲမိန်းမတွေနဲ့ ကြားမှာ နားလည်မှုတစ်ခုတော့ ထားရသည်။ သူ့အနေနဲ့ ဘယ်သူ့ကိုမှ ချစ်လို့တော့ မရ။ ဒီစည်းမျဉ်းကို ချိုးဖောက်လိုက်တာနဲ့ ချက်ချင်းပဲ တခြားမိန်းမတွေက သိမ်ငယ်စိတ်နဲ့ သူ့ကို ပြဿနာရှာကြတော့မည်။ ဒီစည်းမျဉ်းအရ ထရီဇာနဲ့ သူ့ရဲ့ လေးလံလှတဲ့ ခရီးဆောင်အိတ်ကြီးအတွက် အခန်းတစ်ခန်းတော့ ငှားပေးရသည်။ သူမကို သူ စောင့်ကြည့်ပေးချင်သည်။ ကာကွယ်ပေးချင်သည်။ သူမ ရှိနေတဲ့အတွက် ပျော်ရွှင်မှုရချင်သည်။

သို့သော်လည်း ဒီ့အတွက်တော့ သူ့ရဲ့ နေပုံထိုင်ပုံကို ပြောင်းစရာ မလိုဘူးလို့ ခံစားမိသည်။ သူမကိုလည်း သူ့ဆီမှာ အိပ်နေတဲ့အချိန် ထွက်သွားဖို့ မပြောရက်၊ ညတာကို အတူကုန်ဆုံးစေခြင်းမှာ ချစ်ခြင်း၏ သက်သေအထောက်အထားပင်။

သူက ဘယ်သူနဲ့မှ ညအိပ်လေ့ မရှိ။ သူက သူတို့ဆီ သွားတဲ့အခါတော့ ကိစ္စမရှိ။ သူ ပြန်ချင်သည့်အချိန် ပြန်ရုံပင်။ သူ့နေရာမှာ ဆိုရင်တော့ သူ့မှာ သန်းခေါင်ကျော်သည်နှင့် သူတို့ကို ချော့ချော့မော့မော့ အိမ်ပြန်ပို့ရသည်။ သူ့မှာ ညအိပ်မပျော်တဲ့ ရောဂါရှိတဲ့အကြောင်း၊ တစ်စုံတစ်ယောက် ဘေးမှာ ကပ်အိပ်နေရင် ဘယ်လိုမှ အိပ်လို့ မရတဲ့အကြောင်း ရှင်းပြရသည်။ သူ့အကြောင်းပြချက်က အမှန်နဲ့ နီးစပ်သော်လည်း တကယ့် အကြောင်းရင်းကိုတော့ သူတို့ကို သူ မပြောရဲ။

အဖြစ်က သူ့မှာ တစ်ယောက်ယောက်နဲ့ ဆက်ဆံပြီးတာနဲ့ တစ်ယောက်တည်း နေချင်စိတ် အရမ်းပြင်းပြလာတတ်သည်။ ညသန်းခေါင် နိုးလာတဲ့အချိန် ဘေးမှာ တခြားခန္ဓာကိုယ်တစ်ခု ရောက်နေတာ မနှစ်မြို့ဖွယ်ရာ ကောင်းလှသလို မနက်ဘက်မှာ အပြင်လူရှိလို့ ထရတာမျိုးကိုလည်း မလိုလား။ မနက်ဘက် သူရေချိုး

mgyoe.com

ခန်းမှာ သွားတိုက်နေတာကို တစ်ယောက်ယောက် မကြားစေချင်သလို မနက်စာ အတူစားဖို့ အတွေးနဲ့ သွေးဆောင်ဖြားယောင်းတာကို မခံချင်။

ဒီ့အတွက်ကြောင့် သူ နိုးလာတဲ့အချိန် ထရီဇာ သူ့လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားတာ တွေ့ရတော့ အရမ်းအံ့အားသင့်မိသည်။ အဲဒီမှာ လှဲနေရင်း သူမကို ကြည့်ကာ အဖြစ်အပျက်တွေကို သူ နားမလည်နိုင်လောက်အောင် ဖြစ်မိခဲ့သည်။ ဒါပေမဲ့လည်း သူ့စိတ်ထဲမှာ ပြီးခဲ့တဲ့ နာရီပိုင်းကို ပြန်တွေးရင်း သူတို့ နှစ်ယောက်ကြားမှာ ဘာမှန်းမသိတဲ့ ပျော်ရွှင်မှုတစ်ခု ပေါက်ဖွားလာခဲ့တာကို စတင် သတိပြုမိခဲ့သည်။ အဲဒီအချိန်ကစပြီး သူတို့နှစ်ယောက် အတူအိပ်ဖို့ကိုပဲ မျှော်နေကြတော့သည်။ သူတို့ နှစ်ယောက်အဖို့ ချစ်ပွဲဝင်ရတာထက် ပြီးတဲ့နောက် အတူအိပ်စက်ရတာကို ပိုပြီး သာယာနေခဲ့ကြသည်။ သူမအတွက်တော့ ပိုပြီး သိသာသည်။ သူမအတွက် ငှားထားတဲ့ အခန်း (မကြာပါဘူး တောမတ်အတွက် အလီဘိုင်ပြဖို့နေရာ ဖြစ်သွားခဲ့သည်)မှာ တစ်ယောက်တည်း အိပ်ရတိုင်း အိပ်လို့မပျော်၊ သူ့ရင်ခွင်ထဲမှာ ဆိုရင်တော့ ဘယ်လိုပဲ ဖြစ်ဖြစ် အိပ်ပျော်သွားတာ ချည်းပင်။ သူက သူမနဲ့ ပတ်သက်တဲ့ ကျယန်းပုံပြင်တွေ တိုးတိုးလေး ပြောချင်ပြော၊ အဓိပ္ပာယ်မရှိတဲ့ စကားလုံးတွေကို ထပ်ကာထပ်ကာ တစ်သံတည်း ပြောချင်ပြော၊ ချော့မော့တဲ့ စကားလုံးတွေ၊ ရယ်စရာ စကားလုံးတွေ ပြောချင်ပြော၊ ဒီလိုနဲ့ သူမကို အိပ်မက်ထဲအထိရောက်အောင် ညင်သာစွာ လှုပ်သိပ်ပေးတတ်သည်။ သူမရဲ့ အိပ်ခြင်းအပေါ် သူက လုံးဝ ထိန်းချုပ်နိုင်သည်။ သူ အိပ်စေချင်တဲ့အချိန်မှာ သူမ ငိုက်မျဉ်းလာတတ်သည်။

သူတို့အိပ်တဲ့အခါမှာလည်း ပထမဦးဆုံးညကလိုပင် သူ့ရဲ့ လက်ကောက်ဝတ်တို့၊ လက်ချောင်းတို့၊ ဒါမှမဟုတ် ခြေချင်းဝတ်တို့ကို အမြဲ တင်းတင်းဆုပ်ကိုင်ထားတတ်သည်။ သူမကို မနိုးစေဘဲ သူ လှုပ်ချင်ပြုချင်ရင်တော့ သူ ပညာသုံးရသည်။ သူ ဆုပ်ကိုင်ထားတဲ့ လက်ချောင်းဖြစ်စေ၊ လက်ကောက်ဝတ်တို့၊ ခြေချင်းဝတ်တို့ ဖြစ်စေ ဖြေပြီးတာနဲ့ သူမက နည်းနည်းတော့ လှုပ်နိုးလာတတ်သည်။ ဒီ့အတွက် အိပ်ရင်းနဲ့တောင် သူ့ကို စောင့်ကြပ်နေသည့် သူမလက်ထဲကို ညအိပ်ဝတ်စုံပဲ ဖြစ်ဖြစ်၊ ကွင်းထိုးဖိနပ်ပဲဖြစ်ဖြစ်၊ စာအုပ်တစ်အုပ်ဖြစ်ဖြစ် ထည့်ပေးလိုက်မှ သူ့ရဲ့ ခန္ဓာကိုယ် အမှတ်နဲ့ ဆက်ပြီး ခပ်တင်းတင်း ဆုပ်ကိုင်ထားတတ်သည်။

တစ်ခါက သူမကို သိပ်ပြီးခါစ၊ သို့သော်လည်း သူမက အိပ်မက်ထဲကို မဝင်ရောက်သေးသည့်အတွက် သူ့ကို ပြန်ပြောနိုင်သေးသည်။ သူက သူမကို ဂွတ်ဘိုင် ကိုယ်သွားတော့မယ် ဆိုတော့ ဘယ်သွားမှာလဲလို့ သူမက အိပ်နေရင်းနဲ့ မေးသည်။

mgyoe.com

mgyee.com SAMPLE BOOK

အဝေးကိုပေါ့လို့ သူက ခပ်တင်းတင်း ဖြေလိုက်သည်။ ဒါဖြစ်ရင် ကျွန်မလည်း လိုက်မယ် ဆိုပြီး ခုတင်ပေါ် ထထိုင်သည်။ မင်း လိုက်လို့မရဘူး၊ ငါ အကောင်းသွားမှာဆိုပြီး ခန်းမထဲကို သွားတော့ သူမလည်း မတ်တတ်ထ၊ သူ့ကို မျက်စိစွေကြည့်ပြီး နောက်က လိုက်လာသည်။ သူမမှာ ညအိပ်အဝတ်အစားကလွဲလို့ ဘာမှ မဝတ်ထား၊ သူမမျက်နှာက ခံစားချက်မဲ့၊ ဖြောင်သက်သက်။ ဒါပေမဲ့ လမ်းလျှောက်တာကတော့ အင်နဲ့အားနဲ့၊ သူတို့အထပ်ရဲ့ ခန်းမကနေ အဆောက်အအုံ တစ်ခုလုံးရဲ့ (နေထိုင်သူအားလုံး ဘုံသုံးတဲ့) ခန်းမရှိရာ လျှောက်လာခဲ့သည်။ သူမရှေ့တင် တံခါးကို ပိတ်လို့။ သူမက တံခါးကို ဆောင့်ဖွင့်လိုက်ပြီး သူ့နောက်က လိုက်လာခဲ့သည်။ သူမက အိပ်နေရင်းနဲ့ အနားကထွက်သွားတဲ့ သူ့ကို တားရမယ်လို့ ခံယူထားခဲ့သည်။ သူလှေကားကနေ ပထမအထပ်ကို ဆင်းပြီး သူမကို စောင့်နေခဲ့သည်။ သူမလည်း သူ့နောက်က လိုက်ဆင်းသည်။ ပြီးနောက် သူ့လက်ကိုဆွဲပြီး အိပ်ရာဆီ ပြန်ခေါ်သွားခဲ့သည်။

နောက်ဆုံးတော့ တောမတ် ဒီလို ကောက်ချက်ချမိသည်။ မိန်းမတစ်ယောက်နဲ့ ချစ်ပွဲဝင်ရတာနဲ့ အတူအိပ်ရတာဟာ မတူညီတဲ့ဆန္ဒနှစ်ခုပင်။ ဒီနှစ်ခုက ကွဲပြားရုံတင်မက ဆန့်တောင် ဆန့်ကျင်နေသေးသည်။ သွေးသားဆန္ဒကတော့ မိန်းမတစ်ယောက်မကနဲ့ ဖြစ်နိုင်သည်။ သို့သော် အတူအိပ်စက်ချင်တဲ့ ဆန္ဒကတော့ မိန်းမတစ်ယောက်တည်း အပေါ်မှာပဲ ဖြစ်နိုင်သည်။ အဲဒီကနေပဲ အချစ်ဆိုတာ မွေးဖွားလာခဲ့သည်။

(၇)

ညလယ်လောက်ရောက်ပြီ ဆိုရင်တော့ သူမ ကယောင်ကတမ်း ညည်းပြီ။ တောမတ်က သူမကိုနှိုးလို့ နိုးလာပြီး သူ့မျက်နှာကိုတွေ့ရင်လည်း မုန်းတီးတဲ့အသံနဲ့ ကျွန်မအနားမလာနဲ့၊ ကျွန်မအနားကထွက်သွား ဆိုပြီး အော်ဟစ်လို့။ ပြီးတော့မှ သူမ အိပ်မက်ကို ပြောပြတတ်သည်။ အိပ်မက်ထဲမှာ သူတို့နှစ်ယောက်ရယ်၊ ဆာဘီနာရယ် အခန်းကြီးတစ်ခုထဲမှာ။ အခန်းအလယ်မှာတော့ ခုတင်တစ်လုံး၊ ပြဇာတ်ရုံကြီးထဲက ဇာတ်စင်လိုမျိုး၊ တောမတ်က ဆာဘီနာနဲ့ အချစ်စခန်းဖွင့်မှာမို့ သူမကို အခန်းထောင့်မှာ သွားနေခိုင်းသည်။ ဒီမြင်ကွင်းက သူမအတွက် မခံရပ်နိုင်လောက်တဲ့ ဝေဒနာကို ဖြစ်စေခဲ့သည်။ သူမ နှလုံးသားက နာကျင်မှုကို လျှော့ပါး သက်သာလာလေမလား အသားအနာခံပြီး အာရုံပြောင်းဖို့ လုပ်သည်။ လက်သည်းအောက်ကို အပ်နဲ့ထိုးစိုက်လို့၊ နာလိုက်တာ မပြောပါနဲ့တော့လို့ သူမက လက်ကို အမှန်တကယ်

ဒဏ်ရာရသလိုမျိုး လက်သီးဆုပ်ပြီး ပြောနေခဲ့သည်။ သူလည်း သူမကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ သူ့ရင်ခွင်ထဲမှာ အတန်ကြာ လှုပ်ခါနေပြီးမှ တဖြည်းဖြည်း အိပ်ပျော်သွားခဲ့သည်။

နောက်တစ်နေ့ အိပ်မက်အကြောင်းကို စဉ်းစားရင်း သူတစ်ခု သတိရသွားသည်။ သူလည်း စားပွဲအံဆွဲကို ဖွင့်ပြီး ဆာဘီနာ သူ့ဆီ ရေးထားသည့် စာအိတ်ကို ထုတ်လိုက်သည်။ သူ သိပ်ရှာစရာပင် မလို၊ အောက်မှာ ရေးထားသည့် စာပိုဒ်ကို တွေ့လိုက်သည်။

*ကျွန်မရဲ့ စတူဒီယိုမှာပဲ ချစ်စခန်းဖွင့်ရအောင်လေ။ လူတွေ ဝိုင်းကြည့်နေတဲ့ စင်မြင့်တစ်ခုလိုပေါ့။ ပရိသတ်တွေကို အနီးကပ်တော့ ကြည့်ခွင့်မပေးဘူး။ ဒါပေမဲ့လည်း သူတို့မျက်လုံးတွေက ကျွန်မတို့ဆီက ခွာနိုင်ကြမှာ မဟုတ်ဘူးလေ။*

အဆိုးဆုံးက စာမှာ ရက်စွဲပါနေခဲ့သည်။ အခုတစ်လော ရေးထားသည့်စာ၊ ထရီဇာ တောမတ်ဆီ ရောက်လာပြီး အတော်ကြာမှ ရေးတဲ့စာ။

''ဒီတော့ မင်း ကိုယ့်စာတွေ မွှေကြည့်ပြီးပြီပေါ့''

သူမက မငြင်း။

''ကျွန်မကိုသာ မောင်းထုတ်လိုက်ပါ''တဲ့။

သို့သော် သူ မောင်းမထုတ်ခဲ့။ ဆာဘီနာရဲ့ စတူဒီယို နံရံမှာမှီပြီး လက်သည်းကြားထဲ အပ်စိုက်နေတဲ့ သူမရဲ့ပုံကို မြင်ယောင်နေမိသည်။ သူမရဲ့ လက်ချောင်းလေးတွေကို လက်နဲ့ယူပြီး တယုတယ ကိုင်တွယ်ပွတ်သပ်ပေးနေခဲ့သည်။ အဲဒီလက်ချောင်းလေးတွေကနေ သွေးတစက်စက် ယိုဖိတ်ကျနေတဲ့အလား သူ့နှုတ်ခမ်းရှိရာ မပြီး အနမ်းပေးနေမိသည်။

အဲဒီအချိန်ကစလို့ အရာရာတိုင်းဟာ သူ့အတွက် ပျက်စီးဖို့ အကြောင်းဖန်နေခဲ့သည်။ သူ့ရဲ့ လျှို့ဝှက်ထားတဲ့ဘဝကို တစ်ရက် မပျက် သူမ အမြဲ လေ့လာနေခဲ့တော့သည်။ ပထမတော့ သူ လုံးဝ ငြင်းသေးသည်။ သို့ပေမဲ့ အထောက်အထားတွေက အတော့်ကို ခိုင်လုံလာသည့်အခါ သူ့ရဲ့ မြာပွေတဲ့အကျင့်ဟာ သူမအပေါ် ထားတဲ့ သူ့အချစ်ကို ဘယ်လိုမှ မထိခိုက်နိုင်တဲ့အကြောင်း သူ ချေပသည်။ သူ့မှာ အခုတစ်မျိုးပြော တော်ကြာတစ်မျိုး ပြောနဲ့။ သူ့ရဲ့ အိမ်ထောင်ရေး ဖောက်ပြန်မှုကို သူ ပထမ အကျောက်အကန် ငြင်းဆိုသည်။ ပြီးတော့လည်း ဒီ့အတွက် ဆင်ခြေကန်ဖို့ ကြိုးစားနေပြန်သည်။

တစ်ကြိမ်မှာ မိန်းမတစ်ယောက်နဲ့ ဖုန်းထဲမှာ ချိန်းပြီး ဥတ်ဘိုင်လို့ နှုတ်ဆက်လိုက်တဲ့အချိန် တစ်ဖက်ခန်းက သွားချင်းရိုက်တဲ့အသံ ထူးထူးဆန်းဆန်း ထွက်လာ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ တိုက်တိုက်ဆိုင်ဆိုင် သူမက သူမသိဘဲ အိမ်ပြန်ရောက်နေခဲ့သည်။ သူမလည်း ဆေးပုလင်းတစ်လုံးကို ယူပြီး လည်ချောင်းထဲ မှော့ချလိုက်သည်။ လက်တွေက တုန်နေတဲ့အတွက် ဖန်ပုလင်းနဲ့ သူမသွားတွေ ဆိုးဆိုးရွားရွား ရိုက်ခတ်နေခဲ့သည်။

သူလည်း သူမအပေါ် ခုန်အုပ်လိုက်သည်။ ရေနစ်နေလို့ ဆင်းကယ်သလိုမျိုး။ ပုလင်းက ကြမ်းပြင်ပေါ် ကျသွားသည်။ အိပ်ဆေးအစက်တွေက ကြမ်းပြင်မှာ ပြန့်ကျဲလို့။ သူမက ပြန်ရုန်းပြီး ရန်မူသည်။ သူက သူမကို ငြိမ်သက်သွားတဲ့အထိ ၁၅ မိနစ်လောက်ကြာအောင် တင်းတင်းကျပ်ကျပ် ချုပ်ထားရသည်။ သူ့မှာ ဘယ်လိုမှ လျှောက်လဲလို့ရမယ့် အခြေအနေမဟုတ်ဘူး ဆိုတာ သိလိုက်သည်။ ဒါဟာ လုံးဝ မမျှတတဲ့ကိစ္စ ဖြစ်နေခဲ့သည်ကိုး။

ဆာဘီနာနဲ့ စာပေးစာယူကိစ္စကို မသိသေးခင်က တစ်ညနေ သူတို့ ဘားကိုသွားပြီး ထရီဇာ အလုပ်သစ်ရတဲ့ အထိမ်းအမှတ် သူငယ်ချင်းတွေနဲ့ ပွဲလေးတစ်ခု လုပ်ကြသည်။ သူမက ဓာတ်ပုံကူးခန်းအလုပ်ကနေ ဓာတ်ပုံရိုက်ကူးသူအဖြစ် ရာထူးတက်သွားခဲ့သည်။ သူက ဘယ်တုန်းကမှ ကဖို့ စိတ်မပါခဲ့တော့ သူ့ထက်ငယ်သည့် လုပ်ဖော်ကိုင်ဖက် တစ်ယောက်ကပဲ သူမနဲ့ ကပေးသည်။ ကပွဲခန်းမမှာ သူတို့အတွဲက ကြည့်လို့အကောင်းဆုံးအတွဲ။ တောမတ် မျက်စိထဲမှာ သူမက အရင်ထက် လှနေသလိုပင်။ သူမအဖော်ရဲ့စိတ်ကို ကြိုသိနေသလိုမျိုး အလိုက်သင့် စက္ကန့်မလွဲ ညီညီညာညာ ကနေသည့် ထရီဇာ့ပုံကိုကြည့်ပြီး သူ အံ့အားသင့်မိသည်။ သူမအနေနဲ့ သူမအဖော်ရဲ့ စိတ်ကူးတည့်ရာကို လိုက်လံဖြည့်ဆည်း ပေးချင်သည့် ဆန္ဒနဲ့ အစွဲအလမ်းကို ဒီအကကနေ ထုတ်ပြန်လိုက်သလိုပင်။ ဒီနေရာမှာ ဘယ်သူ ဘယ်ဝါမဆို ဖြစ်နိုင်ပါသည်။ တကယ်လို့များ တောမတ်နဲ့ မတွေ့ခဲ့ရင်လည်း တခြား ယောကျ်ားတစ်ယောက်ယောက်ရဲ့ ဆန္ဒကို သူမ ဒီလိုပဲ ဖြည့်ဆည်းပေးမည့် သဘောပင်။

သူ့စိတ်ထဲမှာ ထရီဇာနဲ့ သူ့ထက်ငယ်တဲ့ လုပ်ဖော်ကိုင်ဖက်ကို ချစ်သူတွေလို့ မြင်ယောင်ကြည့်ဖို့ မခက်ခဲလှ။ ဒီလို စိတ်ကူးမျိုးကို အလွယ်တကူ ရောက်သွားသည့်အတွက်လည်း သူ့မှာ နာကျင်မိသည်။ ထရီဇာရဲ့ ကိုယ်ခန္ဓာဟာ တခြား ဘယ်ယောကျ်ားရဲ့ ခန္ဓာကိုယ်နဲ့မဆို လိုက်ဖက်ညီတယ်ဆိုတာ သူ သဘောပေါက်သွားမိပြီး ဒီအတွေးက သူ့ကို အတော် စိတ်မချမ်းမသာ ဖြစ်စေခဲ့သည်။ အိမ်ပြန်ရောက်ပြီး သိပ်ညဥ့်မနက်ခင်ပဲ သူ့ရဲ့ ဝန်တိုမှုအတွက် သူမကို ဝန်ခံမိသည်။ အနုမာနယူဆမှု တစ်ခုသာ ဖြစ်သေးသည့် ဒီအမိပ္ပာယ်မဲ့လှသည့် မနာလိုစိတ်ကနေ သက်သေပြနေသည့် အချက်က သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးမှာ သူဟာ သူမရဲ့ သစ္စာရှိမှုကို ခြွင်းချက်မရှိ မှန်ကန်နေသည့် အရာတစ်ခုအဖြစ် ယူဆထားခဲ့သည်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတာပါပဲ။ ဒါဖြင့်ရင် သူဟာ သူ့ရဲ့ အမှန်တကယ်ရှိနေခဲ့တဲ့ အပျော်တွဲမိန်းမတွေပေါ် သူမရဲ့ မနာလိုဝန်တိုမှုကိုလည်း ခွင့်ပြုရမှာပဲ မဟုတ်လား။

(၈)

နေ့ဘက်တွေမှာတော့ သူမမှာ (သိပ်မအောင်မြင်လှပေမယ့်) တောမတ် ပြောသမျှကို ယုံပြီး အရင်လို တတ်နိုင်သမျှ ပျော်အောင်နေဖို့ ကြိုးစားကြည့်သည်။ သို့ပေမဲ့ နေ့ဘက်မှာ ထိန်းထားသမျှ ညအိပ်မက်တွေထဲကျမှ ပြင်းပြင်းထန်ထန် ပွင့်အန်ပေါက်ကွဲလို့ ဆွဲဆွဲငင်ငင် ငိုကြွေးခြင်းနဲ့ပဲ အမြဲလိုလို အဆုံးသတ်လေ့ ရှိသည်။ သူမမှာ နိုးမှပဲ အငိုတိတ်တော့သည်။

သူမရဲ့ အိပ်မက်တွေက ဒီအကြောင်းအရာတွေပဲ အမျိုးမျိုး ထပ်တလဲလဲ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေလို ပြန်ပြန်ကျော့နေတတ်သည်။ ဥပမာ– သူမ အိပ်မက်တွေထဲမှာ ကြောင်တွေက သူမမျက်နှာပေါ် ခုန်တက်ပြီး အရေပြားကို လက်သည်းတွေနဲ့ ကုတ်ခြစ်တဲ့အကြောင်း ထပ်ကာထပ်ကာ ပါတတ်သည်။ အိပ်မက်ရဲ့ ဖွင့်ဆိုချက်ကို သိပ်ဝေးဝေးရှာစရာ မလိုပါ။ ချက်ဗန်းစကားမှာ လှပတဲ့ မိန်းကလေးတွေကို ကြောင်လို့ ပြောလေ့ရှိသည်။ ထရီဇာက သူမကို ခြိမ်းခြောက်နေတာ မိန်းမတွေပဲဟု မြင်သည်။ မိန်းမတွေ အားလုံးပဲ။ မိန်းမမှန်သမျှ တောမတ်ရဲ့ မြာတွေ ဖြစ်နိုင်တာချည်းပဲ မဟုတ်လား။ ဒီ့အတွက် သူမမှာ မိန်းမအားလုံးကို ကြောက်နေခဲ့သည်။ ထပ်ပြန်တလဲလဲ မက်သည့် နောက်အိပ်မက်တစ်ခုမှာတော့ သူမကိုယ်တိုင် အသတ်ခံရသည်။ တစ်ကြိမ်မှာတော့ ညကြီးသန်းခေါင် အိပ်မောကျနေချိန် ကြောက်လန့်တကြား စူးစူးဝါးဝါး ထအော်သည့် သူမကို သူ နှိုးလိုက်မှပဲ နိုးလာပြီး သူမ အိပ်မက်အကြောင်း ပြောပြသည်။

အလုံပိတ် ရေကူးကန်ကြီးတစ်ခုထဲမှာ ကျွန်မ အပါအဝင် လူအယောက်နှစ်ဆယ် မိန်းမတွေချည်းပဲ။ အားလုံးက အဝတ်အစားမပါဘဲ ရေကူးကန်ကို ပတ်ပြီး ချီတက်နေကြတယ်။ မျက်နှာကြက်မှာ ချိတ်ထားတဲ့ ခြင်းကြီးတစ်လုံးထဲမှာ ယောကျာ်းတစ်ယောက် မတ်တတ်ရပ်လို့၊ အဲဒီလူက အနားကျယ်ကျယ် ဦးထုပ်တစ်လုံးနဲ့ မျက်နှာကို ကွယ်ထားတယ်။

ဒါပေမဲ့ အဲဒါ ရှင်ပဲဆိုတာ ကျွန်မ သိတယ်။ ရှင်က ကျွန်မတို့ကို အော်ဟစ်ပြီး အမိန့်တွေ ပေးနေခဲ့တယ်။ ကျွန်မတို့မှာ ချီတက်ရင်း သီချင်းဆိုရတယ်။ သီချင်းဆိုလိုက် ဒူးထောက်လိုက်နဲ့ပဲ၊ အကယ်၍ ကျွန်မတို့ထဲက တစ်ယောက်ယောက်များ ဒူးထောက်တာ ပုံမကျရင် ရှင်က ပစ္စတိုနဲ့ ပစ်တယ်။ သေပြီး ကန်ထဲ ပြုတ်ကျရင်

mgyoe.com

mgyee SAMPLE BOOK

အားလုံး ဝိုင်းရယ်ကြပြီး သီချင်းဆိုသံက ပိုကျယ်လာရော။ ရှင်က ကျွန်မတို့ကို မျက်ခြည်မပြတ် အမြဲ ကြည့်နေပြီး ကျွန်မတို့ အမှားတစ်ခုခု လုပ်တာနဲ့ ရှင်က ပစ်တာပဲ။ ရေကန်ထဲမှာ ပေါလောပေါ်နေတဲ့ အလောင်းတွေနဲ့ ပြည့်လို့။ ကျွန်မမှာ နောက်တစ်ခေါက် ဒူးထောက်ဖို့ အားမရှိတော့ဘူး။ ရှင် ကျွန်မကို ပစ်တော့မယ် ဆိုတာ ကျွန်မ သိနေခဲ့တယ်။

တတိယအကြိမ် ပတ်ပြီးတဲ့နောက် ကျွန်မ သေဆုံးသွားတယ်။ ပရိဘောဂ တင်တဲ့ ဗန်ကားလောက်ကြီးတဲ့ အသုဘကားကြီးတစ်စင်းထဲမှာ ဘေးမှာလည်း သေဆုံးနေတဲ့ မိန်းမတွေက ပတ်လည်ဝိုင်းလို့။ ကားက နောက်တံခါး မပိတ်ထား တော့ များလိုက်တဲ့ အလောင်းတွေက ခြေထောက်တွေ တိုးလိုးတန်းလန်း ထွက်ကျ နေကြတယ်။ ကျွန်မ မသေသေးဘူး။ ကျွန်မမှာ အာရုံခံစားမှုတွေ ရှိသေးတယ်လို့ ကျွန်မက အော်လိုက်တယ်။ ငါတို့လည်း အတူတူပါပဲလို့ အလောင်းကောင်တွေ က ဝိုင်းရယ်ကြတယ်။ သူတို့ ရယ်နေတဲ့ပုံက အသက်ရှင်နေတဲ့ မိန်းမကြီးတွေကနေ သူတို့လိုပဲ တစ်နေ့မှာ သွားတွေကျိုး၊ ပါးရေတွေတွန့်၊ မျိုးဥအိမ်တွေ ပျက်စီးမှာ ပဲလို့ သူမကို ရွှင်ရွှင်မြူးမြူးနဲ့ တကယ့်ကို ပုံမှန်လေသံနဲ့ ပြောနေပုံပဲ။ ရယ်တဲ့ပုံစံ ကလည်း အဲဒီအတိုင်း တစ်ပုံစံတည်း။ သူတို့က မင်း သေသွားတာ တကယ်ပဲ၊ အဲဒါ လုံးဝ ပုံမှန်ပဲလို့ ပြောနေကြတယ်။ ရုတ်တရက်ကြီး သူမ အပေါ့သွားချင်စိတ် ပေါ်လာမိတယ်။ ရှင်တို့ သိရဲ့လား၊ ကျွန်မ ဆီးသွားချင်နေတယ်။ ဒါ မသေသေးဘူး ဆိုတဲ့ သဘောပဲပေါ့။

ဒါပေမဲ့ သူတို့အားလုံး ထပ်ရယ်ကြပြန်ပြီး ပြောတယ်။ သေးပေါက်ချင် တာလည်း လုံးဝ ဖြစ်ရိုးဖြစ်စဉ်ပဲ။ မင်း အဲဒီလို ခံစားမှုမျိုး အချိန်တော်တော်ကြာ ရှိနေလိမ့်ဦးမယ်။ လက်ဖြတ်ခံထားရတဲ့ လူလိုပေါ့။ သူ့လက်ကို ရှိနေဆဲလို့ ထင်နေ တတ်တာပဲလေ။ ငါတို့ဆီမှာ ဆီးဆိုလို့ တစ်စက်မှ ကျန်ချင်မှ ကျန်မယ်။ ဒါပေမဲ့ အပေါ့သွားချင်စိတ်တော့ ရှိနေလိမ့်ဦးမယ်။

ထရီဇာက တောမတ်နား တိုးဌေ့ပူးကပ်နေလိုက်သည်။ သူတို့ ကျွန်မကို ပြောနေတဲ့ပုံက ကျွန်မကို အမြဲသိနေတဲ့ သူငယ်ချင်းဟောင်းတွေလိုပဲ။ ကျွန်မမှာ သူတို့နဲ့ အမြဲ အတူနေရမယ့်အဖြစ်ကို တွေးပြီး တုန်လှုပ်သွားမိတယ်။

(၉)

လက်တင်မှ ဆင်းသက်လာသည့် ဘာသာစကားတိုင်းတွင် ကိုယ်ချင်းစာနာမှု (compassion) ဆိုသည့် စကားလုံးနှင့် ပတ်သက်လျှင် ရှေ့တွဲစကားလုံး နှင့်

mgyee.com

*အတူတကွ* (corn-) နဲ့ မူရင်းစကားလုံး *ဝေဒနာခံစားခြင်း* (passio) က အမြဲတွဲနေခဲ့သည်။ ချက်၊ ပိုလန်၊ ဂျာမန်၊ ဆွီဒင် စသည့် တခြား ဘာသာစကားတွေမှာလည်း အဓိပ္ပာယ်တူ၊ ရှေ့တွဲနာမ်နဲ့ ဝေဒနာခံစားမှု ဆိုသည့် စကားလုံးကို အမြဲတွဲလေ့ရှိကြသည်။

လက်တင်ကနေ ဆင်းသက်လာသည့် ဘာသာစကားတွေမှာ compassion ဆိုသည့် စကားလုံးက တခြားတစ်ယောက် ခံစားနေရတာကို သွေးအေးအေး မကြည့် နိုင်တာ၊ ဝေဒနာခံစားနေရတာကို ကရုဏာထားတာဟု ဆိုလိုသည်။ ခပ်ဆင်ဆင် စကားလုံးကတော့ သနားခြင်း ဖြစ်သည်။ သနားတာက ခံစားနေရသူအတွက် ဝမ်းနည်းတာ၊ ထိတ်လန့်တာ၊ စိတ်မကောင်းဖြစ်တာ ဆိုသည့် သဘောတွေ ပါနေခဲ့သည်။ မိန်းမတစ်ယောက်ကို သနားတယ်ဆိုတာ ကျွန်တော်တို့ဟာ သူ့ထက် အဘက်ဘက်က သာသည်ဟု ဆိုလိုက်ခြင်း ဖြစ်သည်။ ထို့အတွက် ကျွန်တော်တို့မှာ ကိုယ့်ကိုယ်ကိုယ် မိန်းမတွေရဲ့ အဆင့်အတန်းမျိုး နှိမ့်ချလိုက်သည့် သဘောပင်။

ဒီ့အတွက် ကရုဏာဆိုသည့် စကားလုံးမှာ ကိုယ့်ထက်နိမ့်ကျတဲ့သူတွေ အတွက် သုံးတာလား သံသယဝင်စရာပင်။ ဒါဟာ အချစ်နဲ့ မပတ်သက်သည့် ဒုတိယတန်းစား သဘောထားပင်။ တစ်ယောက်ယောက်ကို ကရုဏာထားပြီး ချစ်မိတယ်ဆိုတာ တကယ်ချစ်တာမှ မဟုတ်ပေပဲ။ compassion ဆိုသည့် စကားလုံးကို ဝေဒနာခံစားခြင်း(suffering)ဆိုသည့် ဇာစ်မြစ်စကားလုံးကနေ မလာဘဲ ခံစားမှု (feeling) ဆိုသည့် စကားလုံးကို အခြေခံထားသည့် ဘာသာစကားတွေမှာတော့ ဒီစကားလုံးကို သုံးစွဲပုံသုံးစွဲနည်း ဆင်သော်လည်း ပိုပြီး နိမ့်ကျဆိုးရွားသည့် သဘောထားမျိုးဟု ပြောဖို့ခက်သည်။ ဝေါဟာရရင်းမြစ်ဗေဒ၏ လျှို့ဝှက်အင်အား တစ်ခုက စကားလုံးကို တခြား ပိုမိုကျယ်ပြန့်သည့် အဓိပ္ပာယဆီ ရောက်အောင် အလင်းပြနေခဲ့သည်။ compassion ဆိုတာ ကံဆိုးမိုးမှောင်ကျနေတဲ့သူ တစ်ယောက်နှင့် အတူနေနိုင်သည့် သဘောအပြင် သူနဲ့အတူ ပျော်ရွှင်မှု၊ ဝမ်းမြောက်မှု၊ စိတ်ပူပန်မှု၊ နာကျင်မှု စသည့် ဘယ်လို စိတ်ခံစားမှုကိုမဆို အတူတကွ ခံစားခြင်း (co-feeling) ဟုလည်း အဓိပ္ပာယ်ရသည်။ ဒီလို compassion မျိုးကတော့ စိတ်ခံစားမှုချင်း ဆက်သွယ်သည့် အနုပညာတစ်မျိုးပင်။ စိတ်ကူးတွေးထင်နိုင်စွမ်း၏ အမြင့်ဆုံး အဆင့်ပင်။ ခံစားမှုအဆင့်ဆင့်တွင် ဒါဟာ ထိပ်ဆုံးအဆင့်ပဲ ဖြစ်သည်။

လက်သည်းကြားထဲ အပ်ထိုးထည့်သည့် အိပ်မက်ကို တောမတ်အား ပြောပြလိုက်ခြင်းဖြင့် သူ့စားပွဲအံဆွဲကို သူမ မွှေခဲ့တယ် ဆိုတာ ထင်ရှားနေခဲ့သည်။

mgyoe.com

mgyyee.com SAMPLE BOOK

အကယ်၍ ထရီဇာ့နေရာတွင် တခြား မိန်းမတစ်ယောက်သာဆိုလျှင် တောမတ်က စကားပြောတော့မည် မဟုတ်။ ဤသည်ကို ထရီဇာကလည်း သိသည်။ ဒီ့အတွက် သူမကို မောင်းထုတ်လိုက်ပါတော့ဟု ဆိုခြင်း ဖြစ်သည်။ သို့သော် သူက မောင်း မထုတ်သည့်အပြင် သူမလက်ကလေးကို ဆုပ်ကိုင်ပြီး လက်ဖျားထိပ်လေးများကို ပင် အနမ်းပေးလိုက်သေးသည်။ တကယ်ကတော့ ထိုအခိုက်အတန့်တွင် သူကိုယ်တိုင် လည်း သူမ၏ နာကျင်မှုကို ခံစားနေမိသောကြောင့်ပင်။ သူမ လက်ဖျားမှ အာရုံကြော လေးများက သူ့ဦးနှောက်နှင့် တိုက်ရိုက် ချိတ်ဆက်ထားသည့်အလား။

မာရ်နတ်ရဲ့လက်ဆောင် ကိုယ်ချင်းစာ ကရုဏာတရားကို မခံစားရသည့် တခြားသူတွေကတော့ ထရီဇာကို သူမရဲ့ လုပ်ရပ်အတွက် အပြစ်တင်မှာ ကျိန်းသေ သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ရေးကိုယ်တာဆိုတာ တန်ဖိုးထားရမည့် ကိစ္စ မဟုတ်လား။ ရင်းနှီးသူတွေရဲ့ ပေးစာတွေကို ဖွင့်မဖတ်သင့်ဘူးလေ။ သို့ပေမဲ့ ကိုယ်ချင်းစာ ကရုဏာတရားက တောမတ်ရဲ့ ကံကြမ္မာ (ကျိန်စာလည်း) ဖြစ်နေတော့ သူကိုယ်တိုင် အံဆွဲရှေ့ ဒူးထောက်ပြီး ဆာဘီနာရဲ့ စာကနေ မျက်လုံးတွေကို ခွာလို့မရနိုင် ဖြစ်နေခဲ့သည်။ သူ ထရီဇာ့ကို နားလည်မိသည်။ သူမကို ဒေါသမထွက် သည့်အပြင် ပိုပြီးပင် ချစ်လာမိတော့သည်။

## (၁၀)

သူမရဲ့ အမူအရာတွေက ရုတ်တရက် မတည်မငြိမ် ဖြစ်လာခဲ့သည်။ သူ့ရဲ့ သစ္စာမဲ့မှုကို သိခဲ့တာ နှစ်နှစ်ကျော်ရှိခဲ့ပြီ။ အခြေအနေတွေက ပိုပိုပြီးသာ ဆိုးလာခဲ့သည်။ ဖြေရှင်းဖို့ နည်းလမ်း မရှိ။

သူဟာ သူ့ရဲ့ ရမ္မက်အခြေခံဆက်ဆံရေးတွေကို အမှန်တကယ်ကို မစွန့်ပယ် နိုင်ဘူးလား။ ဟုတ်သည်၊ မစွန့်နိုင်။ အဲဒီလိုဆို သူ တစ်စစီ ဖြစ်သွားလိမ့်မည်။ တခြားမိန်းမတွေအပေါ် သာယာတဲ့စိတ်ကို သူ မထိန်းချုပ်နိုင်။ ဒီ့အပြင် ထိန်းချုပ်ဖို့ လိုသည်ဟုလည်း သူ မထင်။ သူ့ကျူးလွန်မှုတွေဟာ သူမအပေါ် ဘယ်လိုမှ မခြိမ်းခြောက်နိုင်ဘူး ဆိုတာလည်း သူ အသိဆုံး။ ဒါဖြင့်ရင် ဘာကြောင့်မို့ သူတို့ကို လက်လွှတ်ခံမလဲ။ ဘောလုံးပွဲ မကြည့်ဖို့ ပြောသလိုမျိုးပင်။ ရေရာသည့် အကြောင်း ပြချက် မရှိ။

သို့သော်လည်း ဒါဟာ သာယာမှုအတွက် သက်သက်ပဲလား။ ဒီလိုဆိုလို့ သူဟာ တခြားမိန်းမဆီ သွားလည်တော့လည်း ထင်သလို အရသာမတွေ့။ ဒီလိုနဲ့

နောက်တစ်ကြိမ် ဘယ်တော့မှ လာမတွေ့တော့ဘူးလို့ပဲ စိတ်ထဲမှာ တေးထားလိုက်သည်။

သူ့မျက်စိထဲမှာ ထရီဇာရဲ့ပုံရိပ်ပဲ အမြဲပေါ်နေခဲ့သည်။ အရက်ကို ခပ်သွက်သွက် မော့လိုက်မှပဲ အဲဒီပုံရိပ်ကို ဖျောက်လို့ရသည်။ ထရီဇာနဲ့ ဆုံပြီးကတည်းက သူ့မှာ အရက်မသောက်တဲ့ တခြားမိန်းမနဲ့ ချစ်ပွဲဝင်လို့မရခဲ့။ သူ့ပါးစပ်က အရက်နံ့မှာ ထရီဇာအပေါ် သူ၏ သစ္စာမဲ့မှု သင်္ကေတပင်။

သူ့မှာ ထောင်ချောက်မိနေသလိုပင်။ အပျော်တွဲသည့် မိန်းမတွေအပေါ်မှာလည်း စိတ်က မတွေ့။ သို့သော်လည်း သူတို့နဲ့ တစ်ရက်လောက် မတွေ့ရင်လည်း လက်က ဖုန်းဆီရောက်သွားပြီး ချိန်းနေမိပြန်သည်။ ဆာဘီနာနဲ့ ဆက်ဆံရတာတော့ သူ့အတွက် အဆင်ပြေဆုံးပင်။ သူမက တစ်မျိုးတစ်ဘာသာ၊ တခြားမိန်းမတွေနဲ့ ကျွတ်ပုန်းခုတ်နေတာတွေကိုလည်း ဖော်ကောင်လုပ်မယ့်သူ မဟုတ်။ သူမ၏ စတူဒီယိုက သူ့အတွက် သာယာအေးချမ်းလှသည့် အတိတ်က လူပျိုလိုနေခဲ့ရသော ဘဝ၏ အမှတ်တရနေရာပင်။

သူ ဘယ်လောက်တောင် ပြောင်းလဲသွားခဲ့သလဲဆိုတာ သူကိုယ်တိုင်လည်း သဘောမပေါက်တာ ဖြစ်မည်။ အခုဆို ထရီဇာ မျှော်နေမှန်း သိသည့်အတွက် သူ အိမ်ပြန်နောက်ကျမှာ စိုးနေခဲ့ပြီ။ တစ်နေ့ သူမနဲ့ ချစ်စခန်းဖွင့်ရင်း နာရီတကြည့်ကြည့်နဲ့ လောနေသည့် သူ့ကို ဆာဘီနာ သတိထားမိလိုက်သည်။ ပြီးတဲ့နောက် သူမလည်း စတူဒီယိုထဲ ပျင်းရိပျင်းတွဲ လျှောက်ပြီး ဆွဲလက်စ ပန်းချီကားတစ်ချပ် တင်ထားသည့် ဒေါက်ခုံနားသွားပြီး အဝတ်အစား ဝတ်နေသော သူ့ကို ဘေးတိုက် ကြည့်နေလိုက်သည်။ အဝတ်အစား အပြည့်အစုံ ဝတ်ပြီးသော်လည်း ခြေစွပ်တစ်ဖက်က မဝတ်ရသေး။ သူ အခန်းထဲမှာ လျှောက်ရှာနေခဲ့သည်။ စားပွဲခုံ ခြေတိုင်လေးခုထဲ ငုံ့ပြီးတောင် ရှာနေခဲ့သေးသည်။

"ရှင်ကြည့်ရတာ ကျွန်မဆွဲနေတဲ့ ပန်းချီကားတွေထဲက အဓိကအကြောင်းအရာတွေနဲ့ တူလာသလိုပဲ"

သူမက ပြောလိုက်သည်။ လောကနှစ်ခုရဲ့ ဆုံစည်းမှု၊ နှစ်ထပ်ကွမ်းထိတွေ့မှု၊ တောမတ်ရဲ့ပုံက စိတ်ကူးယဉ်ချစ်သူ တစ်ယောက်ရဲ့ မျက်နှာနဲ့ မြာပွေသူတစ်ယောက်ရဲ့ ကောက်ကြောင်း၊ ဒါမှမဟုတ် ထရစ်စတန်ရဲ့ နေရာကနေ နောက်တစ်မျိုးပြောရရင်တော့ ထရီဇာရဲ့အကြောင်း အမြဲ တွေးနေတဲ့ အကျင့်သီလမဲ့သူတစ်ယောက်ရဲ့ လှပပြီး သစ္စာမဲ့သည့် အပျော်အပါး လောကကြီးပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

တောမတ်က ခါးဆန့်လိုက်ပြီး ဆာဘီနာရဲ့ စကားတွေကို ပူပန်စွာနဲ့ နားထောင်လို့ နေသည်။

"ရှင် ဘာရှာနေတာလဲ"

သူမက မေးတော့-

"ခြေအိတ်တစ်ဖက်"

သူမလည်း သူနဲ့အတူ တစ်ခန်းလုံး လိုက်ရှာပေးသည်။ သူက တစ်ခါ စားပွဲခုံအောက် ငုံ့ရှာပြန်သည်။

"ရှင့်ခြေအိတ်က ဘယ်မှာမှ မရှိဘူး၊ ရှင် ခြေအိတ်မစွပ်ပဲ လာခဲ့တာ ဖြစ်မယ်"

"ငါ ဘယ်လိုလုပ် ခြေအိတ်မစွပ်ဘဲ လာမလဲ၊ ငါလာတုန်းက ခြေအိတ် တစ်ဖက် မစွပ်ဘဲ လာတာ မဟုတ်ဘူး မှတ်ထား"

တောမတ်က သူ့နာရီကိုကြည့်ပြီး အော်သည်။

"ဒါမေးစရာ မလိုဘူးလေ၊ ရှင့်စိတ်က လွတ်နေတာ မဟုတ်လား။ နာရီ တကြည့်ကြည့်နဲ့ အမြဲ တစ်နေရာရာကို သွားချင်နေတာလေ။ ရှင် ခြေအိတ်စွပ်ဖို့ မေ့ခဲ့တယ် ဆိုရင်လည်း ကျွန်မကတော့ မအံ့သြဘူး"

သူ့မှာ ခြေစွပ်တစ်ဖက်ပဲ စွပ်ဖို့ ကျန်နေခဲ့သည်။ ဆာဘီနာက-

"ကဲ ကဲ အေးနေပြီ၊ ကျွန်မရဲ့ ခြေအိတ်ရှည်တစ်ဖက် ငှားလိုက်မယ်"

သူမက သူ့ကို အဖြူရောင် ဖက်ရှင်ကျသည့် ခြေအိတ်ရှည်တစ်ဖက် ကမ်းလိုက်သည်။

သူ သိလိုက်သည်။ သူမနဲ့ ခုန ချစ်ပွဲဝင်နေတုန်း နာရီတကြည့်ကြည့် လုပ်နေတာကို ပြန်ပြီး လက်စားချေလိုက်တာပဲ ဖြစ်မည်။

သူမက သူ့ရဲ့ခြေစွပ်ကို တစ်နေရာရာမှာ ဝှက်ထားလိမ့်မည်။

ရာသီဥတုက တကယ်ကို အေးနေခဲ့ပြီ။ သူ့မှာ သူမပေးသည့် အကြံကို လက်ခံရုံကလွဲလို့ ရွေးချယ်စရာမရှိ။ ဒီလိုနဲ့ပဲ သူ့မှာ ခြေတစ်ဖက်က ခြေစွပ်၊ နောက်တစ်ဖက်က အမျိုးသမီးဝတ် ခြေစွပ်ရှည်ကို ခြေချင်းဝတ်အထိ ခေါက်ဝတ် လို့ အိမ်ပြန်ခဲ့ရသည်။

သူ့မှာ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းထုပ် ဖြစ်နေသည်။ သူ့မြာတွေ ရဲ့အမြင်မှာ သူဟာ ထရီဇာ့အပေါ်မှာ ချစ်မိတဲ့ အမည်းစက်ကြီး ရှိသလို ထရီဇာရဲ့ အမြင်မှာလည်း သူ့မြာတွေနဲ့ ဖောက်ပြန်တဲ့ အမည်းစက်ကြီး ရှိနေခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

(၁၁)

ထရီဇာရဲ့ ဝေဒနာတွေကို ခံသာအောင် သူမကို သူ လက်ထပ်လိုက်သည် (နောက်ဆုံး တော့ သူမအတွက် ငှားထားသည့် အခန်းကို စွန့်လွှတ်လိုက်သည်။ သူမ မနေတော့ တာပင် အတော်ကြာလှပေါ့)။ ပြီးတော့ သူမအတွက် ခွေးလေးတစ်ကောင် ပေးလိုက် သည်။ ခွေးလေးက သူ့လုပ်ဖော်ကိုင်ဖက်တစ်ယောက် ပိုင်သော စိန့်ဘားနတ် ခွေးမျိုးကနေ ပေါက်ဖွားလာခြင်း ဖြစ်သည်။ သူ့အဖေက ဘေးအိမ်က ဂျာမန် သိုးထိန်းခွေး၊ ကပြားခွေးလေးတွေကို ဘယ်သူမှ မလိုချင်ကြ။ သူ့ရောင်းရင်းကြီး လည်း သူတို့ကို သတ်ရတော့မည့်ကိန်း။

ခွေးလေးတွေကို ကြည့်ရင်း သူ မရွေးမိတဲ့ ခွေးလေးတွေကတော့ အသတ် ခံရတော့မှာပဲလို့ တောမတ် တွေးမိသည်။ သူ့ကိုယ်သူ သေမိန့်ကျ အကျဉ်းသား လေးယောက်ထဲက တစ်ယောက်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သော နိုင်ငံတော် သမ္မတ တစ်ယောက်လိုမျိုး ခံစားမိသည်။ နောက်ဆုံး သူ တစ်ကောင် ရွေးလိုက် သည်။ သူ ရွေးလိုက်တဲ့ ခွေးမလေးက ဂျာမန်သိုးထိန်းခွေးရဲ့ ခန္ဓာကိုယ်နဲ့ ဆင်ပြီး ခေါင်းက သူ့အမေ စိန့်ဘားနတ်မျိုးနဲ့ တူသည်။ သူ အိမ်ယူသွားပြီး ထရီဇာ့ကို ပေးလိုက်တော့ သူမလည်း မြှောက်ချီပြီး ရင်ဘတ်ထဲ ထည့်ထားလိုက်သည်။ ခွေးလေးက ချက်ချင်းပဲ သူမ ဘလောက်စ်အင်္ကျီပေါ်ကို သေးပေါက်ချတော့သည်။

ဒီနောက်တော့ သူတို့မှာ ခွေးကလေးကို နာမည်ပေးဖို့ ကြိုးစားကြသည်။ တောမတ်က ခွေးနာမည်ကို ကြားသည်နှင့် ထရီဇာရဲ့ခွေးမှန်း သိနိုင်လောက်သည့် နာမည်မျိုး ပေးချင်သည်။ တောမတ်က သူရှိရာ ပရပ်ကို ထရီဇာတစ်ယောက် မကြော်ငြာဘဲ ရောက်လာတုန်းက သူမ ချိုင်းကြားညှပ်ထားတဲ့ စာအုပ်ကို တွေးမိ သည်။ သူက ဒီခွေးလေးကို တော်စတိုင်းလို့ ပေးကြမလားလို့ ပြောသည်။ ထရီဇာ က "တော်စတိုင်းတော့ မဖြစ်ဘူး၊ သူက ခွေးမလေး၊ အင်နာကရင်နီနာ ဆိုရင် ကော" ဒီတော့ တောမတ်ကလည်း "အင်နာကရင်နီနာတော့ မဖြစ်ဘူး၊ ဘယ် မိန်းမမှ ဒီလောက် ရယ်စရာကောင်းတဲ့ မျက်နှာမျိုးရှိမှာ မဟုတ်ဘူး။ ကရီနင် ဆိုရင် တော်သေးတယ်။ ဟုတ်တယ်၊ အင်နာရဲ့ယောက်ျား ကရီနင်၊ ဒါ ငါ့မျက်စိ ထဲ မြင်နေတာနဲ့ ကွက်တိပဲ"

"ဒါပေမဲ့ ခွေးမလေးကို ယောက်ျားနာမည်ပေးလို့ ဖြစ်ပါ့မလား"

"လုံးဝ ဖြစ်တာပေါ့၊ ခွေးမလေးကို တစ်ချိန်လုံး ယောက်ျားနာမည် ခေါ်နေ တော့ တဖြည်းဖြည်း ခွေးယောက်ျားလျာလေး ဖြစ်လာမှာပေါ့"

mgyoe.com

mgyoe SAMPLE BOOK

ထူးဆန်းတာက တောမတ် နိမိတ်ဖတ်သည့်အတိုင်း ဖြစ်လာခဲ့သည်။ ခွေးမလေးတွေ အတော်များများက သူတို့သခင်ကို ပိုတွယ်တာတတ်ပေမယ့် ကရီနင်ကတော့ အများနဲ့မတူ ထရီဇာ့ကိုပဲ ပုံချစ်ပြသည်။ ဒီ့အတွက် တောမတ်လည်း စိတ်ချမ်းသာရသည်။ သူက ခွေးမလေးရဲ့ ခေါင်းကို သာသာလေးပွတ်သပ်ပြီး 'မင်း! တာဝန်ကျေပါတယ် ကရီနင်'လို့ ပြောတတ်သည်။

"ငါ မင်းကို ဒီလို ဖြစ်စေချင်တာ။ ငါက မင်းသခင်မနဲ့ လိုက်လျောညီထွေ မနေနိုင်တော့ မင်းပဲ ငါ့ကို ကူညီရလိမ့်မယ်"

ကရီနင်ရဲ့ အကူအညီရပေမယ့်လည်း တောမတ် သူမကို ပျော်အောင် မလုပ်နိုင်ခဲ့။ သူ့ရဲ့ ကြိုးပမ်းမှု မအောင်မြင်ဘူး ဆိုတာကိုလည်း နှစ်အတော်ကြာမှ သတိပြုမိလာခဲ့သည်။ ခန့်မှန်းခြေအားဖြင့် သူတို့တိုင်းပြည်ကို ရုရှားတင့်ကားတွေ သိမ်းပိုက်ပြီး ဆယ်ရက်ခန့်အကြာတွင် ဖြစ်မည်။ ၁၉၆၈ ခု ဩဂုတ်လ၊ တောမတ်ကို ဇူးရစ်က ဆေးရုံတစ်ရုံက နေ့စဉ်မပြတ် ဖုန်းဆက်နေခဲ့သည်။ အဲဒီဆေးရုံရဲ့ ဒါရိုက်တာသမားတော်ကြီးက သူနဲ့ နိုင်ငံတကာ ကွန်ဖရင့်တစ်ခုမှာ မိတ်ဆွေ ဖြစ်ခဲ့ခြင်း ဖြစ်သည်။ သူက တောမတ်အတွက် ပူပန်ပြီး သူ့ဆီ လာလုပ်ဖို့ ခေါ်နေခဲ့သည်။

(၁၂)

အကယ်၍ တောမတ်တစ်ယောက် ဆွစ်ဆရာဝန်၏ ကမ်းလှမ်းမှုကို နှစ်ခါ မစဉ်းစားဘဲ ငြင်းခဲ့သည်ဟု ဆိုလျှင် အဲဒါဟာ ထရီဇာအတွက်ပဲ ဖြစ်လိမ့်မည်။ သူမအနေနဲ့ တိုင်းပြည်က မထွက်ချင်လောက်ဘူးလို့ သူ ယူဆထားသည်။ သိမ်းပိုက်ခံရပြီး တစ်ပတ်လုံးလုံး သူမမှာ အိပ်ရင်းနဲ့ လျှောက်သွားနေသလိုပင်။ ကြည့်လိုက်ရင် ပျော်နေသလို ထင်ရသည်။ ကင်မရာတစ်လုံးနဲ့ ရှာရိုးကိုးပေါက် လမ်းတကာ လျှောက်သွားပြီး ဖလင်တစ်လိပ်ကြီးကို အယုအယက် သတင်းယူနေသည့် နိုင်ငံခြား သတင်းထောက်တွေ လက်ထဲ အပ်လိုက်သည်။ သူမမှာ ဝေးဝေးလံလံ သွားပြီး လူတစ်စုကို သေနတ်နဲ့ ချိန်နေတဲ့ အရာရှိတစ်ယောက်ပုံကို အနီးကပ် ရိုက်ယူနိုင်ခဲ့သည်။ အဲဒီအတွက် သူမမှာ အဖမ်းခံရပြီး ရုရှားစစ်ဌာနချုပ်မှာ တစ်ညထိန်းသိမ်းခံခဲ့ရသည်။ အဲဒီမှာ သူမကို ပစ်သတ်မည်ဟုပင် ခြိမ်းခြောက်ကြသည်။ သို့သော် မကြာပါ။ သူမကို လွှတ်ပေးလိုက်သည့်အတွက် လမ်းပေါ်ကို ကင်မရာကိုင်ပြီး ပြန်ရောက်လာခဲ့သည်။

mgyoe.com

ထို့ကြောင့် သိမ်းပိုက်ခံရပြီး ဆယ်ရက်မြောက်နေ့ သူ့ကို ဘာကြောင့် ဆွစ်ဇာလန် မသွားချင်တာလဲလို့ မေးတော့ တောမတ်မှာ အတော် အံ့အားသင့်သွားမိသည်။

"ဘာကြောင့် ငါ သွားရမှာလဲ"

"သူတို့က ရှင့်ကို အနေအထိုင်ခက်အောင် လုပ်ကြလိမ့်မယ်"

"သူတို့က လူတိုင်းကို မနေနိုင်အောင် လုပ်နေကြတာပဲ"

တောမတ်က လက်ကို ဝှေ့ယမ်းပြီး ပြောလိုက်သည်။

"မင်းကကော ပြည်ပမှာ နေနိုင်လို့လား"

"ဘာကြောင့် မနေနိုင်ရမှာလဲ"

"မင်းပဲ တိုင်းပြည်အတွက် ဒီလောက်စွန့်စားပြီး လုပ်ခဲ့ပြီးမှ ဒီလို အေးအေးဆေးဆေး ထွက်သွားနိုင်လို့လား"

"အခု ဒပ်ဆက် ပြန်ရောက်လာပြီ၊ အခြေအနေတွေ မတူတော့ဘူး"

မှန်ပါသည်။ စိတ်ကူးယဉ်ကာလက တစ်ပတ်ထက် ပိုမခံ။ တိုင်းပြည်ရဲ့ ကိုယ်စားပြုပုဂ္ဂိုလ်များမှာ ရာဇဝတ်သားများပမာ ရုရှားစစ်တပ်ရဲ့ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ သူတို့ ဘယ်ရောက်နေသလဲ ဘယ်သူမှ မသိ။ လူတိုင်းက သူတို့၏ အသက်အန္တရာယ်အတွက် စိုးရိမ်နေခဲ့ကြသည်။ ထို့အတူ ရုရှားများအပေါ် မုန်းတီးမှုက အရက်စွဲသလို စွဲနေခဲ့သည်။ အဖြစ်က မူးယစ်သောက်စား မုန်းတီးမှု ပွဲတော်အလား၊ ချက်မြို့တိုင်းတွင် ဘရက်ဇနည်နှင့် သူ့စစ်သားများကို သရော်သည့် စာများ၊ စာပြောင်များ၊ ကဗျာများ၊ ကာတွန်းများဖြင့် ပြည့်နှက်နေသော လက်ဖြစ်ပိုစတာများ ကပ်ထားကြသည်။ သူတို့ကို လှောင်ပြောင်ရွတ်ချတဲ့ အဆိုတွေကို တစ်ယောက်က ရှေ့က တိုင်ပေး၊ အနောက်က သံပြိုင်လိုက်ဆိုကြလို့။ သို့သော်လည်း ဘယ်ပွဲတော်မှ ထာဝရ မနွဲ့ပျော်နိုင်ပါ။ လတ်တလောတွင် ရုရှားက ချက်ကိုယ်စားလှယ်တွေကို မော်စကိုနဲ့ စေ့စပ် ညှိနှိုင်း သဘောတူညီမှုတစ်ခုအတွက် အတင်းအကျပ် လက်မှတ်ထိုးစေခဲ့သည်။ အလက်ဇန်းဒါးဒပ်ဆက် (Alexander Dubcek) ပရပ်ကို ပြန်ရောက်လာတော့ ရေဒီယိုကမိန့်ခွန်းတစ်ခု ပြောရသည်။ သူ့မှာ ခြောက်ရက်တာ အထိန်းသိမ်းခံရစဉ် ကာလအတွင်း သွေးပျက်ချောက်ချားလွန်းတဲ့အတွက် စကားတောင် ကောင်းကောင်းမပြောနိုင်၊ သူ့မှာ အထစ်ထစ် အငေါ့ငေါ့နဲ့ အသက်ကို လုရှူနေရသည်။ စာကြောင်း တစ်ကြောင်းနဲ့ တစ်ကြောင်းကြား အကြာကြီး ရပ်နားလို့၊ စက္ကန့်သုံးဆယ်လောက်တောင် ကြာသည်။

mgyoe.com

mgyee.com SAMPLE BOOK

လိုက်လျောညီထွေနိုင်းမှုက တိုင်းပြည်ကို အဆိုးဆုံး အခြေအနေကနေ လွတ်ကင်းစေခဲ့သည်။ အဆုံးစီရင်မှုများ၊ ဆိုက်ဘေးရီးယားကို အစုလိုက် အပြုံလိုက် ပို့ခြင်းများက လူတိုင်းကို ချောက်ချားစေခဲ့သည်။ သို့သော်လည်း တစ်ခုတော့ ရှင်းပါသည်။ တိုင်းပြည်အနေနှင့် အောင်နိုင်သူတွေကို ဦးညွှတ်ခဲ့ရသည်။ အလက်ဇန်းဒါးဒပ်ဆက်လိုပဲ အမြဲလို အထစ်ထစ်အငေါ့ငေါ့၊ ထုံ့ပိုင်းထုံ့ပိုင်းနဲ့ လေကို အသက်ငင်သလို ရှူနေရတော့မည်။ ပွဲတော်က ပြီးသွားခဲ့ပြီ။ အရှက်တကွဲ အကျိုးနည်းကိစ္စတွေကတော့ စလာခဲ့ပြီ။

ထရီဇာက ဒါတွေအားလုံး တောမတ်ကို ရှင်းပြသည်။ ဒါဟာ တကယ့်အဖြစ်တွေပဲဆိုတာ သူလည်း သဘောပေါက်သည်။ သို့သော်လည်း သူမ ပရပ်က ထွက်ခွာချင်ရသည့် နောက်ကွယ်က အကြောင်းရင်း၊ တကယ့် အခြေခံသဘောကိုလည်း သူ သိနေခဲ့သည်။ တကယ်တော့ သူမ ဒီမှာနေရတာ လုံးဝ မပျော်ခဲ့ဘူး မဟုတ်လား။

ပရပ်မြို့ လမ်းတွေထဲမှာ လျှောက်သွားပြီး ရုရှားစစ်သားတွေနဲ့ ကြောက်ရွံ့နေသည့် မျက်နှာတွေကို ဓာတ်ပုံလိုက်ရိုက်နေခဲ့သည့် နေ့ရက်များမှာ သူမဘဝရဲ့ အကောင်းဆုံး အချိန်ကာလတွေပဲ ဖြစ်ခဲ့သည်။ အဲဒီကာလအတွင်းမှာပဲ သူမရဲ့ အိပ်မက်ထဲက ရုပ်မြင်သံကြားဇာတ်လမ်းတွေ ရပ်သွားခဲ့ပြီး ပျော်ပျော်ရွှင်ရွှင် အိပ်ပျော်နိုင်ခဲ့သည်။ ရုရှားတွေဟာ သူတို့ရဲ့ တင့်ကားတွေထဲမှာ သူမအတွက် တည်ငြိမ်မှုတမှုတစ်ရပ်ကို သယ်ဆောင်လာခဲ့ကြသည်။ ယခုတော့ ပွဲတော်လည်း ပြီးခဲ့ပြီ။ သူမမှာလည်း ညရောက်မှာကို ပြန်ကြောက်နေခဲ့ပြီ။ အဲဒီအိပ်မက်တွေက လွတ်မြောက်ချင်လှပြီ။ အခုချိန်မှာတော့ သူမဟာ အခြေအနေတစ်ခုမှာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ပြီး အင်အားပြည့်နေတတ်တာကို သိလာခဲ့သည်။ အဲဒီလို အခြေအနေမျိုးရှိနိုင်တဲ့ နေရာတွေ ရှာဖွေဖို့ သူမ ကမ္ဘာကြီးထဲကို ထွက်ကြည့်ဖို့ စိတ်ပြင်းပြလို့နေခဲ့သည်။

"ဆာဘီနာလည်း ဆွစ်ဇာလန်ကို ထွက်သွားတာ သိတယ်နော်။ မင်းအတွက် စိတ်အနှောင့်အယှက်များ ဖြစ်မလား"

တောမတ်က မေးလိုက်သည်။

"ဂျီနီဗာက ဖူးရစ် မဟုတ်ပါဘူး"

ထရီဇာက ပြောလိုက်သည်။ သူမအနေနဲ့ ပရပ်မှာ နေတာထက်တော့ ပိုပြီး အဆင်ပြေပါလိမ့်မည်။

ကိုယ်နေတဲ့ နေရာကို စွန့်ခွာတာဟာ မပျော်ရွှင်တဲ့လူမို့ပါ။ ဒါကြောင့် ထရီဇာရဲ့ ပြည်ပထွက်ချင်သည့် ဆန္ဒကို အပြစ်သားတစ်ယောက်က စီရင်ချက်ကို

mgyee.com

mgyoe.com SAMPLE BOOK

လက်ခံသလိုမျိုး သူ လက်ခံလိုက်သည်။ ဒီလိုနဲ့ တစ်ရက် သူနဲ့ ထရီဇာ၊ ကရီနင်တို့ သုံးယောက်သား ဆွစ်ဇာလန်၏ အကြီးဆုံးမြို့ကြီးကို ရောက်ရှိခဲ့ကြသည်။

## (၁၃)

သူတို့ရဲ့ အခန်းလွတ်ထဲ ခုတင်တစ်လုံး ဝယ်ထည့်လိုက်သည်။ (သူတို့မှာ တခြား ပရိဘောဂတွေ ဝယ်ဖို့လည်း ပိုက်ဆံမရှိ) ဒီနောက်မှာတော့ သူ့မှာ အသက် လေးဆယ်မှ ဘဝသစ်တစ်ခုကို စရသလိုမျိုး အလုပ်ကို မဲပြီးပဲ လုပ်နေတော့သည်။ သူ ဂျီနီဗာကိုတော့ ဖုန်းမကြာခဏခေါ်လေ့ ရှိသည်။ ကံအားလျော်စွာပဲ ဆာဘီနာရဲ့ ပြပွဲက ရုရှား ကျူးကျော်မှုအပြီး တစ်ပတ်အကြာမှာ လုပ်ဖြစ်သည်။ သူမရဲ့ တိုင်းပြည်လေးအပေါ် စာနာကြသည့်အနေနှင့် ဂျီနီဗာက ဖောက်သည်တွေက သူမရဲ့ ကားတွေ အကုန်လုံးကို သိမ်းကျုံး ဝယ်သွားခဲ့ကြသည်။

'ရုရှားတွေကို ကျေးဇူးတင်ရမှာပဲ။ ကျွန်မ အခု သူဌေးမကြီး ဖြစ်နေပြီ' လို့ သူမက ဖုန်းထဲမှာ ရယ်ရယ်မောမောနဲ့ ပြောသည်။ သူက တောမတ်ကို သူမရဲ့ စတူဒီယိုအသစ်ကို လာကြည့်ဖို့ ခေါ်နေခဲ့သည်။ သူမရဲ့ စတူဒီယိုအသစ်က ပရပ်က စတူဒီယိုနဲ့ ဘာမှ သိပ်မကွာပါဘူးလို့လည်း အာမခံလိုက်သေးသည်။

သူ့မှာ သွားလည်ချင်လှပေမယ့် ထရီဇာ့ကို ဘယ်လို အကြောင်းပြရမယ် မသိ ဖြစ်နေခဲ့သည်။ ဒီတော့ ဆာဘီနာပဲ ဇူးရစ်ကို လိုက်လာခဲ့သည်။ သူမက ဟိုတယ်တစ်လုံးမှာ တည်းသည်။ တောမတ်က အလုပ်အပြီး သူမကို သွားတွေ့သည်။ ပထမ ဧည့်လက်ခံကောင်တာကနေ ဖုန်းလှမ်းဆက်ပြီးမှ တက်သွားလိုက်သည်။ တံခါးကို ဖွင့်လိုက်တာနဲ့ သူမက လှပတဲ့ ခြေတံရှည်တွေနဲ့ ရပ်ပြီး စောင့်နေခဲ့သည်။ အတွင်းခံကလွဲပြီး ဘာမှ မဝတ်ထား၊ အနက်ရောင် ဦးထုပ်လုံးကို ဆောင်းလို့၊ သူမက အဲဒီမှာပဲ မလှုပ်မယှက် အသံမထွက် ငေးစိုက်ကြည့်ပြီး ရပ်နေခဲ့သည်။ တောမတ်လည်း ထိုနည်းလည်းကောင်း၊ ရုတ်တရက် သူ အတော်ကြွေသွားတာကို သိလိုက်သည်။ သူမရဲ့ ဦးထုပ်လုံးကို ဖယ်ပြီး အိပ်ရာဘေးက စားပွဲပေါ်တင်လိုက် သည်။ ပြီးတဲ့နောက် စကားတစ်လုံးမှ မပြောကြတော့ဘဲ ချစ်ပွဲဝင်ကြတော့သည်။

ဟိုတယ်ကနေ သူ့အခန်းရှိရာ ပြန်လာရင်း (သူ့အခန်းမှာ အခုတော့ စားပွဲခုံ၊ ကုလားထိုင်၊ ဆိုဖာနဲ့ ကော်ဇောတွေ ရှိလာခဲ့ပြီ) သူ့ရဲ့ နေထိုင်မှုပုံစံကို ခရု တစ်ကောင်က သူ့အခွံကို သွားလေရာ သယ်သလိုမျိုး ဆက်ပြီး သယ်ဆောင်နေမိ ပါလားလို့ တွေးရင်း ပျော်ရွှင်လာမိသည်။ ထရီဇာနဲ့ ဆာဘီနာတို့မှာ သူ့ဘဝရဲ့ ကွဲပြားခြားနားပြီး စေ့စပ်ညှိနှိုင်းလို့ မရသည့် အစွန်းနှစ်ဖက်ကို ကိုယ်စားပြုနေ

mgyoe.com

mgyee.com SAMPLE EBOOK

ခဲ့သည်။ နှစ်ယောက်လုံးကလည်း အညီအမျှ ဆွဲဆောင်လို့နေခဲ့သည်။ သို့သော်လည်း သူ့ရဲ့ ဒီလိုနေထိုင်မှုပုံစံကို သူ့ အစိတ်အပိုင်းတစ်ခုလို သွားလေရာ သယ်နေသည့်သဘောက ထရီဇာအဖို့ သူမရဲ့ အိပ်မက်တွေနဲ့ ဆက်ပြီး နှစ်ပါးသွားရဦးမည့် သဘောပင်။

ရုံးရစ်တွင် သူတို့ ခြောက်လ ခုနစ်လလောက် ကြာသွားခဲ့သည်။ တစ်နေ့ ညနေ သူအိမ်ပြန်လာတော့ စားပွဲမှာ စာတစ်စောင်၊ သူမ ပရပ်ကို ပြန်သွားပြီ ဆိုတဲ့အကြောင်း ရေးထားသည့်စာ။ သူမ ပြန်ရသည့် အကြောင်းရင်းကတော့ ပြည်ပမှာ နေနိုင်လောက်တဲ့ ကြံ့ခိုင်မှုမျိုး သူမမှာ မရှိလို့ပါဟု ဆိုသည်။ သူမမှာ သူ့ကို ပိုပိုးကူညီပေးချင်သော်လည်း ဘယ်လိုလုပ်ရမယ် မသိ။ သူမအနေနဲ့ ပြည်ပကို ထွက်လိုက်သည်နှင့် ပြောင်းလဲသွားလိမ့်မည်ဟု မိုက်မိုက်မဲမဲ ထင်ခဲ့မိသည်။ ကျူးကျော်မှုကာလတွေအတွင်း သူမရဲ့ အပြောင်းအလဲတွေကို ကြည့်ပြီး သူမအနေနဲ့ နုံချာတဲ့အဖြစ်ကို ရပ်တန့်ပြီး ဖွံ့ဖြိုးလာအောင်၊ အမြော်အမြင်ရှိပြီး အစွမ်းအစရှိလာအောင် လုပ်နိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့မိသည်။ တကယ်တမ်းတော့ သူမမှာ သူ့ကို ဝန်ထုပ်ဝန်ပိုးပဲ ဖြစ်စေခဲ့သည်။ သူမအတွက် ဆက်ပြီး ဝန်မပိစေချင်တော့။ သူမအနေနဲ့ သိပ်နောက်မကျခင် ဖြစ်သင့်တဲ့ ဇာတ်သိမ်းကို ဖန်တီးလိုက်ခြင်းသာ ဖြစ်သည်။ သူမ ကရီနင်ကို ခေါ်သွားတဲ့အတွက် ခွင့်လွှတ်ဖို့လည်း တောင်းပန်ထားသည်။

သူ့မှာ အိပ်ဆေးအချို့ သောက်အိပ်ပေမယ့်လည်း မိုးလင်းတဲ့အထိ အိပ်လို့မရ။ ကံကောင်းချင်တော့ စနေနေ့ ဖြစ်နေသည်။ သူ အိမ်မှာ ဆက်နေလို့ရသည်။ သူ့မှာ အခြေအနေကို အကြိမ် တစ်ရာငါးဆယ်လောက် အပြန်ပြန်အလှန်လှန် သုံးသပ်နေမိသည်။ သူ့တိုင်းပြည်နဲ့ ပြင်ပကမ္ဘာကြီးအကြား နယ်စပ်ဂိတ်တွေအားလုံး ပိတ်ကုန်ကြပြီ။ သူမကို ပြန်ခေါ်ဖို့ ကြေးနန်းတွေ၊ တယ်လီဖုန်းတွေလည်း သုံးလို့ မရ။ အာဏာပိုင်တွေက သူမကို ပြည်ပထွက်ဖို့ ခွင့်ပြုတော့မှာ မဟုတ်။ သူမရဲ့ ထွက်ခွာမှုက ရုတ်တရက် အထိတ်တလန့် နိုင်လွန်းနေခဲ့သည်။

## (၁၄)

သူ့မှာ ဘာမှမတတ်နိုင်တော့မှန်း သိလိုက်ရတာ တူကြီးကြီးနဲ့ ထုခံလိုက်ရသလိုပင်။ သို့ပေမဲ့ တစ်ဖက်တွင်လည်း ထူးထူးခြားခြား လူကို ငြိမ်သက်စေခဲ့သည်။ ဘယ်သူကမျှ သူ့ကို တစ်ခုခု ဆုံးဖြတ်ဖို့ မတိုက်တွန်း။ သူ့မှာ ဝင်းတစ်ဖက်က အိမ်နံရံတွေ

mgyee.com

mgyoe.com SAMPLE BOOK

ကြည့်ပြီး ငေးနေဖို့ မလိုတော့။ သူမနဲ့ အတူနေသင့်၊ မနေသင့်လည်း ဆုံးဖြတ်စရာ မလိုတော့။ ထရီဇာကပဲ သူ့ဘာသာသူ ဆုံးဖြတ်သွားခဲ့သည်။

နေ့လယ်စာစားဖို့ သူ စားသောက်ဆိုင် သွားခဲ့သည်။ သူ့မှာ စိတ်ဖိစီးနေပေမယ့်လည်း စားလိုက်သည့်အခါ မူလက အရှုးအမူး ဖြစ်နေတာတွေ လျော့ပါးသွားပြီး ညှိုးငယ်မှိုင်တွေတာမျိုးလောက်ပဲ ကျန်ခဲ့သည်။ သူမနဲ့အတူ ကုန်ဆုံးခဲ့တဲ့ နှစ်ကာလတွေကို ပြန်ကြည့်လိုက်တော့လည်း သူတို့ရဲ့ဇာတ်လမ်းဟာ ဒီ့ထက် ပိုကောင်းတဲ့ ဇာတ်သိမ်းမျိုးလည်း ဖြစ်လာမှာ မဟုတ်ဘူးလို့ ခံစားမိသည်။ တစ်ယောက်ယောက်က ဒီဇာတ်လမ်းကို ဖန်တီးခဲ့တာ ဆိုရင်လည်း ဒီလိုပုံစံနဲ့ပဲ ဇာတ်သိမ်းပေးရမှာပါပဲ။ ထရီဇာက မဖိတ်ခေါ်ဘဲ ရုတ်တရက် ရောက်လာခဲ့သလို အသိမပေးဘဲ ရုတ်တရက် ထွက်ခွာသွားခဲ့သည်။ လာတုန်းကလည်း လေးလံလှတဲ့ ခရီးဆောင်အိတ်ကြီးနဲ့၊ ထွက်သွားတော့လည်း အဲဒီ အိတ်ကြီးနဲ့ပဲ။

သူ ကျသင့်ငွေကို ရှင်းပြီး စားသောက်ဆိုင်ထဲက ထွက်လာခဲ့သည်။ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်နေမိသည်။ လွမ်းဆွေးမှုတွေက ပိုပြီး လှပလာခဲ့သည်။ သူဟာ ထရီဇာနဲ့ ခုနစ်နှစ်တာကာလလုံး အတူရှိနေခဲ့သည်။ ဒါပေမဲ့ အဲဒီကာလတွေဟာ အခုလို နောက်ကြောင်း ပြန်တွေးကြည့်မှ ပိုပြီး ဆွဲဆောင်မှု ရှိနေခဲ့သည်။

သူ့ရဲ့ ထရီဇာအပေါ်ထားတဲ့ အချစ်ဟာ လှပပေမယ့် စိတ်ကိုလည်း ပင်ပန်းစေခဲ့သည်။ သူ့မှာ အမြဲမပြတ် သူမ မသိအောင် ဖုံးဖိနေရသည်။ အယောင်ဆောင်နေရသည်။ ဟန်ဆောင်နေရသည်။ ပြင်ပြောနေရသည်။ ကျိန်တွယ်ပြောနေရသည်။ သူမကို ချော့နေရသည်။ သူ့ခံစားမှုကို အထောက်အထား ပြနေရသည်။ သူမရဲ့ မနာလိုစိတ်၊ သူမရဲ့ဝေဒနာ၊ သူမအိပ်မက်တွေရဲ့ဒဏ် ခံနေရသူလို သရုပ်ဆောင်နေရသည်။ အပြစ်မကင်းသလို ခံစားရပြီး အမြဲတမ်း ဆင်ခြေတွေပေး တောင်းပန်လို့ နေရသည်။ အခုတော့ အဲဒီလို စိတ်ပင်ပန်းမှုတွေ ပျောက်ကွယ်သွားပြီး အလှတရား သက်သက်ပဲ ကျန်ရစ်တော့သည်။

ပထမဆုံးအနေနဲ့ စနေနေ့မှာ ဇူးရစ်မြို့ထဲ တစ်ယောက်တည်း လျှောက်သွားနေခဲ့သည်။ လွတ်လပ်မှုရဲ့ အငွေ့အသက်ကို ရှူရှိုက်ရင်း စိတ်တွေ မြူးကြွလို့နေသည်။ စွန့်စားခန်းအသစ်က နေရာတိုင်းမှာ ရှိနေသည်။ အနာဂတ်က လျှို့ဝှက်ချက် တစ်ခု ဖြစ်နေပြန်သည်။ သူ တစ်ချိန်က ရည်ရွယ်ထားခဲ့သော သူ အမှန်တကယ် နေချင်တဲ့အတိုင်း နေလို့ရနိုင်မည့် လူပျိုလူလွတ်ဘဝကို ပြန်ရောက်နေခဲ့သည်။

mgyoe.com

mgyoe.com

ခုနစ်နှစ်တာလုံး သူမှာ သူမနဲ့ တွဲနေခဲ့ရသည်။ သူ့ရဲ့ခြေလှမ်းတိုင်းကို သူမ ထောက်လှမ်းနေခဲ့သည်။ သူမက သူ့ခြေချင်းမှာ သံခြေချင်းခတ်ထားခဲ့သည်။ အခုတော့ ရုတ်တရက်ကြီး သူ့ခြေလှမ်းတွေ ပေါ့ပါးသွားရသည်။ သူ့မှာ လေထဲ မြောက်နေသလိုမျိုးကြီး၊ သူဟာ ပါမန်နိဒီးစ်ရဲ့ မှော်စက်ဝန်းထဲ ဝင်သွားခဲ့သည်။ သူဟာ ချိုသာလှတဲ့ ဘဝရဲ့ ပေါ့ပါးမှုအပေါ်မှာ ပျော်ရွှင်နေခဲ့သည်။

(ဒါဟာ ဂျိနီဗာက ဆာဘီနာဆီ ဖုန်းဆက်ရတဲ့ ခံစားမှုမျိုးလား၊ ဒီခုနစ်လ အတွင်း တွေ့ခဲ့ရတဲ့ တခြားရည်းစားတွေနဲ့ ဆက်သွယ်ရသလိုမျိုးလား။ မဟုတ်ခဲ့။ လုံးဝ မဟုတ်ခဲ့။ ဘယ်မိန်းမမျှ သူ့ရဲ့ ထရီဇာ့အပေါ် အမှတ်ရခြင်းတွေကို မခံမရပ်နိုင် နာကျင်စေအောင် မလုပ်နိုင်ဘူးလို့ သူ ထင်သည်။)

## (၁၅)

ဒီစိတ်ဝင်စားဖွယ် အလွမ်းအဆွေး စိတ်ကူးဖြာခန်းဟာ တနင်္ဂနွေညနေအထိပဲ ခံခဲ့ပါသည်။ တနင်္လာနေ့မှာတော့ အားလုံး ပြောင်းလဲသွားခဲ့သည်။ ထရီဇာက သူ့အတွေးထဲကို ဝင်ရောက်လာခဲ့သည်။ သူ့မှာ နှုတ်ဆက်စာ ထိုင်ရေးနေတဲ့ သူမကို မြင်ယောင်မိသည်။ သူမရဲ့လက်တွေ တုန်ခါနေတာကို သူ ခံစားမိသည်။ လေးလံလှတဲ့ ခရီးဆောင်အိတ်ကြီးကို တစ်ဖက်က မနိုင်မနင်းဆွဲကာ အခြားတစ်ဖက်က ကရီနင်ကို ကြိုးနဲ့ ဆွဲခေါ်နေပုံကို သူ မှန်းဆကြည့်မိသည်။ ပရပ်က သူတို့ရဲ့ အခန်းတံခါးကိုဖွင့်ရင်း ဗိုက်ကနေ လေအပြည့် ရှူသွင်းနေမည့် သူမကို ပုံဖော်ကြည့်မိသည်။

ဒီ လှပတဲ့ အလွမ်းအဆွေး နှစ်ရက်တာကာလမှာ သူ့ရဲ့ ကိုယ်ချင်းစာ ကရုဏာစိတ် (စိတ်ချင်းဆက်သွယ်မှုရဲ့ ကျိန်စာဆိုး)က အနားယူနေခဲ့သည်။ တစ်ပတ်လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး တနင်္ဂနွေနေ့မှာ ကောင်းကောင်း အိပ်စက်အနားယူနေတဲ့ မိုင်းအလုပ်သမား တစ်ယောက်လို နောက်တစ်နေ့ တနင်္လာနေ့မှာ အလုပ်ပြန်ဝင်ဖို့ အားမွေးနေခဲ့ပုံရသည်။ သူ ကုပေးနေတဲ့ လူနာတွေအစား ထရီဇာ့ကို သူ မြင်နေခဲ့သည်။


သူ့ဘာသာသူ သတိပေးရသည်။ သူ့အကြောင်း မတွေးနဲ့။ သူ့နဲ့ ပတ်သက်ပြီး မတွေးနဲ့။ သူ့ဘာသာသူ ပြန်ပြောနေမိသည်။ ငါဟာ ဒီကရုဏာစိတ်ကို စိတ်ကုန်နေခဲ့ပြီ။ သူ သွားတာ ကောင်းတယ်။ သူ့ကို ဘယ်တော့မှ ပြန်မတွေ့ချင်တော့ဘူး။ ဒီကရုဏာ စိတ်ဟာ တကယ့်ရောဂါပဲ။ အရင်က ငါ့မှာ ဒီရောဂါမရှိခဲ့ဘူး။ သူ့ဆီကနေ ကူးလာခဲ့တာ။ ငါ ဒီဒုက္ခပေးလှတဲ့ ကရုဏာစိတ်တွေကနေ လွတ်မြောက်ချင်လှပြီ။

mgyoe.com

စနေနဲ့ တနင်္ဂနွေနေ့မှာ သူဟာ ပေါ့ပေါ့ပါးပါး ဖြစ်တည်မှုရဲ့ ချိုမြိန်မှုကို ခံစားနေခဲ့သည်။ တနင်္လာနေ့ရောက်တော့ သူဘယ်တုန်းကမှ မသိခဲ့သည့် လေးပင်မှုနဲ့ တိုးတိုက်မိတော့သည်။ ရုရှားတင့်ကားတွေရဲ့ သံမဏိတန်ချိန်က ဒါနဲ့ယှဉ်လိုက်ရင် ဘာမှမဟုတ်တော့။ ကိုယ်ချင်းစာ ကရုဏာတရားထက် ပိုလေးတဲ့အရာ မရှိတော့။ ကိုယ်တိုင်ခံစားနေရတဲ့ နာကျင်မှုပင်လျှင် တခြားတစ်ယောက်နဲ့အတူ ခံစားနေရတဲ့၊ တခြားတစ်ယောက်အတွက် ခံစားနေရတဲ့ နာကျင်မှုလောက် မလေးပင်ခဲ့။ နာကျင်မှုဟာ စိတ်ကူးတွေးထင်မှုတွေနဲ့ ပိုမို ပြင်းထန်လာခဲ့ပြီး ပဲ့တင်ရိုက်ခတ်မှုတွေနဲ့ ပိုမို ကြာရှည်လို့ နေခဲ့သည်။

သူဟာ ကရုဏာစိတ်ကို မလိုက်လျောမိဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေးရသည်။ ကရုဏာစိတ်ကလည်း ဦးညွှတ်ပြီး နားထောင်သည်။ အပြစ်မကင်းသလို ပုံမျိုးနဲ့ ကရုဏာစိတ်က ဒါဟာ ရဲတင်းလွန်းလှတယ်ဆိုတာ သိသည်။ သို့သော်လည်း သူ့ရပ်တည်ရာကနေ တိတ်တိတ်ဆိတ်ဆိတ်ပဲ ရပ်နေခဲ့သည်။ သူမ ထွက်သွားပြီး ငါးရက်မြောက်နေ့မှာတော့ ဆေးရုံရဲ့ ဒါရိုက်တာ (ပရပ်ကို ရုရှားကျူးကျော်စဉ် ကာလ သူ့ဆီကို နေ့စဉ်ဖုန်းဆက်သည့်သူ)ကို သူ ချက်ချင်းပဲ ပြန်တော့မယ့် အကြောင်း အသိပေးလိုက်သည်။ သူ ရှက်ရွံ့မိသည်။ သူ့ပြန်မည့်ကိစ္စမှာ တာဝန်မဲ့လွန်းရာကျပြီး ခွင့်မလွှတ်ချင်စရာပဲဆိုတာ သူ သိသည်။ သူ့ကိုယ်သူပဲ သူငယ်ချင်းနေရာနေပြီး စိတ်ထဲကနေ ထရီဇာရဲ့ ဇာတ်လမ်းနဲ့ စားပွဲခုံပေါ်မှာ သူ့အတွက်ထားခဲ့တဲ့ စာအကြောင်း ပြောပြနေမိသည်။ ဒါပေမဲ့လည်း အဆုံးမှာတော့ သူဘယ်လိုမှ ရှင်းပြလို့ မရ။ ဆွစ် ဆရာဝန်ရဲ့ ရှုထောင့်ကကြည့်လျှင် ထရီဇာ ပြန်သွားသည်က စိတ် ဂနာမငြိမ်ဖြစ်ခြင်းသာ ဖြစ်သည်။ ရွံမုန်းစရာပင်။ တောမတ်အနေနဲ့ ထရီဇာကို ဘယ်သူဝေဖန်တာမှ မခံချင်။ တကယ်တော့ ဆေးရုံဒါရိုက်တာမှာ အတော်စိတ်ဆိုးမိသည်။ တောမတ်ကတော့ သူ့ပခုံးကို တွန့်လိုက်ပြီး ဒါကြမ္မာ ဖန်လာတာပဲ မလွဲမရှောင်သာပဲ (Es muss sein)လို့ ရွတ်နေခဲ့သည်။

ဒါဟာ အရိပ်အမြွက် ပြောလိုက်တာပါပဲ။ ဘီသိုဗင်ရဲ့ နောက်ဆုံးတေးသွား (quartet) ရဲ့ နောက်ဆုံးအပိုဒ်မှာ အောက်ပါသံစဉ်နှစ်ခုကို အခြေခံထားခဲ့သည်။




mgyoe.com

mgyoe.com SAMPLE BOOK

စကားလုံးတွေရဲ့ အဓိပ္ပာယ်ရှာရတာ လုံးဝ ရှင်းပါသည်။ ဘီသိုဗင်က သူ့ရဲ့ နောက်ဆုံးအပိုဒ်မှာ စာသားတစ်ခုနဲ့ စထားသည်။ *ခက်ခဲလှတဲ့ ဆုံးဖြတ်ချက်* (Der schwer gefasste Entschluss) လို့ပဲ အများအားဖြင့် ဘာသာပြန်ကြသည်။ ဒီလို ဘီသိုဗင်နဲ့ သွယ်ဝိုက်ပြောဆိုလိုက်ခြင်းက ထရီဇာ့ဆီ ပြန်ဖို့အတွက် တောမတ်ရဲ့ ပထမဆုံး ခြေလှမ်းပင်။ အကြောင်းကတော့ ဘီသိုဗင်ရဲ့ ကွားတက် (quartets) တွေနဲ့ ဆိုနာတာ (sonatas) တွေပါတဲ့ ဓာတ်ပြားတွေကို ဝယ်ဖို့ တိုက်တွန်းခဲ့တာ သူမ ဖြစ်နေလို့ပါပဲ။

ဒီအရိပ်အမြွက်စကားက မထင်မှတ်တဲ့ ဆွစ်ဆရာဝန်နဲ့ အပ်စပ်နေခဲ့သည်။ အကြောင်းက သူကလည်း တကယ့် ဂီတချစ်သူတစ်ယောက်၊ သူက တည်တည် ငြိမ်ငြိမ်ပဲ ပြုံးပြီးတော့ မေးသည်။ ဘီသိုဗင်ရဲ့ တေးသွားထဲက မလွဲမသွေ (Muss es sein) လားလို့ မေးသည်။ ဟုတ်တယ် အဲဒီ မလွဲမသွေပဲလို့ တောမတ်က ပြန်ပြောလိုက်သည်။

## (၁၆)

ပါမန်နိုဒီးစ်နဲ့ ကွဲပြားစွာ ဘီသိုဗင် (Beethoven) က လေးပင်မှုကို အပြုသဘော မြင်ခဲ့သည်။ ဂျာမန်စကားလုံး schwer က ခက်ခဲလေးလံမှုကို ဆိုလိုသည့်အတွက် ဘီသိုဗင်ရဲ့ *ခက်ခဲလှတဲ့ ဆုံးဖြတ်ချက်ဟာ လေးလံလှတဲ့ ဆုံးဖြတ်ချက်*အဖြစ်လည်း ယူဆလို့ရနေခဲ့သည်။ *လေးလံလှတဲ့ ဆုံးဖြတ်ချက်ဟာ ကံကြမ္မာ (မလွဲမသွေ)* ရဲ့ အသံတစ်ခုလည်း ဖြစ်နေခဲ့သည်။ လိုအပ်မှု၊ အလေးချိန်နဲ့ တန်ဖိုးတို့ဟာ တစ်ခုနဲ့ တစ်ခု ခွဲခြားမရအောင် ချိတ်ဆက်နေသည့် အတွေးအမြင်တွေ ဖြစ်နေခဲ့သည်။ လိုအပ်တဲ့အရာတွေသာ လေးလံကြသည်။ လေးလံတဲ့အရာတွေသာ တန်ဖိုးရှိနေခဲ့သည်။

ဒါကတော့ ဘီသိုဗင်ရဲ့ ဂီတကနေ ရလာသည့် ထင်မြင်ချက်တွေပဲ ဖြစ်သည်။ မြစ်ဖျားခံလာသည်ကတော့ ဘီသိုဗင် ကိုယ်တိုင်ထက် ထုတ်လွှင့်အစီရင်ခံသူတွေဆီက ပိုပြီး ဖြစ်ဖို့များမယ် ဆိုတာကိုတော့ ကျွန်တော်တို့ မဝေ့သင့်။ ဒါပေမဲ့လည်း ကျွန်တော်တို့အားလုံး အနည်းနဲ့အများတော့ ဒါကို မျှသုံးနေကြတာပဲ ဖြစ်သည်။ အတ်လက်စ် (Atlas) ဟာ ကောင်းကင်ဘုံကို သူ့ပခုံးပေါ်မှာ ပင့်ထမ်းထားသလိုမျိုး လူတစ်ယောက်ရဲ့ ကြီးမြတ်မှုဟာ သူ့ကံကြမ္မာကို သူဘယ်လောက် သယ်ပိုးထားနိုင်သလဲ ဆိုသည့်အပေါ် မူတည်နေတယ်ဟု ကျွန်တော်တို့ ယုံကြည်

mgyoe.com

mgyoe.com

ထားကြသည်။ ဘီသိုဗင်ရဲ့ သူ့ရဲကောင်းကတော့ ရုပ်လွှန်လေးပင်မှုတွေကို သယ်ပိုးထားရတဲ့သူပေါ့။

တောမတ်မှာ ဆွစ်နယ်စပ်ရှိရာ ချဉ်းကပ်လာခဲ့သည်။ ကျွန်တော့် စိတ်ထဲတွင် မျှော်လင့်ချက်မဲ့ ထိတ်လန့်နေသည့် ဘီသိုဗင်ကိုယ်တိုင် နယ်ခံလေမှုတ်ကြေးတူရိယာဝိုင်းနဲ့အတူ ထွက်တော်မူခန်းမှာ Es Muss Sein တီးမှုတ်နေပုံကို မြင်ယောင်နေမိသည်။

ချက်နယ်စပ်ကို ဖြတ်ကျော်လိုက်သည်နှင့် တောမတ်ကို ရုရှားတင့်ကားတပ်တွေက ကြိုဆိုနေခဲ့သည်။ သူတို့ သွားလို့ မပြီးမချင်း နာရီဝက်လောက်ကြာအောင် သူ့ကားကို ရပ်ပြီး စောင့်နေရသည်။ သံချပ်ကာတပ်၏ အနက်ရောင်ဝတ်စုံ ဝတ်ထားသော စစ်သားတစ်ယောက်က ကြောက်ကြောက်လန့်လန့်နဲ့ လမ်းဆုံလမ်းခွမှာရပ်ပြီး တစ်နိုင်ငံလုံးက လမ်းတွေကို သူတစ်ယောက်တည်းနဲ့ပဲ ဆိုင်သလိုမျိုး လမ်းပြလို့နေခဲ့သည်။

တောမတ်က မလွဲမသွေပဲလို့ သူ့ကိုယ်သူ ပြန်ပြောနေခဲ့သည်။ သို့သော်လည်း နောက်ပိုင်း သူ သံသယဝင်လာခဲ့သည်။ ဒါဟာ အမှန်တကယ်ကို ဖြစ်ရမယ့်ဟာလား။

မှန်ပါသည်၊ သူ့အဖို့ ဇူးရစ်မှာနေပြီး ပရပ်မှာ တစ်ယောက်တည်း နေနေရသည့် ထရီဇာကို တွေးကြည့်ရတာ မခံစားနိုင်။ သို့ပေမဲ့လည်း ကရုဏာစိတ်ရဲ့ နှိပ်စက်မှုကို သူဘယ်လောက်ကြာကြာ ခံနေရမှာလဲ။ တစ်သက်လုံးလား၊ တစ်နှစ်လား၊ တစ်လလား။ ဒါမှမဟုတ် တစ်ပတ်ပဲလား။ သူ ဘယ်လိုလုပ် သိနိုင်မည်နည်း။ သူ ဘယ်လိုလုပ် တိုင်းတာနိုင်မည်နည်း။ ဘယ်ကျောင်းသားမဆို သိပ္ပံပူဆချက်အမျိုးမျိုးကို ရူပဗေဒဓာတ်ခွဲခန်းထဲမှာ စမ်းသပ်နိုင်သည်။ သို့ပေမဲ့ တစ်ဘဝတည်းရှိသည့် လူသားမှာ သူ့ရဲ့ခံစားမှု (ကိုယ်ချင်းစာနာမှု)နောက် လိုက်သင့်၊ မသင့်ဆိုတာကို ဘယ်လို စမ်းသပ်လို့ ရနိုင်မည်နည်း။

ဒီအတွေးတွေနဲ့ သူ့အခန်းတံခါးကို သူ ဖွင့်လိုက်မိသည်။ ကရီနင်ကတော့ အိမ်ပြန်လာတဲ့သူ့ကို သက်သောင့်သက်သာဖြစ်အောင် သူ့အပေါ် ခုန်တက်ပြီး မျက်နှာကို လျက်ပေးနေခဲ့သည်။ ထရီဇာ့ရင်ခွင်ထဲကို ခိုဝင်လိုက်ချင်သည့် သူ့ရဲ့ဆန္ဒတွေဟာ လုံးလုံးတစ်စစီ ဖြစ်သွားခဲ့သည်။ သူ့ဘာသာသူပဲ စိတ်ကူးယဉ်လိုက်သည်။ နှင်းတောအလယ်မှာ သူမနဲ့ မျက်နှာချင်းဆိုင်ရပ်လို့ နှစ်ယောက်လုံး ချမ်းလို့တုန်နေခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

(၁၇)

ကျူးကျော်မှုစကတည်းက ရုရှား စစ်လေယာဉ်တွေ ပရပ်မြို့ပေါ်မှာ တစ်ညလုံး ဝဲလို့ နေခဲ့သည်။ ဤဆူညံသံတွေနဲ့ ဘယ်လိုမှ အသားမကျသည့် တောမတ်မှာ ကောင်းကောင်း အိပ်လို့မရ။ အိပ်ပျော်နေတဲ့ ထရီဇာဘေးမှာ လူးလိမ့်ရင်း ဟိုးအရင် စကားစပ်မိတုန်းက သူ့ကို သူမ ပြောခဲ့တာတွေကို ပြန်တွေးနေမိသည်။ သူ့သူငယ်ချင်းဇတ်အကြောင်းကို သူတို့နှစ်ယောက် ပြောနေခဲ့ကြသည်။ သူမက ရှင်နဲ့သာ မတွေ့ခဲ့ရင် ကျွန်မ သူနဲ့ ကြိုက်သွားမှာ သေချာတယ်လို့ ကြေညာသည်။

အဲဒီအချိန်ကတော့ သူမရဲ့ စကားလုံးတွေက သူ့အတွက် ထူးထူးဆန်းဆန်း လွမ်းဆွေးစရာအဖြစ်သာ။ အခုချိန်မှာတော့ ထရီဇာတစ်ယောက် သူနဲ့ ကြိုက်ခဲ့ပြီး သူ့သူငယ်ချင်း ဇတ်နဲ့ မကြိုက်ခဲ့တာဟာ ကြုံကြိုက်တိုက်ဆိုင်မှုကိစ္စသာ ဖြစ်တယ်ဆိုတာ သူ နားလည်လာခဲ့သည်။ တောမတ်အပေါ်မှာ ထားတဲ့ သူမရဲ့ ပြီးပြည့်စုံတဲ့ အချစ်မျိုးကို ထည့်မတွက်ရင် သူမဟာ တခြားယောကျ်ားတွေအပေါ် မရေမတွက်နိုင်အောင် ချစ်လို့ရသည် ဆိုသည့် ဖြစ်နိုင်ခြေတွေက အပြည့်ပင်။

ကျွန်တော်တို့အားလုံး ဘဝမှာကြုံရတဲ့ အချစ်ကို လေးချင်လည်း လေးမည်၊ ပေါ့ချင်လည်း ပေါ့မည်လို့ ပြောတာကို လက်မခံနိုင်ကြ။ အချစ်ဆိုတာ မလွဲမသွေ ဖြစ်ကိုဖြစ်ရမယ့် ကိစ္စ။ အချစ်မရှိဘဲနဲ့ ကျွန်တော်တို့ဘဝတွေဟာ အရင်လို ပြန်မဖြစ်နိုင်တော့ဘူးလို့ ကျွန်တော်တို့ ယူဆထားကြသည်။ ဘီသိုဗင်ကိုယ်တိုင်လည်း ညှိုးငယ်စွာ၊ အုံ့အားသင့်ဖွယ်ကောင်းစွာ မလွဲမသွေ (Es muss sein) ဆိုတဲ့ တေးသွားကို ကျွန်တော်တို့ရဲ့ မဟာအချစ်အတွက် တီးခတ်နေခဲ့တယ်လို့ ခံစားမိသည်။

တောမတ်မှာ ထရီဇာရဲ့ သူ့သူငယ်ချင်း ဇတ်အပေါ်မှာ ထားတဲ့ မှတ်ချက်နဲ့ ပတ်သက်ပြီး မကြာခဏ တွေးနေမိသည်။ သူ့ဘဝရဲ့ အချစ်ဇာတ်လမ်းဟာ မလွဲမသွေ (Es muss sein) ဆိုတာထက် နောက်တစ်မျိုးလည်း ဖြစ်နိုင်သေးတယ်ဆိုတာနဲ့ ပိုနီးစပ်တယ်ဆိုတာ သူ ကောက်ချက်ချမိခဲ့သည်။

လွန်ခဲ့တဲ့ ခုနစ်နှစ်၊ ရှုပ်ထွေးခက်ခဲသည့် အာရုံကြောရောဂါတစ်မျိုးက သူ့ကို ထရီဇာတို့ မြို့ဆေးရုံကိုသွားဖို့ ဖြစ်လာခဲ့သည်။ ပရပ်ရှိ တောမတ်တို့ ဆေးရုံ၏ အကြီးဆုံး ခွဲစိတ်ဆရာဝန်ကြီးကို အတိုင်ပင်ခံအနေနဲ့ ပင့်သော်လည်း ဆရာကြီး ခမျာ တင်ပါးရိုးအာရုံကြောနာ ခံစားဖို့ ဖြစ်လာရသည်။ သူ့မှာ မလှုပ်ရှားနိုင်တဲ့ အတွက် တောမတ်ကိုပဲ သူ့ကိုယ်စား မြို့နယ်ဆေးရုံရှိရာ လွှတ်ခဲ့သည်။ မြို့ကလေး မှာ ဟိုတယ်တွေ အများကြီးရှိပေမယ့် ထရီဇာ အလုပ်လုပ်တဲ့ ဟိုတယ်မှာပဲ တည်းဖို့ ဖြစ်လာရသည်။ ပြီးတော့ သူ့မှာ ရထားမထွက်မီ အချိန်တွေအများကြီး ပိုဖို့လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လာသည်။ ထရီဇာကလည်း အဲဒီအချိန်မှာ တာဝန်ကျဖို့ဖြစ်လာ၊ သူ့ရဲ့ စားပွဲကိုမှ ဧည့်ခံဖို့ ဖြစ်လာခဲ့သည်။ အဲဒီမှာ တောမတ်အနေနဲ့ သူ့ဘာသာသူ အားထုတ်တာထက် ကြုံကြိုက်မှု ခြောက်ခုကြောင့်သာ ထရီဇာနဲ့ နီးစပ်သွားခဲ့သည်ဟု ပြောရပေမည်။

သူမကြောင့် သူ ပရပ်ကို ပြန်လာခဲ့သည်။ ကံအားလျော်စွာ ဖြစ်လာသည့် အချစ်အပေါ် မူတည်ပြီး ဒီသစ္စာရှိလှတဲ့ ဆုံးဖြတ်ချက်ကိုချခဲ့သည်။ တကယ်တော့ အကြီးဆုံး ခွဲစိတ်ဆရာဝန်ကြီးသာ လွန်ခဲ့သည့် ခုနစ်နှစ်က တင်ပါးရိုး အာရုံကြောနာ မဖြစ်ခဲ့ရင် ဒီအချစ်ဟာ ပေါက်ဖွားလာဖို့ မရှိ။ လုံးဝ အခန့်သင့်ဖြစ်လာတဲ့ အချစ်ကို လူပုဂ္ဂိုလ်အဖြစ် ခိုင်းနှိုင်းတင်စားနိုင်မယ့် အဲဒီမိန်းမဟာ သူ့ရဲ့ဘေးမှာ တခေါခေါနဲ့ အိပ်မောကျလို့။

ညက ညဥ့်နက်နေခဲ့ပြီ။ စိတ်ဖိစီးတဲ့အခါ ဖြစ်လေ့ရှိသလို သူ့အစာအိမ်က စပြီး ဖောက်လာခဲ့သည်။ တစ်ကြိမ်၊ နှစ်ကြိမ်လောက် သူမရဲ့ အသက်ရှူသံက ခပ်တိုးတိုး ဟောက်သံအဖြစ် ပြောင်းသွားသည်။ တောမတ် စိတ်ထဲမှာ ကရုဏာစိတ်တွေ မခံစားမိ။ သူ ခံစားနေရသည်က အစာအိမ်က ညှစ်နေသည့်ဒဏ်နှင့် ပြန်လာမိသည့်အတွက် စိတ်ပျက်လက်ပျက် ဖြစ်မိခြင်းပဲ ဖြစ်သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၂)

# ဝိညာဉ်နှင့်ခန္ဓာ

(၁)

စာရေးသူတစ်ယောက်အနေနှင့် စာဖတ်သူကို သူ့ဇာတ်ကောင်တွေ အမှန်တကယ်ရှိခဲ့ပါသည်ဟု လက်ခံလာအောင် ကြိုးစားရတာ အတော်အဓိပ္ပာယ်မဲ့လှပါသည်။ ဇာတ်ကောင်တွေက အမေဗိုက်ထဲက မွေးလာသည် မဟုတ်။ ထိထိရှရှ စာလေး တစ်ကြောင်း၊ နှစ်ကြောင်းနှင့် မွေးလာခဲ့ခြင်း ဖြစ်သည်။ တောမတ်ဆိုလျှင် တစ်ကြိမ် တစ်ခါဆိုတာ ဘာမှမဟုတ်ပါ 'Einma! ist keinmal' ဟု ရွတ်ပြီး မွေးလာခဲ့သည်။ ထရီဇာ ဆိုရင်လည်း ဗိုက်ထဲမှာ တဂွီဂွီမြည်ပြီး မွေးလာခဲ့သည်။

တောမတ်အခန်းကို ပထမဆုံး ရောက်သွားသည့်အချိန်တွင် သူမဗိုက်ထဲမှာ သံစုံမြည်လို့။ သူမမှာ ဘူတာတွင် ရထားစောင့်ရင်း ဆင်းဒဝစ်တစ်ချပ် စားခဲ့တာက လွဲရင် မနက်ကတည်းက ဘာမှ မစားခဲ့ရ။ စွန့်စားပြီး ထွက်လာရသဖြင့် သူမမှာ စားဖို့ကိုတောင် မေ့နေခဲ့သည်။ သို့သော် ခန္ဓာကိုယ်ကတော့ သူ့ကို ဂရုမစိုက် မေ့ထားလျှင် ပြန့်ပြီး ဒုက္ခပေးတတ်တာမျိုးပင်။ ဗိုက်ထဲတွင် တဂွီဂွီမြည်ပြီး တောမတ် ရှေ့ ရပ်နေရသည်မှာ အတော်ဆိုးလှသည်။ သူမမှာ ငိုချင်စိတ်တောင် ပေါက်မိသည်။ ကံကောင်းချင်တော့ ခဏအကြာ တောမတ်က သူမကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ သူမလည်း ဗိုက်ထဲက အော်မြည်နေတာတွေ မေ့သွားခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


(၂)

ထို့ကြောင့် ထရီဇာ့ကို လူ၏ အခြေခံအဖြစ် သိထားသော ဝိညာဉ်နဲ့ခန္ဓာ၏ ညှိနှိုင်းမရသည့် ရန်ပွဲထဲမှာ မွေးဖွားလာခဲ့သည်ဟု ပြောရမည်။ ဟိုအရင်ကတော့ လူသားမှာ သူ့ရင်ဘတ်က တချက်ချက်ခုန်သည့် အသံကို အံ့အားတသင့် နားထောင်ကောင်းနားထောင်လိမ့်မည်။ သို့သော် အဲဒါ ဘာလဲလို့တော့ သံသယဝင်မှာ မဟုတ်။ အဲဒီအချိန်က လူသားမှာ သူ့ခန္ဓာကိုယ်နဲ့ ပတ်သက်လာရင် အစိမ်းသက်သက်ပင်။ မကျွမ်းဝင်တဲ့ ပစ္စည်းတစ်ခုလိုပင်။ ခန္ဓာကိုယ်မှာ အမြင်တွေ၊ အကြားတွေ၊ စိုးရိမ်မှုတွေ၊ အတွေးတွေ၊ အံ့သြဘနန်းဖြစ်မှုတွေ ထည့်ထားသည့် လှောင်အိမ်တစ်လုံးလိုဖြစ်နေလိမ့်မည်။ ဝိညာဉ်ကတော့ ခန္ဓာကိုယ်ရဲ့ ကျန်လစ်လပ်နေသည့် နေရာအနှံ့ရှိနေခဲ့သည်ပေါ့။

ယနေ့အချိန်မှာတော့ ခန္ဓာကိုယ်ဟာ ကျွန်တော်တို့နဲ့ မစိမ်းတော့။ ရင်ဘတ်က တဒိတ်ဒိတ် ခုန်နေတာက နှလုံး၊ နှာခေါင်းဆိုတာ အဆုတ်ထဲကို အောက်ဆီဂျင်ရောက်အောင် သွယ်ထားတဲ့ ပိုက်ခေါင်းသက်သက်ပဲ။ မျက်နှာဆိုတာလည်း ဘာမှမဟုတ်။ အစာခြေတာ၊ မြင်တာ၊ ကြားတာ၊ အသက်ရှူတာ၊ တွေးတောတာ စတဲ့ ခန္ဓာကိုယ်ရဲ့ လည်ပတ်နေတဲ့ ယန္တရားတွေ အကုန်လုံးကို မှတ်တမ်းတင် ဖော်ပြနေတဲ့ နေရာပဲ။ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း တစ်ခုချင်းစီကို နာမည်တွေပေးပြီးကတည်းက ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး လူတွေ သိပ်ခေါင်းမစားတော့။ ဝိညာဉ်ဆိုတာ ဦးနှောက်ထဲက မီးခိုးရောင်ပျော့စိစိ အရာတွေပဲ။ အတိတ်က ခန္ဓာနဲ့ဝိညာဉ်နှစ်ခုကွဲနေမှုဟာ သိပ္ပံဝေါဟာရတွေထဲမှာ မြုပ်ကွယ်သွားကြသည်။ ဒီအမြင်ကိုခေတ်မရှိတော့တဲ့ ရှေးအယူတစ်ခုအနေနဲ့ ကျွန်တော်တို့ လှောင်ပြောင် ရယ်မောနေခဲ့ကြပြီ။ သို့ပေမဲ့ အချစ်နတ် ဖမ်းစားခံရသူ တစ်ယောက်ခမျှာ ဗိုက်ထဲက တဗွိဗွိမြည်သံအောက်မှာ ခန္ဓာနဲ့ ဝိညာဉ် ပေါင်းဆုံခြင်း ဆိုတဲ့ သိပ္ပံခေတ်ရဲ့ လှပတဲ့ ထင်ယောင်မှားမှုဟာ ချက်ချင်းပဲ ပျောက်ကွယ်လို့ သွားခဲ့ပါတော့သည်။

(၃)

ထရီဇာဟာ သူမကိုယ် သူမ ခန္ဓာကိုယ်ကတစ်ဆင့် ကြည့်လေ့ရှိသူ တစ်ယောက်၊ ဒါကြောင့်လည်း အပျိုပေါက်ဖြစ်ကတည်းက မှန်ရှေ့မှာ အမြဲရောက်ရောက်နေခဲ့သည်။ သူမအမေ မိသွားမှာလည်း စိုးသဖြင့် သူမမှာ မလုံမလဲနဲ့ မှန်ထဲကို ချောင်းချောင်းကြည့်နေခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်အလှကိုယ် ဂုဏ်ယူဝင့်ကြွားစွာနဲ့ မှန်ကြည့်တာ မဟုတ်။ သူမမှာ သူမရဲ့ ငါကို တအံ့တသြ ကြည့်နေမိသည်။ ခန္ဓာကိုယ် ယန္တရားကြီးရဲ့ ဒက်ရှ်ဘုတ် ကို ကြည့်နေသည်ဟု မတွေးမိ။ သူမမျက်နှာမှာ သူမရဲ့ဝိညာဉ်က တောက်ပလို့ နေသည်ဟု ထင်မိသည်။ သူမရဲ့ နှာခေါင်းကိုလည်း အဆုတ်ကို သွယ်ထားတဲ့ ပိုက်ခေါင်းသက်သက်ပဲ ဆိုတာ မေ့နေခဲ့သည်။ သူမရဲ့ သဘာဝကို အမှန်တကယ် ဖော်ပြနေတဲ့ အရာလို့ပဲ မြင်မိသည်။

မှန်ရှေ့မှာ အကြာကြီးငေးရင်း တစ်ခါတစ်ရံ သူမရဲ့ မျက်နှာမှာ အမေ ဖြစ်သူရဲ့ အသွင်အပြင်ကို မြင်လိုက်ရရင် ဝမ်းနည်းမိတတ်သည်။ အဲဒီအခါမျိုးမှာ သူမအမေရဲ့ ပုံရိပ်တွေကို ပျောက်ကွယ်သွားအောင် သူမကိုယ် သူမ ပိုပြီး ပြင်းပြင်းထန်ထန် စိုက်ကြည့်ကာ သူမ ပုံရိပ်တစ်ခုပဲ ကျန်နေအောင် ကြိုးစားတတ် သည်။ သို့သော်လည်း အရက်သောက်ထားသည့်အခါများမှာသာ အဆင်ပြေတတ် သည်။ အဲဒီအခါမျိုးမှာ သူမရဲ့ဝိညာဉ် ခန္ဓာကိုယ် မျက်နှာပြင်ပေါ်ကို တက်လာပုံ က သင်္ဘောဝမ်းဗိုက်ထဲက ကုန်းပတ်ပေါ် တက်လာသည့် သင်္ဘောသားတစ်ယောက် ကောင်းကင်ကို လက်ပြပြီး အောင်ပွဲခံသီချင်းတွေ သီကြွေးနေသလိုမျိုးပင်။

(၄)

သူမမှာ အမေဆီက ရုပ်ရည်တင်မက အားလုံးကို အမွေဆက်ခံလို့ ထားခဲ့သည်။ တစ်ခါတစ်ခါ ကျွန်တော် တွေးမိသည်။ သူမဘဝတစ်ခုလုံးမှာ သူမအမေ၏ အဆက်ပင်။ ဘိလိယက်ခုံပေါ်က ဘောလုံးမှာ ကစားသမား၏ လက်အရှိန်အတိုင်း ဆက်ရွေ့လျားနေရသလိုမျိုးပင်။

ထရီဇာ့ဘဝကို ဖြစ်တည်စေခဲ့သည့် ဤရွေ့လျားမှု ဘယ်နေရာ ဘယ်အချိန် မှာ စတင်ခဲ့ပါသနည်း။

ဖြစ်နိုင်သည်ကတော့ ထိုအချိန်က ပရပ်မြို့ခံ ကုန်သည်ကြီးဖြစ်သော ထရီဇာအဘိုးက သူ့သမီး၏အလှကို အားလုံးသိအောင် အမွှမ်းတင်ခဲ့ပါလိမ့်မည်။ ထိုအချိန်က သုံးလေးနှစ်သမီးမျှသာ ရှိသေးသည့် သမီးဖြစ်သူကို အဖေလုပ်သူက ရာဖေးရဲ့ မက်ဒေါနားနဲ့ တထေရာတည်းပဲလို့ ပြောခဲ့ပါလိမ့်မည်။ လေးနှစ်သမီးသာ ရှိသေးသည့် ထရီဇာ့အမေမှာ ဒါကို ဘယ်တော့မှ မမေ့တော့။ ဆယ်ကျော်သက်ရွယ် ကျောင်းတက်တော့လည်း အတန်းထဲမှာ ထိုင်ပြီး ဆရာမပြောတာ နားမထောင်ဘဲ သူမကိုယ်သူမ ဘယ်ပန်းချီကားနဲ့တူသလဲ ဆိုတာပဲ တွေးနေခဲ့ပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည့်နောက်မှာတော့ သူမမှာ အိမ်ထောင်ပြုဖို့အချိန် ရောက်လာခဲ့သည်။ သူမကို ယောက်ျားကိုးယောက် တစ်ပြိုင်တည်း ချစ်ရေးဆိုကြသည်။ သူတို့ အားလုံးက သူမ ပတ်ပတ်လည်မှာ ဒူးထောက်လို့။ သူမမှာ မင်းသမီးတစ်ပါးလို အလယ်မှာ ခံ့ခံ့ကြီးထိုင်ပြီး ဘယ်သူ့ကို ရွေးချယ်ရမယ်မသိ ဖြစ်နေခဲ့သည်။ တစ်ယောက်က အချောဆုံး၊ တစ်ယောက်က ဉာဏ်အကောင်းဆုံး၊ တတိယ တစ်ယောက်က အချမ်းသာဆုံး၊ စတုတ္ထတစ်ယောက်က ခန္ဓာကိုယ် သန့်စွမ်းဖျတ်လတ်ဆုံး၊ နံပါတ်ငါးတစ်ယောက်က မျိုးကြီးရိုးကြီးထဲက၊ ဆဌမ တစ်ယောက်က ကဗျာတွေ ကောင်းကောင်း ရွတ်နိုင်သည်။ သတ္တမတစ်ယောက်က နေရာအနှံ့ ရောက်ဖူးသူ။ အဌမ တစ်ယောက်က တယောထိုးပိုင်သူ၊ နဝမတစ်ယောက်ကတော့ ယောက်ျား အပီသဆုံး။ သို့သော် သူတို့အားလုံးက သူမရှေ့မှာ တစ်ပုံစံတည်း ဒူးထောက်ထားကြသည်။ ဒူးခေါင်းမှာ အသားမာတွေ တက်နေတာလည်း အားလုံး တစ်ပုံစံတည်း။

နောက်ဆုံးမှာ သူမ နဝမတစ်ယောက်ကို ရွေးဖြစ်ခဲ့သည်ကတော့ သူက အားလုံးထဲမှာ ယောက်ျားပီသဆုံးဖြစ်သည့်အတွက် မဟုတ်။ သူမနှင့် ချစ်ပွဲဝင်ကြရာဝယ် သတိထား သတိထားဟု သူမ ပြောနေသည့်ကြားမှ တမင်ဂရုမစိုက် လုပ်ခဲ့သည့်အတွက် ကိုယ်ဝန်ရခဲ့ပြီး ဖျက်ချဖို့ရာလည်း ဆရာဝန် ရှာမရသည့် အတွက်ပင်။ သည်လိုနှင့် ထရီဇာတစ်ယောက် မွေးဖွားလာခဲ့သည်။ အနယ်နယ် အရပ်ရပ်က ဆွေမျိုးတွေ ရောက်လာကြပြီး ကလေးရဲ့ လက်တွန်းလှည်းလေးပေါ် ငုံ့ကိုင်းကာ ကလေးနှင့် တီတီတာတာ ပြောကြသည်။ ထရီဇာ့ အမေကတော့ တီတီတာတာလည်း မပြော၊ သူမက တစ်ခွန်းဆို တစ်ခွန်းမျှမပြော။ သူမက တခြား ချစ်ရေးဆိုသူ ရှစ်ဦးအကြောင်းသာ တွေးနေမိသည်။ သူမစိတ်ထဲမှာ အားလုံးက ဒီနဝမမြောက်ထက် သာတာချည်းပဲဟု ထင်နေမိသည်။

ထရီဇာ့လိုပဲ သူ့အမေကလည်း မှန်သိပ်ကြိုက်သည်။ တစ်နေ့မှာ မျက်လုံးနားက အရေးအကြောင်းတစ်ခုကို သတိထားမိပြီး သူမ အိမ်ထောင်ပြုခဲ့တာ ဘာအဓိပ္ပာယ်မှမရှိဟု ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှာပဲ သူမမှာ အကြိမ်ကြိမ် လိမ်လည်ဖူးသည့် မှတ်တမ်းရှိသော ယောက်ျားမပီသသည့် လူတစ်ယောက်နှင့် ဆုံဖြစ်သည်။ ထိုလူက အိမ်ထောင်လည်း နှစ်ဆက်ပြတ်ခဲ့ဖူးသူ။ ယခုအချိန်မှာ သူမအဖို့ အသားမာတက်အောင် သူမကို ဒူးထောက် တောင်းပန်ခဲ့ကြသော ချစ်ရေး ဆိုသူအားလုံးကို မုန်းတီးနေမိသည်။ သူမအဖို့ အပြောင်းအလဲကို အမှန်တကယ် လှိုက်လှိုက်လှဲလှဲ ဒူးထောက်ပြီး တောင်းဆိုချင်မိသည်။ သည်လိုနှင့် သူမမှာ

mgyoe.com

m gyoe.com SAMPLE BOOK


အသစ်စက်စက် လူလိမ် မိတ်ဆွေရှေ့မှာ ဒူးထောက်တောင်းပန်ကာ သူမယောကျ်ား နှင့် ထရီဇာ့ကို ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့ ထားရစ်ခဲ့တော့သည်။

ယောကျ်ားအပီသဆုံးသူက ဝမ်းနည်းအားငယ်ဆုံးသူ ဖြစ်လာခဲ့သည်။ သူ့မှာ ဘယ်လောက်တောင် ဝမ်းနည်းအားငယ်မိသလဲဆို ဘယ်လိုအရာကမှ သူ့အတွက် ဘာမှ မဟုတ်တော့။ ဒီ့အတွက် သူက သူ့စိတ်ထဲရှိသည့်အတိုင်း ဘွင်းဘွင်းကြီး ဖွင့်ဟလိုက်သည့်အခါ ကွန်မြူနစ်ပုလိပ်များက သူ၏ ကြမ်းတမ်းလှသည့် အဆို အတွက် ဖမ်းဆီး၊ ခုံရုံးတင်ကာ နှစ်ရှည်ထောင်ဒဏ် ချခဲ့တော့သည်။ သူတို့က သူ၏ တိုက်ခန်းကို ချိပ်ပိတ်၊ ထရီဇာ့ကို သူ့အမေဆီ ပို့လိုက်ကြတော့သည်။

စိတ်ဓာတ်အကျဆုံး ပုဂ္ဂိုလ်ကြီးမှာ ထောင်ကျပြီး သိပ်မကြာ သေဆုံးသွား ခဲ့သည်။ ထရီဇာတို့သားအမိ ထိုလူလိမ်နှင့်အတူ တောင်တန်းဒေသ မြို့လေး တစ်မြို့ဆီ သွားရောက်နေထိုင်ခဲ့ကြသည်။ လူလိမ်က ရုံးတစ်ရုံးမှာ အလုပ်ရပြီး ထရီဇာ့အမေက ဆိုင်တစ်ဆိုင်မှာ ဝင်လုပ်သည်။ သူမ အမေက နောက်ထပ် ကလေးသုံးယောက် မွေးသည်။ သည့်နောက်မှာ သူမကိုယ်သူမ မှန်ထဲပြန်ကြည့်ပြီး အိုမင်းရင့်ရော်ကာ ရုပ်ဆိုးလာခဲ့ပြီကို သတိထားမိလာခဲ့တော့သည်။

(၅)

သူမမှာ အရာရာကို လက်လွှတ်ဆုံးရှုံးသွားရသည့်အခါ လက်သည်တရားခံကို ရှာဖွေဖို့ ကြိုးစားလာသည်။ အကုန်လုံးက တာဝန်မကင်း။ ပထမယောကျ်ားက ယောကျ်ားပီသသည်။ သို့သော် မချစ်တတ်။ သူမ တီးတိုး သတိပေးတာကို အရေးမစိုက်ခဲ့။ သူမ၏ ဒုတိယယောကျ်ားကတော့ ယောကျ်ားမပီသ၊ သို့သော် ကောင်းကောင်း ချစ်တတ်သည်။ သို့သော် သူမကို ပရပ်ကနေ တောမြို့လေးဆီ ခေါ်သွားခဲ့ပြီး မိန်းမ တစ်ယောက်ပြီးတစ်ယောက် ရှုပ်ပွေနေသည့် သူ့ကို အမြဲလိုလို ဝန့်တိုနေရသည့်ဘဝကို ရောက်စေခဲ့သည်။ သို့သော် ဘယ်ယောကျ်ားနဲ့ပဲဖြစ်ဖြစ် သူမမှာ ဘာမှ မတတ်နိုင်သည့် အနေအထား။ သူမမှာ နိုင်စရာဆိုလို့ ဘယ်မှ မပြေးနိုင်သည့် ထရီဇာတစ်ယောက်သာ ရှိသည်။ တရားခံအားလုံးအတွက် သူမ ကိုသာ ပုံပြီး ဒဏ်ခတ်လို့ရသည် မဟုတ်လား။

တကယ်တော့လည်း သူမမှာ သူမအမေ၏ ကံကြမ္မာကို ပြဋ္ဌာန်းနေသည့် အဓိကတရားခံပဲ မဟုတ်ပါလား။ သူမဟာ အသန်မြန်ဆုံး ယောကျ်ားသုက်ပိုးနှင့် အလှပဆုံး မိန်းမမျိုးဥတို့ ဒီလိုပဲ ကြုံကြိုက်တွေ့ဆုံမှုကနေ မွေးဖွားဖြစ်တည်လာ ခဲ့သည် မဟုတ်လား။

mgyoe.com

mgyoe.com

SAMPLE BOOK


ဟုတ်သည်။ ထိုအခိုက်အတန့်ကလေးတွင် သူမ အမေအတွက် ထရီဇာ ဟု အမည်ရသည့် ဆိုးဆိုးရွားရွား မာရသွန်ပြေးပွဲကြီးတစ်ခု စတင်လာခဲ့ရသည်။ ထရီဇာ့အမေက မိခင်ဘဝသည် အရာအားလုံးကို စွန့်လွှတ်ထားရသည့် ဘဝဆိုတာ သူမကို အမြဲမပြတ် သတိပေးနေခဲ့သည်။ ကလေးတစ်ယောက်အတွက် အရာရာကို စွန့်လွှတ်ခဲ့ရသော မိခင်တစ်ယောက်အနေနဲ့ သူမပြောသည့် စကားတွေက အမှန်တွေပဲ ဖြစ်သည်။ ထရီဇာ့မှာ သူမ ပြောတာ နားထောင်ရင်း မိခင်ဘဝဆိုတာ တန်ဖိုးအရှိဆုံးနှင့် စွန့်လွှတ်အနစ်နာခံရဆုံးပဲလို့ သဘောပေါက်လာမိသည်။ အကယ်၍ မိခင်တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် စတေးမှုရဲ့ ပြယုဂ်တစ်ခုသာဖြစ်ခဲ့ရင် သမီးတစ်ယောက်ဟာ အပြစ်မကင်းမှုရဲ့ ပြယုဂ်ပဲဖြစ်စဖို့ ရှိသည်။ ပြန်လည်ပြင်ဆင်လို့လည်း ဖြစ်သည် မဟုတ်။

(၆)

မှန်ပါသည်။ သူမ အမေက အဖေဖြစ်သူကို သတိထားနော်လို့ နှစ်ကိုယ်ကြား ပြောခဲ့သည့် တစ်ခါက တစ်ညတာ အဖြစ်အပျက်ကို သူမ ဘယ်လိုလုပ် သိနိုင်လိမ့်မည်နည်း။ ဒီ့အတွက် သူမ၏ အပြစ်မကင်းသည့် စိတ်မှာ မွေးရာပါ အပြစ်ကြီးတစ်ခုလိုမျိုး မသဲမကွဲနှင့်။ သူမမှာလည်း ထိုစိတ်ကို တတ်နိုင်သမျှ ကြိုးစားပြီး ဖျောက်ပါသည်။ သူမအမေက သူမကို ၁၅ နှစ်သမီးတွင် ကျောင်းကနုတ်ပြီး စားပွဲထိုး လုပ်စေခဲ့ပါသည်။ ပြီးတော့ ရသမျှကို အပ်စေသည်။ သူမအဖို့ အမေ့ရဲ့ ချစ်ခြင်းကိုရဖို့ ဘာမဆို လုပ်ပေးချင်မိသည်။

သူမမှာ မောင်နှမတွေကိုလည်း စောင့်ရှောက်၊ တစ်ဖက်မှာ အိမ်မှုကိစ္စတွေဆိုလည်း သူမပဲ လုပ်သည်။ တနင်္ဂနွေလိုနေ့မျိုး ဆိုလျှင် တစ်အိမ်လုံး သန့်ရှင်းရေး လုပ်တတ်သည်။ စိတ်မကောင်းစရာက သူမမှာ အတန်းထဲတွင် အတော်ဆုံးကလေးတစ်ယောက် ဖြစ်ခဲ့သည်။ သူမအဖို့ မြင့်မားသည့် ဘဝတစ်ခုကို တောင့်တမိသော်လည်း မြို့ငယ်လေးမှာတော့ သူမအတွက် ဘာအခွင့်အလမ်းမှ မရှိ။ သူမမှာ အဝတ်လျှော်သည့်အခါတိုင်း ရေကန်ဘေးမှာ စာအုပ်တစ်အုပ် ဆောင်ထားတတ်သည်။ စာမျက်နှာတွေကို တစ်ရွက်ပြီး တစ်ရွက် လှန်နေရင်း တစ်ဖက်မှာ လျှော်ပြီးသား ရေတွေက ဝေါခနဲ ကျဆင်းလို့။

အိမ်မှာတော့ ရှက်သည် ဆိုတာမျိုး မရှိ။ သူမအမေက တိုက်ခန်းထဲတွင် အတွင်းခံနှင့် လျှောက်သွားနေတတ်သည်။ တစ်ခါတစ်ရံ ဘရာစီယာပင် မဝတ်။

mgyoe.com

နေ့ရာသီလိုမျိုးဆိုလျှင် လုံးလုံးကို အဝတ်အစား မဝတ်တော့။ သူမ၏ ပထွေး ကတော့ အဲဒီလို ကိုယ်တီးလုံးနှင့် လျှောက်မသွား။ သို့ပေမဲ့ ထရီဇာ ရေချိုးနေ သည့်အချိန် ရေချိုးခန်းထဲ ဝင်ဝင်လာတတ်သည်။ တစ်ခါတော့ သူမက ရေချိုးခန်း တံခါးကိုအတွင်းက ကန့်လန့်ချမိသည်ကို သူမအမေက အရမ်းဒေါကန်နေခဲ့သည်။

"နင့်ကိုယ် နင် ဘာထင်နေလို့လဲ၊ သူက နင့်အလှအပတွေကို ကိုက်စားလိမ့် မယ် ထင်နေလို့လား"တဲ့။

(ဤပြဋ္ဌာကနေ ပြနေသည်ကတော့ အမေဖြစ်သူရဲ့ သမီးအပေါ် မုန်းတီး မှုမှာ ယောက်ျားအပေါ် ထားသည့် သံသယစိတ်ထက်ပင် ပိုကြီးမားနေခဲ့ပုံပင်။ သမီးဖြစ်သူမှာ အပြစ်တွေက လျော့သွားသည်မရှိ။ ယောက်ျားဖြစ်သူ၏ ဖောက်ပြန်မှု သည်ပင် သူမ အပြစ်မကင်းဘူး မဟုတ်လား။ သူမ အမေအတွက် ယောက်ျား ဖြစ်သူရဲ့ ထရီဇာ့အပေါ် တဏှာထမှုကို ကန့်ကွက်ဖို့ထက် ထရီဇာ့ လွတ်လပ်ခွင့် ကို တားမြစ်ဖို့သာ စိတ်သန်နေခဲ့သည်။)

တစ်ခါ ဆောင်းတွင်းကြီး သူမအမေက ကိုယ်လုံးတီးနှင့် လျှောက်သွား နေသည့်အတွက် ထရီဇာ့မှာ လမ်းမကနေ မမြင်အောင် လိုက်ကာတွေ ပြေးချရ သည်။ သူမအမေကတော့ နောက်ကနေ တဟားဟားနှင့် ရယ်လို့။ နောက်တစ်နေ့ တွင် သူမအမေရဲ့ မိတ်ဆွေတစ်စု ရောက်လာကြသည်။ အိမ်နီးနားချင်းတစ်ယောက်၊ လုပ်ဖော်ကိုင်ဖက် တစ်ယောက်၊ ကျောင်းဆရာမတစ်ယောက်၊ အခြား အမျိုးသမီး နှစ်ယောက် သုံးယောက် စသဖြင့် သူမတို့ အမြဲ ပုံမှန်ဝိုင်းဖွဲ့လေ့ ရှိကြသည်။ ထရီဇာ နှင့်အတူ ဧည့်သည်တစ်ယောက်ရဲ့ ဆယ့်ခြောက်နှစ်အရွယ် သားတစ်ယောက်က နှုတ်ဆက်ဖို့ ဝင်လာကြသည်။ ဒါကို အခွင့်ကောင်းယူကာ သူမအမေက ထရီဇာ တစ်ယောက် သူမ ပေါ့ပေါ့ပါးပါး ဝတ်စားတာကို လူတွေ မမြင်အောင် လိုက်ကာဖို့ ကြိုးစားသည့်အကြောင်း ဖောက်သည်ချသည်။ သူမက ရယ်တော့ တခြားအမျိုးသမီး တွေလည်း လိုက်ရယ်ကြသည်။ ထရီဇာလေးခမျာ လူ့ခန္ဓာကိုယ် ဆိုတာ လေလည်ပြီး ဆီးတွေ၊ ဝမ်းတွေသွားတဲ့ အတ္တဘောကြီး သက်သက်ပဲ ဆိုတာကို လက်မခံနိုင်အောင် ဖြစ်နေရှာတယ်ဟု သူမက ပြောသည်။ ထရီဇာ့မှာ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

သို့သော်လည်း သူမ အမေက မရပ်သေး၊ ဆက်ပြောနေခဲ့သည်။ အဲဒါ ဘယ်လောက်တောင် ဆိုးသလဲ ဆိုပြီး မေးလည်း မေး၊ ပြန်ဖြေသည့်အနေဖြင့် လေအကျယ်ကြီး လည်ပြလိုက်သေးသည်။ မိန်းမတွေ အားလုံးက ဝိုင်းရယ်လို့။

mgyoe.com SAMPLE BOOK

## (၇)

ထရီဇာ့အမေက အကျယ်ကြီး နှာမှုတ်တတ်သည်။ လိင်ကိစ္စအကြောင်း လူရှေ့ သူရှေ့ ပြောတတ်သည်။ သူမ၏ သွားတုကြီးကို သရုပ်ပြပြီး နောက်နေတတ်သည်။ သူမက သွားတုကို လျှာဖြင့် ဖြုတ်ရာမှာ ထူးထူးခြားခြား ကျွမ်းကျင်လှသည်။ ပါးစပ်ကို အကျယ်ကြီးဟပြီး ရယ်လိုက်လျှင် အပေါ်သွားက အောက်ပြုတ်ကျကာ မျက်နှာက ကြောက်စရာကြီး ဖြစ်သွားတတ်သည်။

သူမအမေ၏ အမူအရာတွေက ငယ်ရွယ်လှပမှုကို စွန့်ပစ်လိုက်သည်ကို ပြနေခဲ့သည်။ တစ်ချိန်က ယောကျ်ားကိုးယောက်လောက် သူမရှေ့မှာ ဒူးထောက်ကာ လက်ထပ်ခွင့် တောင်းခဲ့တုန်းကတော့ သူမ၏ မိမွေးတိုင်း ဖမွေးတိုင်း အလှအပေါ် ပူပန်စိုးရိမ်မှုအပြည့်ဖြင့် ကာကွယ်ခဲ့သည်ပေါ့။ သူမ၏ ခန္ဓာကိုယ်ကို တန်ဖိုးရှိအောင် ဗိုင်းကောင်းကျောက်ဖိ နေပြခဲ့သည်ပေါ့။ အခုတော့ အဲဒီ ဗိုင်းကောင်းကျောက်ဖိဘဝကို တမင် ချိုးဖျက်ပြီး အလှတရားနဲ့ ပျိုရွယ်မှုဟာ ဘာမှ တန်ဖိုးရှိလှသည် မဟုတ်။ အလကား အမွှမ်းတင်နေကြတာဟု ဖော်ညွှန်းနေခဲ့သည်။

ထရီဇာက သူမအမေ စွန့်ပယ်ခဲ့သည့် ငယ်ရွယ်လှပသည့် အနေအထိုင်မျိုးကို ဆက်ခံထားသည်။ (အကယ်၍များ ထရီဇာ၏ သွားလာလှုပ်ရှားပုံမှာ သိမ်မွေ့ညင်သာမှု မရှိဘဲ အယောင်ယောင် အမှားမှား ဖြစ်နေခဲ့ရင်လည်း ကျွန်တော်တို့ အံ့သြစရာ မရှိပါ။ သူမအမေရဲ့ ကြမ်းတမ်းရိုင်းပျပြီး ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးနေသည့် အမူအရာတွေက သူမဆီမှာ ဖျက်မရအောင် စွဲထင်နေခဲ့သည် မဟုတ်လား။)

## (၈)

တကယ်တော့ ထရီဇာ့အမေက တရားမျှတမှုကို တောင်းဆိုနေခြင်းသာ ဖြစ်သည်။ သူမအဖို့ အပြစ်သားကို ဒဏ်ခတ်ကြည့်ချင်သည်။ ဒီ့အတွက် သူမ သမီးကို သိမ်မွေ့မှုမရှိသော၊ သူလိုငါလို ခန္ဓာကိုယ်တွေ စုနေသည်က လွဲ၍ ဘာမှ မရှိသည့် ကမ္ဘာကြီး၊ ဘာဝိညာဉ်မှ မတွေ့နိုင်သည့် ကမ္ဘာကြီးထဲမှာပဲ ဆက်နေစေခဲ့သည်။

ဒီလောက်ဆိုရင် မကြာမကြာ မှန်ရှေ့မှာ အကြာကြီး စိုက်ကြည့်နေတတ်သည့် ထရီဇာ၏ လျှို့ဝှက်ချက်ကို ကျွန်တော်တို့တွေ ပိုပြီး သဘောပေါက်လောက်ပေပြီ။ ဒါဟာ သူမအမေနဲ့ တိုက်ပွဲဆင်နေခြင်းသာ ဖြစ်သည်။ ဒါဟာ သူမက ခန္ဓာကိုယ်ကို အများနဲ့ မတူချင်တဲ့စိတ်နဲ့ သူမမျက်နှာမှာ ထွက်ပြူလာမည့် ဝိညာဉ်ကို ရှာဖွေနေခြင်းသာ ဖြစ်သည်။ ဒါလည်း သိပ်လွယ်ကူလှသည်တော့ မဟုတ်။

mgyoe.com

အမြဲ ဝမ်းနည်း၊ ရှက်ကြောက်ပြီး လူလုံးမပြချင်သည့် သူမ၏ ဝိညာဉ်ဟာ ဟိုးအူသိမ်အူမတွေထဲ ဖုံးကွယ်လို့နေပြီး အပြင်ထွက်ဖို့ ရှက်ရွံ့နေခဲ့သည်။

ထို့ကြောင့် တောမတ်နှင့် ပထမဆုံးတွေ့သည့်နေ့က ဟိုတယ် စားသောက်ဆိုင်ထဲ အရက်သောက်နေသူတွေကြား လူးလာခေါက်တုံ့ သွားလာနေရင်း ဗန်းထဲက ဘီယာ၏ အလေးချိန်ဖြင့် သူမ ဝိညာဉ်မှာ ခန္ဓာကိုယ်၏ အောက်ပိုင်း ခပ်ရောက်ရောက် အစာအိမ် သို့မဟုတ် မုန့်ချိုအိတ်နားလောက်ထိ ရောက်နေခဲ့သည်။ ဒီနောက် တောမတ်က လှမ်းခေါ်ခဲ့သည်။ ဤသို့ ခေါ်လိုက်မှုက သူမအဖို့ အဓိပ္ပာယ် အများကြီး ဆောင်နေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူမ အမေနဲ့လည်း မသိ၊ အမြဲမထိတထိ ပြောနေတတ်သော အမူးသမားတွေနဲ့လည်း မသိသည့် လူတစ်ယောက်က လှမ်းခေါ်လိုက်ခြင်း ဖြစ်သောကြောင့်ပင်။ ဤသို့ အပြင်လူဖြစ်နေတဲ့ သူ့အနေအထားက ကျန်လူတွေထက်ကို တစ်ပန်းသာနေခဲ့သည်။

သူ့ကို တခြားသူတွေနဲ့မတူ အထင်ကြီးမိသည့် တခြားအချက်တွေလည်း ရှိသေးသည်။ သူက သူ့စားပွဲပေါ်မှာ စာအုပ်တစ်အုပ်ကို ဖွင့်ထားသည်။ အရင်က ဒီဆိုင်မှာ စာအုပ်ထုတ်ဖတ်သည့်သူဆိုတာ မရှိခဲ့။ ထရီဇာ့အဖို့ စာအုပ်တွေဟာ ရင်ဘတ်ချင်း ဆက်သွယ်မှု၏ သင်္ကေတပင်။ သူမအဖို့ ရိုင်းစိုင်းကြမ်းတမ်းသည့် ပတ်ဝန်းကျင် ကမ္ဘာကို ရင်ဆိုင်ဖို့ တစ်ခုတည်းသော လက်နက်က မြူနီစီပယ်စာကြည့်တိုက်က သူမ ငှားဖတ်နေခဲ့သည့် စာအုပ်တွေ ဖြစ်သည်။ အထူးသဖြင့် ဝတ္ထုတွေ ဖြစ်သည်။ သူမမှာ ဖီးဒင်းကနေ တောမတ်မန်းအထိ အကုန်ဖတ်သည်။ ဒီဝတ္ထုတွေက သူမ မပျော်ပိုက်သည့် ပတ်ဝန်းကျင်မှ စိတ်ကူးနဲ့ လွတ်မြောက်နိုင်ရုံတင်မက အသွင်အပြင်အားဖြင့်လည်း အဓိပ္ပာယ် တစ်စုံတစ်ရာပေးသည်။ သူမမှာ လမ်းသွားတိုင်း စာအုပ်လေးတစ်အုပ် ချိုင်းကြားညှပ်လို့။ ဒါဟာ လွန်ခဲ့သည့် နှစ်တစ်ရာလောက်က ဟန်များတဲ့လူတွေအတွက် လမ်းလျှောက်တုတ် ကောင်းကောင်းတစ်ချောင်းလို အရေးပါသည်။ သူမကို တခြားသူများနှင့် ကွဲပြားနေစေခဲ့သည်။

(စာအုပ်နှင့် လမ်းလျှောက်တုတ်ကို နှိုင်းယှဉ်ရတာ သိပ်တော့ မလိုက်ဖက်၊ လမ်းလျှောက်တုတ်က သူတို့အတွက် ခေတ်မီဖို့ ကိုင်ကြခြင်း ဖြစ်သည်။ စာအုပ်ကတော့ ထရီဇာကို ခေတ်ဟောင်းစတိုင် ပေါက်စေသည်။ သူမအတွက် ဒီလို ခေတ်ဟောင်းစတိုင် ဖမ်းဖို့က ငယ်လွန်းနေခဲ့သည်။ သူမကလည်း ထရန်စစ္စတာရေဒီယိုကို နားနားကပ် နားထောင်နေတတ်သည့် လူငယ်တွေကို အရူးတွေလို့ပဲ မှတ်ယူသည်။ သူမအဖို့ ဒါကို ခေတ်မီတယ်လို့ မယူ။)

mgyoe.com

ဒီ့အတွက် သူမကို လှမ်းခေါ်လိုက်သည့်သူမှာ လူစိမ်းတစ်ယောက် ဖြစ်သော်လည်း သူမနှင့် လိုင်းတူသည့် စာသမားတစ်ယောက်လည်း ဖြစ်နေခဲ့သည်။ ကြင်ကြင်နာနာခေါ်လိုက်သည့် သူ့အသံကို နားထောင်ပြီး ထရီဇာ၏ ဝိညာဉ်ခမျာ သွေးကြောတွေကတစ်ဆင့် မျက်နှာပြင်ပေါ် အပြေးအလွှား တက်လာကြပြီး ချွေးပေါက်တွေကနေ ထွက်ကာ သူ့ကို ပြသဖို့ ကြိုးစားနေခဲ့သည်။

(၉)

တောမတ်မှာ ဇူးရစ်က ပရပ်ကို ပြန်ရောက်ပြီးကတည်းက သူနှင့် ထရီဇာတို့ ဆုံခဲ့ကြသည်မှာ ခြောက်ကြိမ်ခြောက်ခါ ကံကြမ္မာ၏ စေစားတိုက်ဆိုင်မှုကြောင့် ဟုပဲ စိတ်မသက်မသာ တွေးမိသည်။ သို့ပေမဲ့ အဖြစ်အပျက်တစ်ခုက ပိုပြီး အရေးပါလေ များများကြုံကြိုက်ဖို့ လိုလေပဲလား မသိ။ ကြုံကြိုက်မှုဆိုသည့်ကိစ္စက သူ့ချည်းပဲကို အဓိပ္ပာယ် တစ်စုံတစ်ရာ ရှိနေခဲ့သည်။ နေထွက်ကနေဝင် ထပ်တလဲလဲ ကြုံနေရတာတွေ၊ လိုအပ်ချက်ကြောင့် ပေါ်လာတာတွေ၊ ကြိုတင် မျှော်လင့်ထားသည့်အတိုင်း ကြုံရတာတွေက ကျွန်တော်တို့ကို ဘာမှ မပြောနိုင်။ ကြုံကြိုက်မှုတွေကပဲ ကျွန်တော်တို့ကို စကားပြောနေခဲ့သည်။ ဂျစ်ပဆီတစ်ယောက်က ကော်ဖီခွက်၏ အနည်အနှစ်တွေထဲ ပုံဖော်ဖတ်ရှုနေသလိုပဲ ကျွန်တော်တို့မှာလည်း သူတို့ (ကြုံကြိုက်မှု) ပေးသည့် သတင်းစကားကို ဖော်နေခဲ့ကြရသည်။

ဟိုတယ်စားသောက်ဆိုင်တွင် တောမတ်ကို တွေ့လိုက်ရသည်မှာ ထရီဇာ့အဖို့ လုံး၀ ကြုံကြိုက်မှုပင်။ သူက အဲဒီမှာထိုင်ပြီး စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ဖတ်နေခဲ့သည်။ ပြီးမှ ရုတ်တရက် သူမကို မော့ကြည့်ကာ ကျေးဇူးပြုပြီး ကော့ညက် တစ်ခွက်လောက်များ ရနိုင်မလားဟု လှမ်းပြောခဲ့သည်။

အဲဒီအချိန်မှာပဲ ရေဒီယိုကလည်း ဂီတသံ လွင့်ပျံ့လို့လာခဲ့သည်။ ကောင်တာနောက်မှာ ကော့ညက်သွားထည့်ရင်း သူမက ရေဒီယိုကို အသံမြှင့်လိုက်သည်။ ဘီသိုဗင်ပဲလို့ သူမ သိလိုက်သည်။ ဒီတီးလုံးကိုပဲ ပရပ်က လေးယောက်တွဲ ကြိုးတပ်တူရိယာဝိုင်း (String Quartet) တစ်ဝိုင်း လာဖျော်ဖြေသွားတာကို သူမ ကောင်းကောင်း မှတ်မိနေသေးသည်။ (မြင့်မားသည့် ဘ၀ကို တောင့်တနေသည်ဟု သိထားခဲ့သော) ထရီဇာမှာ ထိုဂီတပွဲကို သွားကြည့်ခဲ့သည်။ ခန်းမတစ်ခုလုံး ခြောက်ကပ်လို့၊ တခြားပရိသတ်ဆို၍ မြို့ခံ ဆေးဝါးကျွမ်းကျင်သူ လင်မယားပဲ ရှိသည်။ စင်ပေါ်က ဂီတပညာရှင်တွေကလည်း ပရိသတ်သုံးယောက်ပဲ ရှိသော်ငြား တက်ရောက်လာသူများ

mgyoe.com

mgyoe.com SAMPLE BOOK

ကို အားနာသောအားဖြင့် ပွဲကို မဖျက်ဘဲ ဘီသိုဗင်၏ နောက်ဆုံး ကွားတက်သုံးပုဒ်ကို ဖျော်ဖြေပေးခဲ့သည်။

ပွဲပြီးတော့ ဆေးဝါးကျွမ်းကျင် လင်မယားကပဲ ဂီတပညာရှင်တွေကို ညစာဖိတ်ကျွေးပြီး ကြည့်ဖော်ကြည့်ဖက် ပရိသတ် ကောင်မလေးကိုပါ သူတို့နှင့် အတူ လိုက်စားဖို့ ခေါ်သည်။ ထိုစဉ်ကတည်းက ဘီသိုဗင်မှာ သူမ တောင့်တနေသည့် ကမ္ဘာတစ်ဖက်ခြမ်းမှ ပုံရိပ်လို ဖြစ်လာခဲ့သည်။ တောမတ်အတွက် ကော့ညက်ကို လက်ကကိုင်ကာ ကောင်တာကို ပတ်လျှောက်ရင်း ကံကြမ္မာ၏ သတင်းစကားကို ကြိုးစားဖတ်ရှုနေမိသည်။ သူမ စိတ်ဝင်စားမိသော လူစိမ်းတစ်ယောက်အတွက် ကော့ညက်ယူလာချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဘီသိုဗင်ကို ကြားလိုက်ရတာဟာ ဖြစ်နိုင်ပါ့မလား။

မလွဲမရှောင်သာ ကိစ္စများသည် မှော်နည်းလမ်းတွေ ဘာတွေလား မသိ။ အားလုံးကို ကြုံကြိုက်မှုရဲ့ လက်ထဲသာ ပုံအပ်ထားလိုက်တော့သည်။ အကယ်၍ အချစ်ဟာ မေ့ဖျောက်မရတဲ့အရာသာ ဖြစ်ခဲ့လျှင် Francis of Assisi ရဲ့ ပခုံးမှာ လာနားတဲ့ ငှက်တွေလို ကံကြမ္မာကလည်း ချက်ချင်းပင် တဖွဲဖွဲ သက်ဆင်းစေပါလိမ့်မည်။

## (၁၀)

သူက ကော့ညက်ဖိုး ပေးဖို့ သူမကို ပြန်ခေါ်လိုက်သည်။ သူက (သူမနဲ့ တစ်ဂိုဏ်းတည်း ဆိုသည့် သင်္ကေတဖြစ်သည့်) သူ့စာအုပ်ကို ပိတ်လိုက်သည်။ သူမကတော့ သူ ဘာတွေများ ဖတ်နေတာလဲဟု တွေးနေမိသည်။

"ကော့ညက်ဖိုးကို ကျွန်တော့်အခန်း ဘေလ်ထဲ ထည့်ပေးနိုင်မလား"

သူက မေးလိုက်သည်။

"ဟုတ်ကဲ့ရှင့်၊ ဘယ်အခန်းမှာ တည်းနေပါသလဲ"

သူက သူ့အခန်းသော့ကို ပြလိုက်သည်။ သော့က သစ်သားပြားကလေးနှင့် တွဲထားသည်။ သစ်သားပြားပေါ်တွင် အနီရောင် နံပါတ်ခြောက်ဂဏန်းက ထင်းနေခဲ့သည်။

သူမက "တိုက်တိုက်ဆိုင်ဆိုင် နံပါတ်ခြောက်ပါလား"ဟု ပြောလိုက်သည်။

"ဘယ်လို တိုက်ဆိုင်တာလဲ"

ဟု သူက မေးလိုက်သည်။

mgyoe.com

mgyobe.com SAMPLE BOOK


သူမ ရုတ်တရက် သတိရသွားမိသည်က သူမ မိဘတွေ မကွဲခင် ပရပ်မှာ နေတုန်းက အိမ်နံပါတ် ခြောက်ကို ဖြစ်သည်။ သို့သော် သူမ ပြန်ဖြေလိုက်သည်က တခြား (ဒီနေရာမှာ သူမ၏ ဖြတ်ထိုးဉာဏ်ကို ကျွန်တော်တို့ အမှတ်ပေးရမည်)။

"ရှင့်အခန်းနံပါတ်က ခြောက်၊ ကျွန်မ ဂျူတီပြီးမှာကလည်း ခြောက်နာရီပဲ"

"ဟုတ်လား၊ ငါ့ရထားက ခုနစ်နာရီ ထွက်မှာလေ"

လူစိမ်းက ပြောလိုက်သည်။

သူမမှာ ဘာပြန်ပြောရမည် မသိ။ ထို့ကြောင့် ကျသင့်ငွေ ဘောက်ချာမှာ သူ့ရဲ့ လက်မှတ်ကို ယူပြီး ငွေကြိုကောင်တာကို ယူသွားလိုက်သည်။ သူမ အလုပ်ပြီးသည့် အချိန်မှာတော့ လူစိမ်းက သူ့ခုံမှာ ရှိမနေတော့။ သူမ မသိမသာ အထာပေးလိုက်သည်ကို သူ ရိပ်မိရဲ့လား မသိ။ သူမလည်း စားသောက်ဆိုင်ကနေ ရင်ခုန်စွာနှင့် ထွက်လာခဲ့သည်။

ဟိုတယ်မျက်နှာချင်းဆိုင်တွင် ဘာပင်မှ ကောင်းကောင်း မပေါက်သော ပန်းခြံလေးတစ်ခု ရှိသည်။ ညစ်ပတ်သော မြို့ကလေး၏ တစ်ခုတည်းသော စုတ်တီးစုတ်ပဲ့ ပန်းခြံလေးမှာ ထရီဇာအတွက်တော့ လှပသည့်နေရာလေး ဖြစ်နေခဲ့သည်။ အဲဒီမှာ မြက်ခင်းပြင်၊ ပေါ်ပလာပင်တွေ၊ ခုံတန်းတွေ၊ ရှည်ရှည်သွယ်သွယ် အကိုင်းတွေနဲ့ မိုးမခပင်တွေ၊ အဝါရောင်ပန်းတွေနဲ့ အလတ်စားပန်းချုံတွေ ရှိသည်။

သူက စားသောက်ဆိုင်ဝင်ပေါက်ကို ကောင်းကောင်းမြင်နိုင်သော အဝါရောင် ခုံတန်းတစ်ခုမှာ ထိုင်နေခဲ့သည်။ အဲဒီ ခုံတန်းမှာပဲ သူမ မနေ့က စာအုပ်တစ်အုပ် ပေါင်ပေါ်တင်ပြီး ထိုင်နေခဲ့သေးသည်။ ထိုအခိုက်အတန့်မှာပဲ သူမ သိလိုက်သည်။ (ကံကြမ္မာရဲ့ ငှက်တွေဟာ သူမ ပခုံးပေါ် ဆင်းသက်နားခိုလို့လာခဲ့ပြီ) ဒီလူစိမ်းမှာ သူမ၏ ကံကြမ္မာပင်။ သူက သူမကို လှမ်းခေါ်ပြီး သူ့ဘေးမှာ ထိုင်ခိုင်းသည် (ခန္ဓာကိုယ်ထဲမှ သဘော်သား ဗိညာဉ်ကလည်း ကုန်းပတ်ပေါ် တက်လာခဲ့ပြီ)၊ ထို့နောက်တော့ ဘူတာရုံရာကို သူမ လမ်းလျှောက်ပြီး လိုက်ပို့ပေးသည်။ သူက သူ့လိပ်စာကတ်လေးကို နှုတ်ဆက်လက်ပြရင်း ပေးလိုက်သည်။

အကယ်၍များ ပရပ်ကို ရောက်ခဲ့မယ်ဆိုရင်ပေါ့ . . .။

## (၁၁)

ထရီဇာတစ်ယောက် အိမ်ကိုစွန့်ပြီး သူမ၏ ကံကြမ္မာကို ပြောင်းလဲပစ်ဖို့အထိ သတ္တိတွေ ပေးခဲ့သည်မှာ နောက်ဆုံးမိနစ်မှ ကပ်ပြီး ပေးသွားသော လိပ်စာကတ်လေး သက်သက်ကြောင့် မဟုတ်ပါ။ အားလုံးသော ကြမ္မာစေစားမှုတွေ (စာအုပ်၊ ဘီသိုဗင်၊

mgyobe.com

နံပါတ်ခြောက်၊ အဝါရောင်ခုံတန်း) ကြောင့်လည်း ပါပါသည်။ အဲဒီကြမ္မာစေစား မှု အနည်းငယ်ကပဲ (မထင်မရှားနဲ့ ပျင်းစရာကောင်းလှသော နံ့ချာလှသည့် တောမြို့ ကလေးကနေ မျှော်လင့်နိုင်သည်မှာလည်း ဒီလောက်ပဲ ဖြစ်သည်) သူမရဲ့ ချစ်စိတ် တွေကို နိုးကြွလှုပ်ရှားလာစေခဲ့ပြီး တစ်နေ့ကုန် တစ်နေ့ခန်း မမောမပန်း အားအင် တွေနဲ့ ပြည့်ဝနေစေခဲ့သည်။

နိစ္စဓူဝဘဝမှာ ကျွန်တော်တို့ဟာ ကြမ္မာစေစားမှုတွေ အများအပြား ရိုက်ခတ် တာကို ခံနေခဲ့ရသည်။ ပိုပြီး တိတိကျကျဆိုရလျှင် လူတွေ အဖြစ်အပျက်တွေနဲ့ မတော်တဆ ကြုံကြိုက်ခြင်းတွေပဲ ဖြစ်သည်။ ဒါကိုပဲ တိုက်ဆိုင်မှုဟု ကျွန်တော်တို့ ခေါ်ကြသည်။ တိုက်ဆိုင်မှု ဆိုသည်မှာ မမျှော်လင့်ဘဲ တစ်ချိန်တည်းမှာ အဖြစ်အပျက် နှစ်ခု ဖြစ်သွားခြင်း ဖြစ်သည်။ လူနှစ်ယောက် ဆုံတွေ့ကြခြင်း ဖြစ်သည်။ ဟိုတယ် စားသောက်ခန်းမမှာ တောမတ် ပေါ်လာသည့်အချိန် ရေဒီယိုက ဘီသိုဗင်ရဲ့ တေးသွားကို လွှင့်နေခဲ့သည်။ ကျွန်တော်တို့ အများစုမှာ ဒီလို တိုက်ဆိုင်မှုအများစုကို သတိပင် မထားမိကြ။ အကယ်၍ တောမတ် ထိုင်ခဲ့သည့် နေရာတွင် မြို့ထဲက အသားသည် တစ်ယောက် ထိုင်နေခဲ့မည်ဆိုလျှင်ကော (ဘီသိုဗင်နှင့် အသားသည်တို့၏ တွေ့ဆုံမှုက လည်း စိတ်ဝင်စားစရာ တိုက်ဆိုင်မှု ဖြစ်နိုင်ပေမည်) ထရီဇာက ရေဒီယိုက လာနေ သည့် ဘီသိုဗင်ကို သတိပင်ထားမိမည် မဟုတ်။ သို့ပေမဲ့ သူမ၏ လတ်တလော ပေါက်ဖွားလာသည့် အချစ်မီးတောက်က သူမ၏ အလှခံစားမှု အာရုံတွေကို ထွန်းညှိ ပေးခဲ့ပြီး ဒီဂီတသံကို ဘယ်တော့မှ မမေ့နိုင်အောင် ဖြစ်စေသည်။ ဘယ်အချိန်ပဲ နားထောင်နားထောင် သူမအတွက် ထိထိရှရှ ဖြစ်နေပါလိမ့်မည်။ ထိုအခိုက်အတန့် လေးတွင် သူမ ပတ်ပတ်လည်ရှိ အရာရာတိုင်းမှာ ဂီတနဲ့ လင်းလက်တောက်ပ နေကြပြီး ဆန်းကြယ်လှပလို့ နေပါလိမ့်မည်။

ဝတ္ထုအစပိုင်းတွင် ထရီဇာတစ်ယောက် တောမတ်ဆီ သွားလည်သည့်အခါ အင်နာကရင်နီနာကို ချိုင်းကြားညှပ်သွားခဲ့သည်။ ဝတ္ထုထဲတွင် အင်နာမှာ ဗရွန်စကီး နှင့် စိတ်ဝင်စားဖို့ကောင်းသည့် အခြေအနေတစ်ခုတွင် တွေ့ဆုံခဲ့ကြသည်။ လူ တစ်ယောက် ရထားကြိတ်ခံရသည့်အချိန်မှာ သူတို့နှစ်ယောက် ဘူတာမှာ ဆုံကြ သည်။ ဝတ္ထုအဆုံးမှာတော့ အင်နာမှာ သူမကိုယ်သူမ ရထားအောက် ပစ်သွင်းပြီး အဆုံးစီရင်ပစ်ခဲ့သည်။

ဒီလို (သေကြောင်းကြံ) ရည်ရွယ်ချက် တစ်ခုတည်းကို အစနဲ့အဆုံးတွင် ပေါ်လွင်နေသော အချိုးညီ ထပ်တူကျလှသည့် ဖွဲ့စည်းပုံမျိုးကို အတော် ဝတ္ထုဆန်လှ သည်ဟု ထင်ကြပါလိမ့်မည်။ ကျွန်တော်လည်း သဘောတူချင်ပါသည်။ သို့သော်

mgyoe.com SAMPLE BOOK

ဖတ်နေရင်းနဲ့ ဝတ္ထုဆိုတာ စိတ်ကူးသက်သက်ပဲ၊ ဖန်တီးထားတာပဲ၊ တကယ့်ဘဝမှ မဟုတ်ဘဲ ဆိုပြီး သတိဝင်လာသည့်အခါမျိုးမှာပဲ ထိုကဲ့သို့ တွေးမိကြပါလိမ့်မည်။ အကြောင်းကတော့ လူသားဘဝတွေဟာ အဲဒီလို ကြုံကြိုက်မှုတွေနဲ့ အတိအကျ ဖွဲ့စည်းထားခဲ့လို့ပါပဲ။

လူတွေမှာ ဘဝကို ဂီတတေးသွားလို ရေးစပ်ကြသည်။ အလှတရားရဲ့ စေ့ဆော်မှုနဲ့ လူတစ်ဦးချင်းမှာ ကံကြမ္မာအလျောက် ကြုံကြိုက်ဖြစ်ပျက်မှုတစ်ခု (ဘီသိုဗင်ရဲ့ တေးသွား၊ ရထားအောက်ဝင်ပြီး သတ်သေ)ကို အခြေခံသံစဉ်အဖြစ် ပြောင်းလဲပြီး ဘဝမှာ ပုံသေနေရာချထားလိုက်ကြတော့သည်။ အင်နာ့မှာ သတ်သေဖို့ တခြားနည်းလမ်းတွေ အများကြီး ရွေးချယ်နိုင်ပါသည်။ သို့သော်လည်း သေကြောင်းကြံစည်မှုနဲ့ ဘူတာရုံတို့ဟာ ချစ်ခြင်းတရား ပေါက်ဖွားလာမှုနဲ့အတူ မေ့ဖျောက်မရအောင် အတူတွဲနေခဲ့ပြီး သူမရဲ့ မျှော်လင့်ချက် ကင်းမဲ့နေတဲ့ ကာလတွေမှာ သူ့ရဲ့ နက်မှောင်တဲ့ အလှနဲ့ မြူဆွယ်လို့ နေခဲ့ပါသည်။ ဒါကို နားမလည်သော်လည်း လူတွေကတော့ သူတို့ရဲ့ဘဝတွေကို အလှတရား အလိုအရ ဖွဲ့စည်းနေခဲ့ကြပါသည်။ စိတ်ဖိစီးမှု အကြီးအကျယ် ကြုံတွေ့နေချိန်မျိုးမှာပင် မပြောင်းလဲ။

တကယ်တော့ ဆန်းကြယ်လှသည့် တိုက်ဆိုင်မှုတွေ (အင်နာ၊ ဗရွန်စကီး၊ ဘူတာရုံနဲ့ သေခြင်းတရားတို့ ပေါင်းဆုံမှု၊ ဘီသိုဗင်၊ တောမတ်၊ ထရီဇာနဲ့ ကော့ညက်တို့ရဲ့ ဆုံစည်းမှု)အတွက် ဝတ္ထုတွေကို အပြစ်တင်၍တော့ မရပါ။ နေ့စဉ်ဘဝတွင် ဒီလို ကြုံကြိုက်မှုတွေကို သတိမထားမိကြသည့် လူတွေကိုပဲ အပြစ်တင်ရပါလိမ့်မည်။ အကြောင်းကတော့ ဒီလိုနည်းနဲ့ပဲ ဘဝရဲ့ အလှတရားတွေကို သူတို့ ပစ်ပယ်ခဲ့ကြသည် မဟုတ်လား။

## (၁၂)

သူမ၏ ပခုံးမှာ တဖျပ်ဖျပ် လာနားသော ကံကြမ္မာငှက်ကို မလွန်ဆန်နိုင်သည့်အတွက် သူမ ခွင့်တစ်ပတ် ယူလိုက်ပါသည်။ သူမ အမေကို ဘာမျှ ပြောမနေတော့ဘဲ ပရပ်ကို ရထားနှင့် ထွက်လာခဲ့သည်။ ရထားပေါ်မှာတော့ သန့်စင်ခန်းကို မကြာခဏ သွားပြီး မှန်ရှေ့မှာ သူမရဲ့ ဝိညာဉ်ကို ဒီလို အရေးကြီးသည့်နေ့မျိုးမှာ သူမခန္ဓာကိုယ် ကုန်းပတ်ပေါ်က တစ်ခဏတောင်မှ မစွန့်ခွာဖို့ တောင်းပန်နေခဲ့သည်။ ဒီခရီးစဉ်အပေါ် သူမကိုယ်သူမ ပြန်လည် ဆန်းစစ်ရင်း ရုတ်တရက် ကြောက်စိတ်ဝင်လာမိသည်။ လည်ချောင်းတွေ အက်ကွဲလို့၊ သူမဘဝရဲ့ အရေးကြီးဆုံးနေ့မှာမှ နေမကောင်း ဖြစ်နေမလား မသိ။

mgyoe.com

mgyoe.com SAMPLE BOOK

သို့သော်လည်း နောက်ကြောင်းပြန်လှည့်၍ မရတော့။ ဒီ့အတွက် သူ့ကို ဘူတာကနေ ဖုန်းလှမ်းဆက်လိုက်သည်။ သူ တံခါးကို ဖွင့်လိုက်သည့်အချိန်မှာပဲ သူမဗိုက်က စပြီး တဂွီဂွီ မြည်လာတော့သည်။ သည့်အတွက် သူမမှာ စိတ်အနှောင့် အယှက် ဖြစ်ရသည်။ စိတ်ထဲတွင် သူမဗိုက်ထဲ အမေရောက်နေပြီး တောမတ်နဲ့ တွေ့တာကို ဖျက်လိုဖျက်ဆီး လှောင်ပြောင်ရယ်မောနေသလို ခံစားမိသည်။

တွေ့ခါစတွင်တော့ သူမ ဗိုက်ထဲက အသံတွေကြောင့် သူမကိုများ မောင်းထုတ်မလား စိုးရိမ်မိသည်။ ဒါပေမဲ့ သူက အဲဒီ အသံတွေကို မကြားသလို သူမ ပခုံးပေါ် လက်တင်လိုက်သည့်အတွက် သူ့ကို အရမ်းကျေးဇူးတင်မိသည်။ သူ့ကို ပြင်းပြင်းပြပြ နမ်းလိုက်သည့်အခိုက်တွင် သူမ မျက်လုံးတွေက မျက်ရည်တွေ စို့လို့။ နောက်တစ်မိနစ်ပင်မကြာ သူတို့ ချစ်မဏ္ဍိုင် စိုက်ထူလိုက်ကြတော့သည်။ သူမက အချစ်နွံထဲမှာ စူးစူးဝါးဝါး အော်ဟစ်လို့။ အဲဒီအချိန်မှာပဲ အဖျားဝင်လာခဲ့သည်။ စပြီး တုပ်ကွေးကွေးတော့သည်။ အဆုတ်ရှိရာ အောက်ဆီဂျင် သွယ်ပေးနေသည့် နော်ဇယ်ပိုက်ခေါင်းက နီရဲပြီး ပိတ်ဆို့နေခဲ့သည်။

သူမ ပရက်ကို ဒုတိယအကြိမ် သွားသည့်အခါမှာတော့ လေးလံလှသည့် ခရီးဆောင်သေတ္တာကြီးနှင့် သူမ၏ ပစ္စည်းတွေ အကုန်လုံးကို ထုပ်ပိုးလို့။ ဒီမြို့လေးကို ဘယ်တော့မှ ပြန်မလာတော့ဆိုသည့် ဆုံးဖြတ်ချက်နဲ့။ သူက သူမကို နောက်တစ်နေ့ညနေ လာခဲ့ဖို့ ခေါ်သည်။ ရောက်ရောက်ချင်း ညကတော့ သူမမှာ ဈေးပေါပေါ ဟိုတယ်တစ်လုံးမှာပဲ အိပ်လိုက်သည်။ မနက်ရောက်တော့ သူမရဲ့ လေးလံလှသည့် ခရီးဆောင်သေတ္တာကြီးကို ဘူတာသို့ သယ်သွားပြီး အပ်ထားလိုက်သည်။ ပြီးနောက် ပရပ်မြို့လမ်းတွေပေါ်မှာ အင်နာကရင်နီနာကို ချိုင်းကြား ညှပ်လို့ လျှောက်သွားနေခဲ့သည်။ သူ့အခန်း လူခေါ်ခေါင်းလောင်းကို နှိပ်ပြီး သူ တံခါးဝမှာ ပေါ်လာသည်အထိ စာအုပ်ကို ချိုင်းကြားက မချ။ ထိုစာအုပ်က တောမတ်ရဲ့ ကမ္ဘာထဲဝင်သည့် လက်မှတ်ကလေးလို။ တကယ်တော့ သူမဟာ ဘာမျှ မဟုတ်။ ဒီသနားစရာ တန်ဖိုးမရှိတဲ့ လက်မှတ်ကလေးပါပဲဟု တွေးမိပြီး မျက်ရည်ကျလု မတတ် ဖြစ်မိသည်။ မငိုမိအောင် သူမမှာ အသံကျယ်ကြီးနဲ့ စကားတွေ မပြတ် ပြောပြီး ရယ်ရယ်မောမော လုပ်နေခဲ့သည်။ သူက သူမကို ချက်ချင်းပဲ ပွေ့ပိုက်ပြီး အချစ်စခန်းကို တက်လှမ်းကြပါတော့သည်။ ဒီလိုနဲ့ သူ့မှာ ဘာဆို ဘာမျှ မမြင်ရသည့် မြူတောထဲကို ဝင်ရောက်လို့ သူမရဲ့ အော်သံတွေသာ ပတ်ဝန်းကျင်မှာ ပျံ့လွင့်လို့နေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## (၁၃)

ဒါဟာ သက်ပြင်းချတာလည်း မဟုတ်၊ ငိုရှိုက်တာလည်း မဟုတ်၊ ဒါတကယ့် အော်သံ၊ သူမအသံက နားမခံနိုင်လွန်းတဲ့အတွက် သူ့နားစည်တွေ မပျက်စီးရလေအောင် ခေါင်းကို တစ်ဖက်လှည့်ထားရသည်။ အော်သံက ရမ္မက်နိုးကြွ ပွင့်ကန်လာတာမျိုး မဟုတ်၊ ရမ္မက်နိုးကြွလာမှုက အာရုံတွေအားလုံး နိုးကြားလာတာမျိုး။ ကိုယ့်အဖော်ကို အပြည့်အဝ အာရုံစူးစိုက်တာ၊ ထွက်သမျှ အသံတိုင်းကို သတိထားမိနေတာ။ ဒါပေမဲ့ သူမရဲ့အသံက အာရုံတွေအားလုံးကို ဖျက်ဆီးပစ်တာ။ အမြင်တွေ အကြားတွေ အားလုံးကို တားဆီးထားတာ။ သူမရဲ့ အော်သံမှာ တကယ်တော့ ဆန့်ကျင်ဘက်တွေ အားလုံးကို ဖျက်ပစ်ဖို့ ကြိုးစားသည့် သူမရဲ့ တဇောက်ကန်းအချစ်မှ ထွက်ပေါ်လာခြင်းသာ ဖြစ်သည်။ ခန္ဓာကိုယ်နဲ့ ဝိညာဉ်ဆိုတာလည်း မရှိတော့။ အချိန်ပင်လျှင် မရှိတော့။

သူမ၏ မျက်လုံးတွေကလည်း မှိတ်နေကြသည် မဟုတ်။ သို့ပေမဲ့ ဘာကိုမှကြည့်မနေ။ မျက်နှာကြက်ကိုပဲ အကြောင်းသား ငေးကြည့်နေခဲ့သည်။ မကြာခဏခေါင်းကို ဟိုဘက် သည်ဘက် ကြမ်းကြမ်းတမ်းတမ်း လှည့်သည်။

အော်သံတွေ ငြိမ်ကျသွားပြီးနောက် သူမလည်း သူ့လက်ကို ကိုင်ပြီး ဘေးမှာ အိပ်ပျော်လို့ သွားခဲ့သည်။ တစ်ညလုံး သူ့လက်ကို ကိုင်ထားခဲ့သည်။ ရှစ်နှစ်အရွယ်ကတည်းက သူမမှာ လက်တစ်ဖက်ကို အခြားတစ်ဖက်နဲ့ ဖိပြီး အိပ်လေ့ရှိသည်။ သူမချစ်သူ ခင်ပွန်းယောကျ်ားကို ဆုပ်ကိုင်ထားရသလိုမျိုး။ ဒီ့အတွက် ဒီလိုအိပ်ပျော် နေချိန်မှာပင် တောမတ်လက်ကို ဖိထားသည့် သူမ၏ စိတ်ပိုင်းဖြတ်မှုကို ကျွန်တော်တို့ နားလည်နိုင်ပါသည်။ ကလေးဘဝကတည်းက အကျင့်ပဲ မဟုတ်ပါလား။

## (၁၄)

အရက်ပြင်းပြင်းသောက်ခွင့် မရဘဲ မောင်နှမတွေနှင့် ဘီယာသာ သောက်ခွင့်ရသည့် ကောင်မလေးမှာ အသက်ဓာတ် ခွန်အားတွေ ပြည့်ဝလို့ နေခဲ့သည်။ တက္ကသိုလ်ကျောင်းသူတွေ စာအုပ်ဖတ်ပြီး မရနိုင်သည့် အသက်ဓာတ်မျိုးပင်။ ထရီဇာ့မှာ သူတို့တွေထက် အများကြီး ပိုဖတ်ခဲ့သည်။ ဘဝနဲ့ ပတ်သက်ပြီးလည်း အများကြီး ပိုသင်ယူခဲ့သည်။ သို့သော် ဒါကို သူမ ဘယ်တော့မှ သဘောမပေါက်ခဲ့။

တက္ကသိုလ်ဘွဲ့ရ တစ်ယောက်နဲ့ ကိုယ့်ဘာသာ လေ့လာသင်ယူခဲ့သူတို့ကြားတွင် အသိပညာပိုင်း ကွာခြားမှုထက် အသက်ဓာတ်ခွန်အား၊ မိမိကိုယ်ကိုယ်

mgyoe.com

mgyoe.com SAMPLE BOOK

ယုံကြည်မှု စသည့် နေရာတွေမှာ ပိုပြီး ကွာခြားနေခဲ့သည်။ ပရပ်မှာ ဘဝသစ်ထူထောင်ဖို့ ထွက်လာမိသည့် သူမ၏ စိတ်ထက်သန် ယုံကြည်မှုမှာ အထိန်းအချုပ်မဲ့ပြီး မရေမရာနိုင်လှပေသည်။ သူမမှာ တစ်နေ့နေ့ သူမဆီကို တစ်ယောက်ယောက်က လာပြီး ဟေး··· မင်း ဒီမှာ ဘာလုပ်နေတာလဲ၊ မင်းနေရာမင်းပြန်ပဲဟု ပြောမလားစိုးရိမ်နေသလိုပင်။ သူမရဲ့ ဘဝအပေါ် ထက်သန်ပြင်းပြမှုကို ကြိုးလေးတစ်ချောင်းနဲ့ပဲ ချိတ်ဆွဲလို့ ထားခဲ့သည်။ အဲဒီ ကြိုးကတော့ တောမတ်၏ အသံပင်၊ အကြောင်းက အူသိမ်အူမများထဲတွင် ပုန်းနေပြီး ကတုန်ကယင်ဖြစ်နေသည့် သူမ၏ ဝိညာဉ်ကို အသာအယာ ဆွဲဆောင်ခေါ်ငင်သွားခဲ့သည်က သူ့ရဲ့အသံ ဖြစ်နေခဲ့သောကြောင့် ဖြစ်သည်။

ဓာတ်ပုံကူးဆေးသော အမှောင်ခန်းတစ်ခုမှာ ထရီဇာ အလုပ်ရသည်။ သို့သော် သူမအတွက် ဒီအလုပ်နဲ့တော့ မရောင့်ရဲနိုင်။ သူမက ဓာတ်ပုံတွေ ရိုက်ချင်တာ။ ဓာတ်ပုံကို ကူးဆေးချင်တာ မဟုတ်။ တောမတ်မိတ်ဆွေ ဆာဘီနာက သူမကို နာမည်ကြီး ဓာတ်ပုံဆရာတွေရဲ့ စာအုပ်သုံးလေးအုပ်ကို ငှားလိုက်ပြီး သူမကို ကော်ဖီဆိုင်ခေါ်ကာ ဓာတ်ပုံတစ်ပုံကို စိတ်ဝင်စားဖို့ကောင်းစေသည့် အချက်တွေကို ရှင်းပြသည်။ ထရီဇာလည်း တိတ်ဆိတ်စွာ အာရုံစူးစိုက် နားထောင်နေခဲ့သည်။ အချို့ပါမောက္ခတွေများ သူတို့ ကျောင်းသားတွေရဲ့ မျက်နှာကို တစ်ချက်တစ်ချက် လှမ်းကြည့်သလို။

ဆာဘီနာ့ကျေးဇူးဖြင့် သူမမှာ ပန်းချီနှင့် ဓာတ်ပုံ၏ ဆက်နွယ်ချက်ကို သဘောပေါက် နားလည်လာခဲ့သည်။ တောမတ်ကို ပရပ်မှာ လုပ်သမျှ ပြပွဲတွေ လိုက်ပို့ခိုင်းသည်။ မကြာခင်ပဲ သူမ အလုပ်လုပ်နေသည့် အပတ်စဉ်ရုပ်စုံ စာစောင်မှာ သူမ ရိုက်ထားသည့် ဓာတ်ပုံတွေ ပါလာခဲ့သည်။ နောက်ဆုံးမှာတော့ ဓာတ်ပုံကူးဆေးခန်းကို စွန့်ခွာပြီး တကယ့် ဓာတ်ပုံဆရာတစ်ယောက် ဖြစ်လာခဲ့သည်။

အဲဒီ ညနေပဲ ရာထူးတက်သွားသည့် သူမအတွက် ပွဲလေးလုပ်ဖို့ သူမနဲ့ တောမတ် ဘားကို သူငယ်ချင်းတွေနဲ့အတူ ထွက်လာခဲ့ကြသည်။ လူတိုင်း ကကြသည်။ တောမတ်က သိပ်ကြည်ကြည်လင်လင် မရှိလှ။ အိမ်ပြန်ရောက်ပြီး ထရီဇာ အကြိမ်ကြိမ် မေးတော့မှ သူမနဲ့ သူ့လုပ်ဖော်ကိုင်ဖက် တစ်ယောက် တွဲကသည်ကို မြင်ပြီး သူ့မှာ သဝန်တိုမိကြောင်း ဝန်ခံသည်။

"ရှင် တကယ့်ကို သဝန်တိုမိတယ် ဟုတ်လား"

သူမ ဒီမေးခွန်းကို မေးတာ ဆယ်ခါမကတော့။ တကယ့်ကို မယုံနိုင်သည့် လေသံနှင့်။ တစ်ယောက်ယောက်ကများ သူမကို နိုဘယ်ဆု ချီးမြှင့်ခံရတယ်လို့ အကြောင်းကြားသလိုမျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနောက်တော့ သူမက သူ့ခါးကို ဖက်ပြီး အခန်းထဲမှာ ပတ်ကကြသည်။ သူမရဲ့ ခြေကွက်တွေက စောစောက ဘားမှာ ကပြခဲ့သည့် အကွက်မျိုး မဟုတ်။ မြူးကြွသော ကျေးလက်အကနဲ့ ပိုတူသည်။ ခြေထောက်တွေက လေထဲမှာ ဝဲလို့။ သူမရဲ့ ခန္ဓာကိုယ်က တောမတ်နဲ့အတူ တစ်ခန်းလုံး လူးလာခုန်ပေါက်လို့။

ကံဆိုးချင်တော့ သိပ်မကြာ။ သူမကိုယ်သူမ မနာလိုစိတ် ဖြစ်လာမိသည်။ တောမတ်က သူမရဲ့ မနာလိုမှုကို နိဘာယ်ဆုတစ်ခုအဖြစ် မမြင်။ ဝန်ထုပ်ဝန်ပိုး တစ်ခုအနေနဲ့ပဲ မြင်သည်။ သူမသေခင် တာဝန်ယူ ဖြေရှင်းရမည့် ဝန်ထုပ်ဝန်ပိုး တစ်ခု။

(၁၅)

ရေကူးကန်ကို ပတ်ပြီး တခြား အမျိုးသမီးတွေနဲ့အတူ သူမ ဝတ်လစ်စားလစ် ချိတက်နေသည့်အခိုက်မှာ တောမတ်က ရေကူးကန် အမိုးခုံးမှာ ချိတ်ထားသည့် ခြင်းကြီးတစ်လုံးထဲ မတ်တတ်ရပ်ပြီး သူတို့ကို သီချင်းဆိုဖို့၊ ဒူးညွှတ်ဖို့ အော်ဟစ် ခိုင်းစေနေခဲ့သည်။ သူတို့ထဲ တစ်ယောက်ယောက်များ ဒူးညွှတ်သွားသည့်အခါ ပုံမကျလျှင် သူက တစ်ခါတည်း ပစ်သတ်သည်။

အဲဒီ အိပ်မက်ကို ကျွန်တော်တို့ ပြန်သွားကြည့်ရအောင်။ သူမစိတ်ထဲမှာ အဲဒီထိတ်လန့်မှုက တောမတ် ပစ္စတိုနှင့် စပြီး ပစ်လိုက်ချိန်မှာ ပေါ်လာတာ မဟုတ်။ ဟိုးကနဦးကတည်းက ကြောက်လန့်နေခဲ့သည်။ ထရီဇာ့အတွက် ဒီလိုမိန်းမ တစ်သိုက် ဝတ်လစ်စားလစ်နဲ့ စီတန်းချီတက်နေသည်ကိုက တကယ့် ထိတ်လန့်စရာ ကောင်းလှသည့် မြင်ကွင်းပင်။ အိမ်မှာတုန်းက သူမအမေက သူမကို ရေချိုးခန်း တံခါး မပိတ်ဖို့ တားမြစ်ခဲ့သည်။ သူမရဲ့အမိန့်က မင်းခန္ဓာကိုယ်က တခြားလူတွေ လိုပဲ၊ ဒီအတွက် ဘာမှ ရှက်နေဖို့မရှိ။ မင်းနဲ့ တစ်ပုံစံတည်းရှိတဲ့ ခန္ဓာကိုယ်မျိုး သန်းနဲ့ချီပြီး ရှိမှတော့ ဘာအတွက် ဖုံးကွယ်နေဦးမှာလဲဟု ရည်ညွှန်းနေခဲ့သည်။ သူမအမေရဲ့ ကမ္ဘာမှာတော့ ခန္ဓာကိုယ်တွေ အားလုံးက အတူတူတွေချည်း။ တစ်ယောက်နောက်မှာ တစ်ယောက် တန်းစီနေကြသည်။ ကလေးဘဝကတည်းက အဝတ်မဲ့ခန္ဓာ ဆိုတာ စစ်အကျဉ်းစခန်းတွေမှာရှိတဲ့ တစ်ပုံစံတည်းဖြစ်မှုရဲ့ သင်္ကေတ။ အရှက်ခွဲခံရတဲ့ သင်္ကေတဟုပဲ ထရီဇာ့မှာ ခံယူထားမိသည်။

အိပ်မက်ရဲ့ အစမှာကတည်းက နောက်ထပ် ထိတ်လန့်တုန်လှုပ်စရာတွေ ကလည်း ရှိနေခဲ့သည်။ မိန်းမတွေအားလုံး သီချင်းဆိုရသည်။ ခန္ဓာကိုယ်တွေတင် တစ်ထပ်တည်းကျသည် မဟုတ်။ (အတူတကွ တန်ဖိုးမဲ့လို့)။

mgyoe.com

mgyoe.com

သူတို့ရဲ့ ခန္ဓာတွေက ဝိညာဉ်မဲ့ ယန္တရားကြီးရဲ့ အသံတွေကို ထုတ်လွှင့်နေခဲ့တာတင် မဟုတ်။ မိန်းမတွေက အဲဒီအပေါ် ပျော်ရွှင်နေခဲ့ကြသည်။ ဝိညာဉ်မဲ့တွေရဲ့ ပျော်စရာကောင်းတဲ့ စည်းလုံးညီညွတ်ခြင်းပဲပေါ့။ မိန်းမတွေက ဝိညာဉ်ကို တည်ငြိမ်စေသည့် ကျောက်ဆူးလို တည်ရှိနေသည့် ဂုဏ်သိက္ခာတို့၊ တသီးတသန့်ဖြစ်မှုတို့ကို အလကား ရယ်စရာတစ်ခု၊ အမှန်တကယ်မရှိတဲ့ ထင်ယောင်များမှုတစ်ခုအဖြစ် ကျေကျေနပ်နပ်နဲ့ ဖယ်ရှားပစ်လိုက်ကြသည်။ ဒီအတွက် တစ်ယောက်နဲ့ တစ်ယောက် တစ်ပုံစံတည်း ဖြစ်လာသည်။ ထရီဇာ့မှာ သူတို့နှင့်အတူ သီချင်းဆိုနေရပေမယ့် ကျေနပ်ပျော်ရွှင်လို့ မနေ။ သူမ သီချင်းဆိုနေသည်က မဆိုရင် ထိုမိန်းမတွေ သတ်မှာ စိုးသောကြောင့်ပင်။

သို့သော် တောမတ်က သူတို့ကို တစ်ယောက်ပြီးတစ်ယောက် ရေကန်ထဲကို ပစ်ချနေသည်ကကော ဘာအဓိပ္ပာယ်များပါနည်း။

ကွဲလွဲမှုမရှိတော့ခြင်းအပေါ် ပျော်ရွှင်နေကြသော မိန်းမတစ်သိုက်မှာ တကယ်တော့ သူတို့၏ မလွဲမသွေ သေဆုံးရတော့မည့် အဖြစ်အတွက် အောင်ပွဲခံနေခဲ့ကြတာပဲ ဖြစ်သည်။ သေဆုံးမှုဟာ သူတို့ကို အကြွင်းမဲ့ တူညီစေလိမ့်မည် မဟုတ်ပါလား။ ဒီအတွက် တောမတ်ရဲ့ ပစ်ခတ်မှုမှာ သူတို့ရဲ့ အနိဋ္ဌာရုံ ချီတက်ပွဲကြီးရဲ့ ပျော်စရာဇာတ်လမ်း အထွတ်အထိပ်တစ်ခု ဖြစ်နေခဲ့သည်။ သူ့ရဲ့ ပစ္စတိုပစ်ချက်တိုင်းမှာ သူတို့ အော်ဟစ်ရယ်မောကြပြီး အလောင်းကောင်တစ်ခု ရေအောက်မြုပ်သွားတိုင်း သူတို့ရဲ့ သီချင်းသံက ပိုကျယ်လာခဲ့သည်။

ဒါဖြင့်ရင် တောမတ်က ဘာကြောင့်များ ပစ်ခတ်သူနေရာက နေခဲ့ရပါသနည်း။ ဘာကြောင့် သူက ထရီဇာ့ကို တခြားလူတွေကို ပစ်သလို ပစ်ခဲ့ရပါသနည်း။

အကြောင်းက ထရီဇာ့ကို ဒီအုပ်စုထဲ လွှတ်ခဲ့သည်မှာ တောမတ် ဖြစ်နေခဲ့သောကြောင့် ဖြစ်သည်။ ဒါဟာ ထရီဇာကိုယ်တိုင် တောမတ်ကို မပြောနိုင်သည့်အရာကို အိပ်မက်ကနေ ပြောလိုက်တာပဲ ဖြစ်သည်။ ခန္ဓာကိုယ်တွေအားလုံးတူညီနေကြတဲ့ သူမအမေရဲ့ ကမ္ဘာကနေ လွတ်မြောက်ဖို့ သူ့ဆီကို သူမ ထွက်လာခဲ့သည်။ သူ့ဆီကို လာခဲ့သည်က သူမ ခန္ဓာကိုယ်ကို လဲလှယ်အစားမထိုးနိုင်သည့်တစ်မျိုးတစ်ဘာသာအဖြစ် ရှိနေဖို့ပင်။ သို့သော် သူကလည်း သူမကို တခြားမိန်းမတွေနဲ့အတူ ညီမျှခြင်းချခဲ့သည်။ သူက သူတို့ အားလုံးကို အတူတူပဲ နမ်းခဲ့သည်။ အတူတူပဲ ပွတ်သပ်ကိုင်တွယ်သည်။ ထရီဇာ့ခန္ဓာနဲ့ တခြားမိန်းမတွေရဲ့ ခန္ဓာအကြား လုံးဝ ခြားနားမှုမထား။ သူဟာ သူမ ထွက်ပြေးလာသည့် ကမ္ဘာထဲ

mgyoe.com

ကိုပဲ သူမကို ပြန်ပို့ခဲ့သည်။ တခြား ဝတ်လစ်စားလစ် မိန်းမတွေကြားထဲ သူမကို ဝတ်လစ်စားလစ်နဲ့ လွှတ်လိုက်သည်။

(၁၆)

သူမ အိပ်မက်သုံးခု ဆက်တိုက်မက်သည်။ ပထမတစ်ခုက သူမဘဝမှာ ကြုံရသည့် ဒုက္ခတွေကို ရည်ညွှန်းသည့် ထိန်းမနိုင်သိမ်းမရ ဒေါသထွက်နေသော ကြောင်တွေကို မက်သည်။ ဒုတိယတစ်ခုက သူမကို အဆုံးစီရင်သည့် မြင်ကွင်းတွေကို မူကွဲ အမျိုးမျိုးနဲ့ မက်သည်။ တတိယတစ်ခုကတော့ ထာဝရ မဆုံးတမ်း အရှက်ခွဲခံနေရသည့် သူမရဲ့ သေလွန်ပြီး ဘဝအကြောင်း။

အိပ်မက်တွေက ထပ်ပြီး အဓိပ္ပာယ်ဖော်စရာ မကျန်တော့။ တောမတ်ကို စွပ်စွဲမှုတွေက သိသာထင်ရှားလွန်းသည့်အတွက် သူ့မှာခေါင်းကို ငိုက်စိုက်ချပြီး စကားတစ်လုံးမျှ မပြောဘဲ သူမလက်ကိုပဲ ပွတ်သပ်နေခဲ့တော့သည်။

အိပ်မက်တွေက အဓိပ္ပာယ် ရှင်းလင်းလွန်းပေမယ့် တစ်ဖက်တွင်လည်း လှပလို့ နေခဲ့သည်။ ဒီအချက်က ဖရိုက်ကို သူ့ရဲ့ အိပ်မက်သီအိုရီတွေကနေ လွှတ်မြောက်စေသည်ဟု ထင်ရသည်။ အိပ်မက်ဆိုတာ ဆက်သွယ်မှု (လျှို့ဝှက် သင်္ကေတတွေနဲ့ ဆက်သွယ်တယ်လို့ပဲ ပြောပြော) သက်သက် မဟုတ်ပါ။ ဒါဟာ အလှတရား ဖန်တီးမှုတစ်ခုလည်း ဖြစ်ပါသည်။ ကြံစည်စိတ်ကူးမှု ကစားပွဲလည်း ဖြစ်သည်။ ဒီကစားပွဲက သူ့ပင်ကိုတန်ဖိုးရှိသည်၊ မရှိ မဖြစ်သေးသည့် အရာတွေကို အိပ်မက်ခြင်းဖြင့် စိတ်ကူးတွေးထင်မှုမှာ လူသားရဲ့ အနက်ရှိုင်းဆုံး လိုအင်တစ်ခု ဖြစ်သည် ဆိုတာကို ကျွန်တော်တို့ရဲ့ အိပ်မက်တွေက သက်သေပြလို့နေခဲ့သည်။ ဒီမှာလည်း အန္တရာယ်တော့ ရှိပါသည်။ အကယ်၍ အိပ်မက်တွေသာ မလှပခဲ့လျှင် သူတို့ကို လွယ်လွယ်နဲ့ပဲ မေ့သွားပါလိမ့်မည်။ သို့သော် ထရီဇာကတော့ အိပ်မက်တွေထဲ ပြန်ပြန်ရောက်သွားခဲ့သည်။ သူမ စိတ်ထဲ အဲဒီအကြောင်းတွေပဲ မပြတ်တွေးနေခဲ့သည်။ ကြာသည့်အခါ ဒဏ္ဍာရီလို ဖြစ်လာခဲ့သည်။ တောမတ်မှာ လှလှပပ နှိပ်စက်နေသည့် ထရီဇာ့ အိပ်မက်တွေကြောင့် ကျိန်စာမိနေသလို နေနေခဲ့ရသည်။

"ထရီဇာ အချစ်လေး၊ အသည်းလေး ကိုယ် မင်းကို ဆုံးရှုံးရတော့မှာလား"

သူက တစ်ခါ တစ်ခါ သူမနဲ့ ဝိုင်စတိုးထဲမှာ မျက်နှာချင်းဆိုင် ထိုင်ပြီး ပြောခဲ့သည်။

"ညတိုင်း မင်းက သေခြင်းအကြောင်း မက်တယ်။ တကယ့်ကို မင်းမှာ ဒီလောကကြီးထဲက ထွက်ခွာချင်နေပုံပဲ"

mgyoe.com

mgyue.com

နေ့ခင်းဘက်တွင်တော့ ဆင်ခြင်တုံတရားနဲ့ စိတ်စွမ်းအားက ပြန်လည်နေရာယူလို့။ သူမ ပြန်ဖြေလိုက်သည့်အချိန် ဝိုင်နီတစ်စက်က သူမ ခွက်ထဲမှာ ဖြည်းဖြည်းလေး ကျလာခဲ့သည်။

"ကျွန်မလည်း ဘာမှ မတတ်နိုင်ဘူး တောမတ်ရယ်၊ ကျွန်မ နားလည်ပါတယ်။ ရှင် ကျွန်မကို ချစ်တယ် ဆိုတာလည်း သိပါတယ်။ ရှင့်ရဲ့ ပွေရှုပ်မှုတွေဟာ အကြီးအကျယ် ကြေကွဲစရာ မဟုတ်မှန်းလည်း သိပါတယ်"

သူမက သူ့ကို ချစ်ရည်ရွှန်းလဲ့နေသည့် မျက်လုံးတွေနှင့် ကြည့်နေခဲ့သည်။ သို့သော်လည်း ညရောက်လာမှာ၊ အိပ်မက်မက်မှာလည်း သူမ ကြောက်နေခဲ့သည်။ သူမ၏ဘဝက နှစ်ပိုင်း ကွဲနေခဲ့သည်။ နေ့နှင့်ည နှစ်ခုလုံးက သူမထဲမှာ အပြိုင်အဆိုင် အနိုင်ကြဲလို့ နေခဲ့သည်။

## (၁၇)

အမြင့်ကို မုန်းထားသည့် လူတစ်ယောက်အဖို့ တစ်ချိန်ချိန်မှာ မူးဝေသည့် ဝေဒနာကို ကြိုတင်တွေးထားသင့်သည်။ မူးဝေတယ်ဆိုတာ ဘာလဲ၊ ပြုတ်ကျမှာ စိုးတာပဲ မဟုတ်လား။ ဒါဖြင့် မျှော်စင်တွေမှာ ခိုင်ခံ့သည့် လက်ရန်းတွေ တပ်ထားပါလျက်နဲ့ ကျွန်တော်တို့ ဘာကြောင့်များ မူးဝေကြသလဲ။ မဟုတ်သေးပါဘူး။ မူးဝေတယ်ဆိုတာ ပြုတ်ကျမှာ စိုးရိမ်မှုသက်သက်တော့ မဟုတ်ပါ။ ဒါဟာ ကျွန်တော်တို့ရဲ့ အောက် ဘာမှ မရှိတဲ့ ကွက်လပ်ကနေ သွေးဆောင်နေတဲ့အသံပဲ ဖြစ်သည်။ ဒါဟာ ထိတ်လန့်စရာ ပြုတ်ကျချင်တဲ့ ဆန္ဒပဲ ဖြစ်သည်။ ကျွန်တော်တို့မှာ အဲဒီဆန္ဒကနေ ကိုယ့်ကိုယ်ကိုယ် ကာကွယ်လို့ နေရသည်။

ရေကူးကန်ကို ပတ်ပြီး စီတန်းလမ်းလျှောက်နေကြသည့် ဝတ်လစ်စားလစ် မိန်းမတွေ၊ အသုဘယာဉ်ထဲက အလောင်းကောင်တွေက သူတို့နှင့်အတူ သူမပါ သေဆုံးသည့်အတွက် ပျော်ကြသည်။ ဒီသေဆုံးမှုက ဟိုအရင် သူမ ပြုတ်ကျမှာ စိုးခဲ့ သည့်၊ ကြောက်လန့်တကြား ထွက်ပြေးခဲ့သည့် ဟိုးအောက်က ကွက်လပ်ပဲ ဖြစ်သည်။ အဲဒီ ကွက်လပ်က သူမကို ထူးထူးဆန်းဆန်း လက်ယပ်ခေါ်နေခဲ့သည်။ အဲဒါ သူမ၏ မူးဝေမှုပဲ ဖြစ်သည်။

သူမနားထဲမှာ သူမရဲ့ ကံကြမ္မာနဲ့ ဝိညာဉ်ကို မသက်ဆိုင်တော့ပါဘူး ဆိုသည့် အမိန့်ပြန်တမ်းကို ချိုချိုသာသာ (ပျော်ရွှင်နေသလိုမျိုး) ကြားနေရသည်။ ဝိညာဉ်မဲ့တွေရဲ့ သွေးစည်းညီညွတ်မှုက သူမကို ဖိတ်ခေါ်နေခဲ့သည်။ အားနည်းနေသည့် အချိန်မျိုးမှာ သူမမှာ အဲဒီခေါ်ဆောင်ရာနောက် လိုက်ပါပြီး သူမ အမေဆီ ပြန်သွား

ဖို့ အသင့်ဖြစ်နေခဲ့သည်။ သူမ ခန္ဓာကိုယ်ကုန်းပတ်ပေါ် တက်လာသည့် သဘော်သားဝိညာဉ်ကို အလုပ်ထုတ်ပစ်ဖို့ သူမ အဆင်သင့် ဖြစ်နေခဲ့သည်။ သူမအမေနဲ့ သူငယ်ချင်းတွေကြား သွားထိုင်ပြီး တစ်ယောက်ယောက်က အကျယ်ကြီး လေလည်လိုက်သည့်အခါ ဝိုင်းရယ်ဖို့ အဆင်သင့် ဖြစ်နေခဲ့သည်။ ဝတ်လစ်စားလစ် မိန်းမတစ်သိုက်နဲ့ ရေကန်တစ်ဝိုက် ပတ်ပြီး သူတို့နှင့်အတူ သီချင်းတွေဆိုဖို့ အဆင်သင့်ဖြစ်နေခဲ့သည်။

## (၁၈)

မှန်ပါသည်၊ ထရီဇာမှာ အိမ်က ထွက်မလာခင်အထိ သူမအမေနဲ့ တစ်ချိန်လုံး ရန်ဖြစ်နေခဲ့သည်။ သို့သော်လည်း သူမဟာ သူမအမေကို အမြဲမပြတ် ချစ်နေခဲ့တယ် ဆိုတာကို မမေ့သင့်။ သူမအမေကသာ ချစ်စရာကောင်းတဲ့အသံနဲ့ ခိုင်းမယ်ဆိုလျှင် ဘာမဆိုလုပ်ပေးဖို့ ဝန်မလေး။ သူမ ထွက်လာခဲ့ရသည့် အဓိက အကြောင်းကလည်း အဲဒီလို အသံမျိုးကို သူမ လုံးဝ မကြားခဲ့ရလို့ပါပဲ။

ထရီဇာ့အမေလည်း သူမရဲ့ နိုင်လိုမင်းထက်နိုင်မှုနဲ့ သမီးဖြစ်သူအပေါ် ဆက်ပြီး ဩဇာမညောင်းနိုင်မှန်း သဘောပေါက်လာသည့်အခါ သူမဆီကို အချိုသတ်သည့် လေသံနှင့် စာတွေ ရေးလာသည်။ စာထဲမှာ သူ့ယောက်ျား၊ သူ့အလုပ်ရှင်၊ သူ့ ကျန်းမာရေး၊ သူ့ကလေးတွေအကြောင်း ညည်းတွားလို့။ သူမဘဝမှာ ထရီဇာ တစ်ယောက်သာ ကျန်ပါတော့သည် ဆိုတာမျိုး။ ထရီဇာ့စိတ်ထဲမှာ အနှစ်နှစ်ဆယ်အတွင်း သူမအမေရဲ့ မေတ္တာစေတ်ပါတဲ့ အသံကို ကြားရသဖြင့် ပြန်သွားချင်စိတ်ပင် ပေါက်လာမိသည်။ ပိုဆိုးသည်က သူမမှာ တောမတ်ရဲ့ ပွေရှုပ်မှုတွေအတွက် ပင်ပန်းလှပြီ၊ အားအင်ကုန်ခန်းနေခဲ့ပြီ။ ဒါက သူမရဲ့ အစွမ်းမဲ့မှုကို ဖော်ပြနေခဲ့သည်။ သူမရဲ့ အစွမ်းမဲ့မှုဟာ မူးဝေမှု၊ တစ်နည်းအားဖြင့် မတားဆီးနိုင်တဲ့ ပြုတ်ကျလိုမှုအဖြစ် ပြောင်းလဲသွားခဲ့သည်။

တစ်ရက် သူမအမေ ဖုန်းဆက်ပြီး သူမမှာ ကင်ဆာရောဂါရှိနေတဲ့ အကြောင်း၊ လအနည်းငယ်ပဲ နေရတော့မယ့်အကြောင်း ပြောလာသည်။ ဒီသတင်းက တောမတ်ရဲ့ ရှုပ်ပွေမှုအပေါ်မှာ စိတ်ပျက်အားလျော့နေတဲ့ စိတ်ကို ပြန်ပြီး ဆန့်ကျင်ပုန်ကန်ချင်တဲ့ စိတ်အဖြစ် အသွင်ပြောင်းလဲသွားစေခဲ့သည်။ ကိုယ့်အပေါ် မချစ်တဲ့ ယောက်ျားတစ်ယောက်အတွက် အမေဖြစ်သူကို သူမ ပစ်ပယ်စွန့်ခွာခဲ့တာပါလား။ သူမကိုယ် သူမ ပြန်လည်သုံးသပ်ပြီး ပြောနေမိသည်။ သူမအမေရဲ့ နှိပ်စက်မှုတွေ အားလုံး သူမ မေ့လျော့လိုက်ချင်မိသည်။ ယခုအချိန်မှာ သူမအမေကို နားလည်နိုင်တဲ့ အခြေအနေမှာ ရှိနေခဲ့ပြီ။ တူညီတဲ့ အခြေအနေမျိုးကို နှစ်ယောက်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

ကြုံတွေ့ခဲ့ရပြီ မဟုတ်လား။ သူမ တောမတ်ကို ချစ်သလိုမျိုး သူမ အမေကလည်း သူမ ပထွေးကို ချစ်ခဲ့သည်။ တောမတ်လိုပဲ သူမ ပထွေးကလည်း သစ္စာမဲ့မှုနဲ့ သူမ အမေကို နှိပ်စက်ခဲ့သည်။ သူမအမေ သူတစ်ဖက်သားကို နှိပ်စက်ချင်ရသည့် အကြောင်းရင်းကတော့ သူမ ကိုယ်တိုင် အနှိပ်စက်ခံနေရလို့ပဲ မဟုတ်လား။

ထရီဇာက တောမတ်ကို သူမအမေ နေမကောင်းတဲ့အတွက် တစ်ပတ်လောက် သွားကြည့်ချင်သည်ဟု ပြောသည်။ သူမရဲ့ အသံက မလိုမုန်းထားမှုတွေနဲ့ ပြည့်နေခဲ့သည်။

သူမ အမေဆီ ပြန်ချင်ရသည့် တကယ့်အကြောင်းရင်းက မူးဝေလို့ပဲ ဆိုတာကို ရိပ်မိသည့် တောမတ်က ဒီခရီးကို ကန့်ကွက်သည်။ ကင်ဆာနှင့် ပတ်သက်သည့် အသေးစိတ် မှတ်တမ်းတွေကို တစ်နိုင်ငံလုံးမှာ အသေအချာ ဂရုတစိုက် ထိန်းသိမ်းရသည့်အတွက် တောမတ်အဖို့ ထရီဇာ့မိခင်ရဲ့ လူနာမှတ်တမ်းကို ရှာဖို့ ဘာမှမခက်။ တကယ်တော့ ထရီဇာ့အမေမှာ ကင်ဆာလို့ သံသယဖြစ်စရာမျိုးပင် မရှိ။ သူမမှာ တစ်နှစ်ကျော်လောက်အတွင်း ဆရာဝန်နဲ့ ပြတာမျိုးပင် တစ်ကြိမ်မျှ မရှိခဲ့။

ထရီဇာလည်း တောမတ်စကား နားထောင်ပြီး သူမအမေဆီ လိုက်မသွားဖြစ်ခဲ့။ ထိုသို့ ဆုံးဖြတ်ပြီး နာရီပေါင်းများစွာ ကြာပြီးနောက် လမ်းမှာ သူမ ချော်လဲပြီး ဒူးခေါင်းခိုက်မိသွားသည်။ သူမမှာ လမ်းလျှောက်တိုင်း ချော်လဲတတ်လာသည်။ နေ့စဉ်နီးနီးပင် ဟိုဟာနဲ့တိုက်၊ ဒီဟာနဲ့တိုက်။ အနည်းဆုံးတော့ ပစ္စည်းတွေ လက်က လွတ်ကျတာမျိုး ရှိလာသည်။ သူမမှာ လိမ့်ကျချင်သည့် စိတ်က တားမရ ဆီးမရ။ သူမမှာ အမြဲလို မူးဝေလို့ နေတော့သည်။ လဲကျနေသည့် လူတစ်ယောက် ပြောချင်တာက ကျွန်မကို ထူပါ ဆိုတာပဲ ဖြစ်သည်။ တောမတ်မှာ သူမကို စိတ်ရှည်လက်ရှည်နဲ့ ထူနေခဲ့ရသည်။

(၁၉)

ကျွန်မ စတူဒီယိုထဲမှာပဲ ရှင်နဲ့ ချစ်ပွဲဝင်ချင်မိတယ်။ ဒါ လူအများကြည့်နေတဲ့ စင်မြင့်လိုမျိုးပဲ။ ပရိသတ်က အနားတိုးကြည့်လို့ မရပေမယ့် သူတို့ရဲ့ မျက်လုံးတွေကတော့ ကျွန်မတို့ဆီက ခွာနိုင်မှာ မဟုတ်ပါဘူး။

အချိန်ကြာလာသည့်အခါ အဲဒီပုံရိပ်က မူလရက်စက်မှုတွေ လျော့ပါးလာပြီး ထရီဇာ့ကို စတင် စိတ်လှုပ်ရှားစေခဲ့သည်။ ဒီအကြောင်း သူ့ကို အတူနေတဲ့ အချိန်မှ တိုးတိုးကပ်ပြီး အသေးစိတ် ပြောချင်မိသည်။

တောမတ်ရဲ့ မိန်းမပွေမှုအပေါ် အပြစ်မတင်မိအောင် ရှောင်ရှားဖို့ နည်းလမ်းတစ်ခုတော့ ရှိရမယ်လို့ သူမ တွေးမိသည်။ သူ လုပ်ရမှာက သွားလေရာ သူမကို

mgyoe.com

ခေါ်သွားဖို့ပင်။ သူမြာတွေနဲ့ သွားတွေ့ရင်လည်း သူမကို ခေါ်သွားသင့်သည်။ ဒါဆိုရင် သူမရဲ့ ခန္ဓာကိုယ်က တခြားသူတွေကြားမှာ မူလပထမနဲ့ တစ်ခုတည်းသော အရာ ဖြစ်လာလိမ့်မည်။ သူမ ခန္ဓာကိုယ်က သူ့ရဲ့ ဒုတိယခန္ဓာကိုယ်၊ သူ့ရဲ့ လက်ထောက်၊ သူ့ရဲ့ကိုယ်ပွား ဖြစ်လာလိမ့်မည်။

သူ့အတွက် အဲဒီမိန်းမတွေကို သူမ အဝတ်အစား ချွတ်ပေးမယ်။ ရေချိုးပေးမယ်။ ပြီးတော့ သူ့ဆီ ခေါ်လာပေးမယ်။ သူမဘေးကနေ တိုးတိုးလေး ပြောပေးမယ်။ သူနဲ့ သူမ လိင်အင်္ဂါနှစ်မျိုးလုံးရှိတဲ့ သတ္တဝါတစ်မျိုးအဖြစ် ပေါင်းစပ်သွားချင်မိသည်။ ဒါဆိုရင် တခြားမိန်းမတွေရဲ့ ခန္ဓာကိုယ်ဟာ သူတို့ရဲ့ ဆော့ကစားစရာတွေပဲ ဖြစ်လာလိမ့်မည်။

(၂၀)

သူ့ရဲ့ ယောက်ျားကောင်း မောင်းမတစ်ထောင် ဘဝရဲ့ ကိုယ်ပွားတဲ့လား။ တောမတ်က နားမထောင်သော်လည်း သူမကတော့ အဲဒီကိစ္စကို ခေါင်းထဲက မထုတ်နိုင်ခဲ့။ ဆာဘီနာနဲ့ ခင်မင်မှုတစ်ရပ် ထူထောင်ဖို့ ကြိုးစားခဲ့သည်။ ထရီဇာက ဆာဘီနာရဲ့ ဓာတ်ပုံတွေ အတွဲလိုက်ရိုက်မယ် ဆိုပြီးတော့ စလာသည်။

ဆာဘီနာက ထရီဇာကို သူမရဲ့ စတူဒီယိုကို ဖိတ်သည်။ နောက်ဆုံးတော့ ကျယ်ဝန်းလှသော အခန်းကြီးရဲ့ အလယ်တည့်တည့်တွင် လေးထောင့်စပ်စပ် စင်မြင့်နဲ့တူသော ခုတင်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။

"ဒီကို အရင်က ရှင့်ကို မခေါ်မိတာ စိတ်မကောင်းပါဘူး"

ဆာဘီနာက ပြောရင်း နံရံမှာ မှီထားသည့် ပန်းချီကားတွေကို ပြနေခဲ့သည်။ သူမက ကင်းဗတ်စအဟောင်းကြီးကို ဆွဲထုတ်လိုက်သည်။ သူမ ကျောင်းသူဘဝက ဆွဲခဲ့သည့် ဆောက်လုပ်ဆဲ သံမဏိစက်ရုံရဲ့ပုံ၊ အဲဒီအချိန်က သင်တန်းသားတွေအားလုံး သရုပ်မှန်စစ်စစ်တွေပဲ ဆွဲခိုင်းသည့်ကာလ (သရုပ်မှန် မဟုတ်ရင် ဆိုရှယ်လစ်စနစ်ကို ချည့်နဲ့အောင် လုပ်နေသည့် သူတွေအဖြစ် အပြောခံရသည်) အချိန်နဲ့ အလောင်းအစား လုပ်ချင်သည့် စိတ်နှင့် သူမမှာ ဆရာတွေ ပြောတာထက်ပင် ပိုပြီး စုတ်ချက်တွေကို ဖုံးကွယ်ကာ ရောင်စုံဓာတ်ပုံတစ်ပုံနှင့် နီးနီးစပ်စပ် တူအောင် ဆွဲခဲ့သည်။

"ဒီပန်းချီကားက ကျွန်မ အနီရောင်ဆေးစက်တွေ စွန်းသွားတဲ့ ပန်းချီကား၊ အစကတော့ ကျွန်မ အတော် စိတ်မကောင်းဖြစ်မိတယ်။ ဒါပေမဲ့ နောက်ပိုင်းတော့ အဲဒီလိုလေးကို သဘောကျလာမိတယ်။ ဆေးတွေစီးကျနေတဲ့ပုံက အကွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင်းလေးလိုပဲ။ အဆောက်အအုံပုံက ယိုယွင်းနေတဲ့ နောက်ခံကားအဟောင်းကြီးတစ်ခုလို ဖြစ်သွားစေတယ်။ အဆောက်အအုံ ဆွဲထားတဲ့ နောက်ခံကားချပ်ပေါ့။ အဲဒီ ကွဲကြောင်းလေးနဲ့ စပြီး ကစားမိတယ်။ အဲဒီထဲကို ဖြည့်ကြည့်တယ်။ အဲဒီနောက်မှာ ဘာများ မြင်ရမလဲလို့။ ဒါဟာ ကျွန်မရဲ့ ပန်းချီဆရာဘဝ စလာပုံပဲ။ အဲဒါကို ကျွန်မက မြင်ကွင်းနောက်ကွယ်ကလို့ ခေါ်တယ်။ ကျွန်မ ဘယ်သူ့ကိုမှ မပြောဘူး။ မဟုတ်ရင် အကယ်ဒမီကနေ မောင်းထုတ်ခံရလိမ့်မယ်။ နောက်ခံပိတ်ကား အကွဲကြောင်းလေးရဲ့ နောက်မှာ လှျို့ဝှက်ဆန်းကြယ်တဲ့ စိတ္တဇဆန်တဲ့ တစ်စုံတစ်ရာ ရှိနေခဲ့တယ်''

သူမက ခဏရပ်လိုက်ပြီးမှ ထပ်ပြောသည်။

''အပေါ်ယံ မျက်နှာပြင်မှာတော့ ပါးနပ်တဲ့ မုသားရှိပြီး အဲဒီအောက်မှာတော့ တုံးတိတိ အမှန်တရား ရှိတယ်''

ထရီဇာလည်း သူမ ပြောသမျှကို ကျောင်းသူလေးတစ်ယောက်လို အာရုံအပြည့် စူးစိုက်လို့ထားခဲ့ပြီး ဆာဘီနာ့ ပန်းချီကားတွေရဲ့ အတိတ်နဲ့ ပစ္စုပ္ပန်ကို စသိလာခဲ့ ရသည်။ သူမ ပန်းချီကားတွေက အိုင်ဒီယာတစ်ခုထဲ၊ ဆိုလိုရင်းနှစ်ခု၊ ကမ္ဘာနှစ်ခုရဲ့ ပေါင်းဆုံမှု၊ ပြောရရင်တော့ နှစ်ခုလုံးနဲ့ တွေ့ကြုံနေရမှုကို ပြနေခဲ့သည်။ ရှုခင်းပုံ ပန်းချီကားလေးကို ခေတ်ဟောင်းစတိုင် စားပွဲတင်မီးလုံးလေးနဲ့ ထိုးပြလို့ထားသည်။ ပန်းသီးရယ်၊ မြေပဲရယ်၊ ဖယောင်းတိုင် ထွန်းထားသည့် ခရစ္စမတ်သစ်ပင်လေးရယ် ပါသည့် သက်ငြိမ်ပန်းချီကားတစ်ချပ်။

သူမမှာ ဆာဘီနာ့ကို အတော် အထင်ကြီးလေးစားသွားမိသည်။ အကြောင်းက သူမကို ကြောက်ရွံ့မှုမရှိ၊ သံသယမရှိ၊ သူငယ်ချင်းတစ်ယောက်လို ဆက်ဆံခဲ့လို့ပဲ။ ဒီ့အတွက် အလျင်အမြန်ပဲ ခင်မင်သွားခဲ့သည်။

သူမမှာ လာရင်းကိစ္စ ဓာတ်ပုံရိုက်ဖို့ကိုပင် မေ့သွားခဲ့သည်။ ဆာဘီနာက သူမကို သတိပေးရသည်။ နောက်ဆုံး ထရီဇာမှာ ပန်းချီကားတွေကနေ မျက်စိခွာပြီး အလယ်မှာ စင်မြင့်တစ်ခုလို ချထားသည့် ခုတင်ကိုပဲ ကြည့်နေခဲ့တော့သည်။

## (၂၁)

ခုတင်ဘေးမှာ စားပွဲခုံအသေးလေးတစ်ခု၊ စားပွဲခုံပေါ်မှာ လူခေါင်းပုံစံငယ်လေး၊ ဆံပင်ညှပ်သမားတွေ ဆံပင်တုစွပ်သည့် မော်ဒယ်မျိုး။ ဆာဘီနာကတော့ ဆံပင်တုအစား ဦးထုပ်လုံးလေး စွပ်ထားသည်။

mgyoe.com

"အဲဒါ ကျွန်မအဘိုးရဲ့ ဦးထုပ်လေ"လို့ သူမက ပြုံးပြီး ပြောသည်။

ဦးထုပ်က ချာလီချက်ပလင် ဆောင်းသည့် ဦးထုပ်မျိုး၊ အနက်ရောင် လုံးလုံးလေး။ အမာစား ဦးထုပ်မျိုး။ သူမ ရုပ်ရှင်တွေမှာပဲ တွေ့ဖူးသည်။ သူမလည်း ပြန်ပြုံးပြပြီး ကောက်ယူလိုက်သည်။ ခဏလောက် ကြည့်ပြီး ပြောလိုက်သည်။

"ဒီဦးထုပ်လေး ဆောင်းပြီး ဓာတ်ပုံရိုက်ပေးရမလား"

ဆာဘီနာက အဲဒီစိတ်ကူးအပေါ်မှာ အကြာကြီး ရယ်နေခဲ့သည်။ ထရီဇာက ဦးထုပ်လုံးကို ချပြီး သူမ ကင်မရာကို ကိုင်လိုက်သည်။ ပြီးတော့ ဓာတ်ပုံတွေ စပြီး ရိုက်နေခဲ့သည်။

တစ်နာရီလောက်ကြာတော့ သူမ ရုတ်တရက် ကောက်ကာငင်ကာ ပြောလိုက်သည်။

"အဝတ်အစားမပါဘဲ ရိုက်မလား"

"ကိုယ်လုံးတီးပုံတွေလား"

ဆာဘီနာက ရယ်သည်။

"ဟုတ်တယ်၊ ဝတ်လစ်စားလစ် ရိုက်ရအောင်"

ထရီဇာက ပိုပြီး ရဲရဲတင်းတင်း ပြောလိုက်သည်။

"ဒါဆို နည်းနည်းသောက်ဖို့ လိုလိမ့်မယ်"

ဆာဘီနာက ဝိုင်ပုလင်းဖွင့်ပြီး ပြောသည်။

ထရီဇာမှာ အားနည်းနုံးချည့်လာသလို ခံစားမိသည်။ သူမမှာ ပါးစပ်ကို အာစေးထည့်ထားသလိုပင်။ အဲဒီအချိန်မှာ ဆာဘီနာကတော့ အရှေ့သွားလိုက်၊ အနောက်သွားလိုက်နဲ့ လက်ထဲမှာ ဝိုင်နဲ့ သူမ အဘိုးအကြောင်း ဆက်ပြောပြသည်။ သူမအဘိုးက မြို့ငယ်လေးတစ်မြို့က မြို့တော်ဝန်၊ ဆာဘီနာ သူ့ကို လုံးဝ မဆုံလိုက်ရ။ သူ ထားခဲ့တဲ့အမွေက ဒီဦးထုပ်လုံးလေးရယ်၊ ပန်းချီကားတစ်ချပ်ရယ်ပဲ ကျန်သည်။ ပန်းချီကားက မြို့ရဲ့ လူကြီးလူကောင်းတွေ စင်မြင့်ပေါ်မှာ ရပ်နေတဲ့ပုံ။ အဲဒီထဲက တစ်ယောက်က သူမအဘိုး၊ အဲဒီစင်မြင့်ထက်မှာ သူတို့ ဘာတွေလုပ်နေတာလဲ ဆိုတာ သိပ်မသဲကွဲ။ အခမ်းအနားတစ်ခုကို ဦးဆောင် ကျင်းပနေတာ ဖြစ်နိုင်သည်။ ဒီတုန်းက လူထုအခမ်းအနားတွေမှာ ဦးထုပ်လုံးဆောင်းပြီး တက်လေ့ရှိသည့် လူကြီးလူကောင်း တစ်ယောက်အတွက် အထိမ်းအမှတ် အဆောက်အအုံတစ်ခုကို ဖွင့်လှစ်ပေးတာမျိုး ဖြစ်မည်။

ဆာဘီနာက ဦးထုပ်လုံးလေးနဲ့ သူမအဘိုးအကြောင်း ဆက်ပြီး ပြောနေခဲ့တာ ဝိုင်သုံးခွက် ကုန်သွားသည်။ သူမက ပြန်လာခဲ့မယ်ဟု ပြောပြီး ရေချိုးခန်း

mgyoe.com

ထဲ ဝင်သွားခဲ့သည်။ ပြန်ထွက်လာတော့ ရေချိုးခန်းတဘက်နဲ့၊ ထရီဇာလည်း ကင်မရာကို ထုတ်ပြီး သူမမျက်လုံးမှာ ချိန်လိုက်သည်။ ဆာဘီနာက တဘက်ကို ပစ်ထုတ်လိုက်သည်။

(၂၂)

ကင်မရာက ထရီဇာအဖို့ တောမတ်ရဲ့ မဒီလေးကို လေ့လာဖို့ စက်မျက်လုံး တစ်ခု ဖြစ်သလို သူမ မျက်နှာကို ကာကွယ်ထားဖို့ ပဝါလည်း ဖြစ်သည်။ တဘက်ထဲကနေ တစ်ကိုယ်လုံး ထွက်လာဖို့ ဆာဘီနာ အချိန်အတော်ယူရသည်။ အခြေအနေက သူမ ထင်ထားတာထက် အများကြီး ပိုခက်ခဲသည်။ မိနစ်အတော်ကြာ ပုံစံပေးပြီး ရိုက်ပြီးနောက် သူမက ထရီဇာ့ဆီသွားပြီး-

"ဒီတစ်ခါ ကျွန်မအလှည့်၊ ရှင့်ဓာတ်ပုံကိုလည်း ကျွန်မ ရိုက်ချင်သေး တယ်၊ ချွတ်"

ဆာဘီနာအနေနဲ့ ချွတ်လို့ အမိန့်ပေးတဲ့အသံကို တောမတ်ဆီက အကြိမ် ပေါင်းများစွာ ကြားနေရတဲ့အတွက် မှတ်ဉာဏ်ထဲမှာ စွဲနေခဲ့သည်။ ဒါဟာ တောမတ်ရည်းစားက တောမတ်မိန်းမကို တောမတ်ရဲ့ အမိန့်ကို ပေးလိုက်တာပဲ ဖြစ်သည်။ မိန်းမနှစ်ယောက်လုံးကို ဒီ တန်ခိုးကြီးသည့် စကားတစ်ခွန်းနဲ့ ဆက်သွယ် လို့ ထားသည်။ ဒါဟာ မိန်းမတစ်ယောက်နဲ့ သာမန် ရိုးရိုးသားသား စကားပြောနေရာ ကနေ ရမ္မက်ဆန်ဆန် အခြေအနေတစ်ခုကို ရုတ်ခြည်းပြောင်းတတ်သည့် တောမတ် ရဲ့နည်းပင် ဖြစ်သည်။

ပွတ်သပ်တာတွေ၊ အမွှမ်းတင်တာတွေ၊ တောင်းဆိုတာတွေ လုပ်မနေ တော့ဘဲ သူက ရုတ်တရက် မမျှော်လင့်ဘဲ အမိန့်ပေးတတ်သည်။ ညင်သာသော် လည်း အာဏာသံပါပြီး အခိုင်အမာ ပြောတတ်သည်။ အဲဒီ အချိန်မျိုးမှာ သူက သူမကို လက်ဖျားနဲ့တောင် မတို့။ ထရီဇာနဲ့လည်း အဲဒီနည်းကို သုံးသည်။ သူ့အသံ က ပျော့ပျော့ပျောင်းပျောင်းနဲ့ နှစ်ကိုယ်ကြားပြောပေမယ့် အမိန့်ကတော့ အမိန့်ပဲ ဖြစ်သည်။ လိုက်နာခြင်းဖြင့် သူမစိတ်တွေက အမြဲလို ကြွလာတတ်စမြဲ။ အခုဆို အဲဒီစကားလုံးကို ပိုပြီးတောင် လိုက်နာဖို့ အားသန်သေးသည်။ တကယ်တော့ လူစိမ်းတစ်ယောက် ပြောတာ လိုက်လုပ်တယ်ဆိုတာ ရူးသွပ်တာပဲ မဟုတ်လား။ ဒီကိစ္စမှာ ရူးသွပ်မှုက ပိုပြီး ပြင်းထန်သည်။ အကြောင်းကတော့ အမိန့်က ယောကျ်ား တစ်ယောက်ဆီက မဟုတ်ဘဲ မိန်းမတစ်ယောက်ဆီက ဖြစ်သောကြောင့်ပင်။

mgyoe.com

ထရီဇာ့ ကင်မရာကို သူမ ယူလိုက်ပြီး ထရီဇာက အင်္ကျီချွတ်နေခဲ့သည်။ ဆာဘီနာ့ရှေ့မှာ အဝတ်အစားမဲ့၊ လက်နက်မဲ့၊ တကယ့်ကို လက်နက်မဲ့ပင်။ သူမက ကင်မရာအား မျက်နှာကို ကာကွယ်ဖို့နှင့် ဆာဘီနာကို လက်နက်တစ်ခုလို ချိန်ရွယ်ဖို့ သုံးသည်။ သူမမှာ တောမတ်ရည်းစားရဲ့ ရှေ့မှာ လုံးဝ သနားစရာ။ ဒီလှပတဲ့ ခွင့်ပြုမှုက ထရီဇာ့ကို ယစ်မူးစေခဲ့သည်။ ဆာဘီနာ့ရှေ့မှာ အခုလို ဝတ်လစ်စားလစ် ရပ်နေရတာ ဘယ်တော့မှ မဆုံးပါစေနဲ့လို့ပဲ ဆုတောင်းမိသည်။

ဆာဘီနာလည်း ထူးဆန်းသည့် ဆွဲဆောင်မှုတစ်ခုကို ခံစားနေရသလိုပဲဟု ကျွန်တော် ထင်သည်။ သူမချစ်သူရဲ့ မိန်းမက သူမရှေ့မှာ ရှက်ကိုးရှက်ကန်းနဲ့ ရပ်လို့။ ရှပ်တာကို နှစ်ကြိမ် သုံးကြိမ်လောက် နှိပ်ပြီးနောက် သူမလည်း အဲဒီ ဖမ်းစားမှုကို ကြောက်လန့်တကြား အားလုံး လွင့်ပြယ်သွားအောင် ကျယ်ကျယ် လောင်လောင် ရယ်ချလိုက်တော့သည်။

ထရီဇာလည်း လိုက်ရယ်ပြီး နှစ်ယောက်စလုံး အဝတ်ပြန်ဝတ်လိုက်ကြ သည်။

## (၂၃)

ရုရှားအင်ပါယာရဲ့ အတိတ်မှာ ရာဇဝတ်မှုတွေကို မထင်မရှား အရိပ်အောက်မှာပဲ ကျူးလွန်ခဲ့ကြသည်။ လစ်သူရေးနီးယားတွေကို သန်းနဲ့ချီ ရွှေ့ပြောင်းခဲ့တာ။ ပိုလန်လူမျိုးတွေကို သန်းနဲ့ချီ သတ်ခဲ့တာ။ ကျွန်တော်တို့ရဲ့ မှတ်ဉာဏ်ထဲကနေ ခရိုင်းမီးယန်းတာတာတွေကို ပျောက်ပစ်ခဲ့ကြတာ စသဖြင့်။ သို့သော်လည်း ဤကျူးလွန်မှုများမှာ ဓာတ်ပုံအထောက်အထားတွေအနေနဲ့ မတည်ရှိခဲ့ကြ။ အနေးနဲ့အမြန် ဤကိစ္စများကို လုပ်ကြံဖန်တီးမှုတွေအဖြစ် သတ်မှတ်ခံရပါလိမ့်မည်။ ၁၉၆၈ ချက်ကို ကျူးကျော်မှုကတော့ အဲဒီလိုမဟုတ်။ ရုပ်ငြိမ်ရော ရုပ်ရှင်တွေရော တစ်ကမ္ဘာလုံးက မော်ကွန်းတိုက်တွေမှာ သိမ်းဆည်းထားခဲ့ကြသည်။

ချက်ဓာတ်ပုံဆရာများ၊ ရုပ်ရှင်ရိုက်ကူးသူများက သူတို့ဟာ ဒီလို အရေး ပါသည့်အလုပ်ကို လုပ်ဖို့ အသင့်တော်ဆုံးဆိုတာ သတိပြုမိကြသည်။ ဟိုးဝေးလံလှ သည့် အနာဂတ်ထိတိုင် အကြမ်းဖက်မှုရဲ့ မျက်နှာစာကို ထိန်းသိမ်းထားခဲ့ကြ သည်။ ထရီဇာမှာ ခုနစ်ရက်ဆက်တိုက် လမ်းတွေပေါ်မှာ ခြေဦးတည့်ရာ လျှောက်သွား နေခဲ့သည်။ ရုရှားစစ်သားတွေ၊ အရာရှိတွေကို ညှိနှိုင်းပြီး ဓာတ်ပုံရိုက်ခဲ့သည်။ ရုရှားတွေမှာ ဘယ်လိုလုပ်ရမယ် မသိ။ သူတို့ဟာ တစ်ယောက်ယောက်က ပစ်ရင်၊ ကျောက်တုံးနဲ့ ပစ်ရင် ဘယ်လိုလုပ်ရမယ် ဆိုတာ ညွှန်ကြားထားခဲ့သော်လည်း

mgyoe.com

mgyaw.com SAMPLE BOOK

တစ်ယောက်ယောက်က ကင်မရာနဲ့ ချိန်လာလျှင် ဘယ်လိုလုပ်ရမလဲ ဆိုတာ မညွှန်ကြားထား။

သူမလည်း တစ်လိပ်ပြီးတစ်လိပ် ရိုက်သည်။ ပြီးနောက် တစ်ဝက်လောက်ကို နိုင်ငံခြားသတင်းထောက်တွေကို ပေးပစ်သည်။ (နယ်စပ်တွေက ဖွင့်ထားဆဲဖြစ်ပြီး သတင်းထောက်တွေက မှတ်တမ်းအထောက်အထားတွေ ရဖို့ ကူးလူးနေကြသည်)

သူမ၏ဓာတ်ပုံ အတော်များများကို အနောက်တိုင်း စာစောင်တွေမှာ ဖော်ပြကြသည်။ တင့်ကားပုံတွေ၊ ခြိမ်းခြောက်နေသည့် လက်သီးဆုပ်တွေ၊ ပျက်စီးနေသည့် အိမ်တွေ၊ သွေးစွန်းနေသော နီဖြူပြာ ချက်အလံတွေနဲ့ ဖုံးထားသည့် အလောင်းတွေ၊ တင့်ကားတွေနားမှာ မိုင်ကုန်တင်မောင်းပြီး ချက်အလံကို လွှဲယမ်းနေသည့် ဆိုင်ကယ်ပေါ်က လူငယ်တွေ၊ မယုံနိုင်လောက်အောင် တိုလှသည့် စကတ်ကိုယ်စီနဲ့ ကောင်မလေးတွေက မိန်းမငတ်နေသည့် သနားစရာ ရုရှားစစ်သားတွေရှေ့မှာ လမ်းသွားလမ်းလာ ကြုံတဲ့သူနဲ့ နမ်းပြလို့။ ကျွန်တော် ပြောခဲ့ဖူးသလိုပင် ရုရှားကျူးကျော်မှုဟာ ရင်နာစရာကိစ္စတစ်ခုတင်မက စိတ်ဝင်စားဖွယ်ရာ (ရှင်းပြဖို့ခက်သော) သာယာမှုတွေနဲ့ ပြည့်နှက်နေသည့် အမုန်းပွဲတော် တစ်ခုလည်း ဖြစ်နေခဲ့သည်။

## (၂၄)

သူမလည်း ပုံအချပ် ၅၀ ကို သူမနဲ့အတူ ဆွစ်ဇာလန်ကို ယူလာခဲ့သည်။ သူမဘာသာ သူမ ဂရုတစိုက်နဲ့ တတ်သမျှမှတ်သမျှ လုပ်ထားသည့် ပုံတွေ။ အဲဒါတွေကို စောင်ရေများသော ရုပ်စုံမဂ္ဂဇင်းတစ်စောင်ကို သူမ ပေးလိုက်သည်။ အယ်ဒီတာက သူမကို စာနာစွာနဲ့ ကြိုဆိုသည်။ (ချက်နိုင်ငံသားတွေ အကုန်လုံး ကံမကောင်းအကြောင်းမလှ ကြုံနေရသည်ကို ဆွစ်တိုင်းကလည်း စိတ်မကောင်းကြ) သူကသူမကို ထိုင်ခိုင်းပြီး ပုံတွေကို ကြည့်သည်၊ ချီးမွမ်းသည်၊ ပြီးတော့ ရှင်းပြသည်။ အဖြစ်အပျက်မှာ နည်းနည်းကြာသွားပြီဖြစ်သဖြင့် သူတို့အနေနဲ့ ပုံနှိပ်ဖို့ မလွယ်သည့်အကြောင်း (ပုံတွေက မကောင်း၍ မဟုတ်)။

"ဒါပေမဲ့ ပရပ်မှာ အခုအထိ ပြီးမှမပြီးသေးဘဲ"

သူမက စောဒကတက်သည်။ သူမရဲ့ ဂျာမန်စကား မတောက်တခေါက်နဲ့ ရှင်းပြဖို့ ကြိုးစားသည်။ အခုအချိန်ထိ တိုင်းပြည်က ရုရှားလက်အောက် ရောက်နေသော်လည်း လူတိုင်းက သူတို့ကို ဆန့်ကျင်နေကြသည့်အကြောင်း၊ စက်ရုံတွေမှာ

mgyaw.com

mgyoe.com SAMPLE BOOK

အလုပ်သမားကောင်စီတွေ ဖွဲ့နေပြီ ဖြစ်တဲ့အကြောင်း၊ ကျောင်းသားတွေကလည်း ရှုရှားတွေ ထွက်သွားဖို့ လမ်းပေါ်ထွက် ဆန္ဒပြနေကြပြီဖြစ်တဲ့အကြောင်း၊ တစ်တိုင်းပြည်လုံးက သူတို့ရဲ့အမြင်ကို ကျယ်ကျယ်လောင်လောင် ဖွင့်ဟနေကြပြီ ဖြစ်တဲ့အကြောင်း စသဖြင့် စသဖြင့် သူမ ပြောပြသည်။ သို့သော်လည်း တကယ့်ကို မယုံနိုင်စရာပင်။ ဒီက လူတွေကတော့ ဘယ်သူမှ စိတ်မဝင်စားကြတော့။

ရုံးခန်းထဲ အားကောင်းမောင်းသန် မိန်းမတစ်ယောက် ဝင်လာပြီး စကားပြတ်သွားသည့်အတွက် အယ်ဒီတာလည်း ဝမ်းသာသွားသည်။

အမျိုးသမီးက ဖိုင်တွဲတစ်ခု ယူလာပြီး "ဒီမှာ ဝတ်လစ်စားလစ် ကမ်းခြေဆောင်းပါးတွေ" ဆိုပြီး ပြောသည်။

တင့်ကားတွေကို ဓာတ်ပုံရိုက်ယူလာသည့် ချက်တစ်ယောက်အတွက် ကမ်းခြေက ဝတ်လစ်စားလစ်ဓာတ်ပုံတွေကို အလကား အမှိုက်သရိုက်တွေဟု ထင်သွားမှာ အယ်ဒီတာ စိုးမိသည်။ သူက ဖိုင်တွဲကို စားပွဲထောင့် ပို့ပြီး အမျိုးသမီးကို ခပ်မြန်မြန်ပဲ ပြောလိုက်သည်။

"ငါတို့ရဲ့ လုပ်ဖော်ကိုင်ဖက် ချက်တစ်ယောက်နဲ့ မင်းကို တွေ့ပေးရဦးမယ်။ တို့အတွက် သူ ပုံကောင်းကောင်းလေးတွေ ယူလာတယ်"

အမျိုးသမီးက ထရီဇာရဲ့လက်ကို ဆွဲယမ်းနှုတ်ဆက်ပြီး သူမ ဓာတ်ပုံတွေကို ယူကြည့်လိုက်သည်။ "ကျွန်မရဲ့ ပုံတွေကိုလည်း ကြည့်ပါဦး"ဟု ပြောလိုက်သည်။ ထရီဇာလည်း သူမ၏ ဖိုင်တွဲကို လှမ်းယူပြီး ဓာတ်ပုံတွေကို ထုတ်ကြည့်လိုက်သည်။ အယ်ဒီတာက တောင်းတောင်းပန်ပန် လေသံနဲ့ ထရီဇာ့ကို ပြောသည်။

"မင်းရဲ့ ပုံမျိုးတွေတော့ မဟုတ်ဘူးပေါ့"

"အဲဒီလို မဟုတ်ပါဘူး၊ နှစ်မျိုးလုံးက အတူတူပါပဲ" လို့ ထရီဇာက ပြောလိုက်သည်။

အယ်ဒီတာရော၊ ဓာတ်ပုံဆရာမရော သူမ ပြောတာကို သဘောမပေါက်ကြ။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် သူမစိတ်ထဲမှာ ကမ်းခြေက ဝတ်လစ်စားလစ်ပုံနဲ့ ရုရှား ကျူးကျော်မှုကို ဘယ်လိုများ အတူတူ သဘောထားသလဲဆိုတာ ရှင်းမပြနိုင်။ ဓာတ်ပုံတွေကို ကြည့်ရင်း မိသားစုလေးယောက် စက်ဝိုင်းပုံစံ ရပ်နေကြသည့်ပုံကို တွေ့သည့်အခါ သူမ ရပ်သွားသည်။

"မင်း မကြိုက်ဘူးလား"

အယ်ဒီတာက မေးလိုက်သည်။

"ဓာတ်ပုံတွေက ကောင်းပါတယ်"

mgyoe.com

mgyee.com

"သူက အကြောင်းအရာကို အသားမကျ ဖြစ်နေတာပါ"

အမျိုးသမီးက ပြောလိုက်သည်။

"ငါ မင်းကို ကြည့်လိုက်တာနဲ့ ဝတ်လစ်စားလစ်ကမ်းခြေ မရောက်ဖူးဘူး ဆိုတာ ပြောရဲတယ်"

"မရောက်ဖူးဘူး"

ထရီဇာက ပြောလိုက်သည်။

"ကြည့် မင်း ဘယ်ကလာလဲ မှန်းရတာ ဘယ်လောက်လွယ်လဲ၊ ကွန်မြူနစ်တိုင်းပြည်တွေက အရမ်းထိန်းချုပ်လွန်းတယ် မဟုတ်လား"

အယ်ဒီတာက ပြုံးပြီး ပြောလိုက်သည်။

"ဝတ်လစ်စားလစ် ခန္ဓာကိုယ်တွေက ဘာမှ မမှားပါဘူး။ ဒါ သူ့သဘာဝအတိုင်းပဲလေ။ သဘာဝအတိုင်း ရှိတာတွေ အကုန်လုံးက အလှတရားတွေပါပဲ"

အမျိုးသမီးက မိခင်တစ်ယောက်လေသံနဲ့ ပြောသည်။

အခန်းထဲမှာ ဝတ်လစ်စားလစ် သွားလာနေတဲ့ အမေရဲ့ပုံရိပ်က သူမစိတ်ထဲမှာ ပေါ်လာခဲ့သည်။ အိမ်မှီးချင်းတွေ မြင်သွားမှာစိုးလို့ အပြေးအလွှား လိုက်ကာ လိုက်ချတဲ့ သူမကို အနောက်ကနေ ဝိုင်းဟားကြတာ နားထဲမှာ ကြားယောင်လို့ နေသေးသည်။

## (၂၅)

ဓာတ်ပုံဆရာမက ထရီဇာ့ကို မဂ္ဂဇင်းတိုက်ရဲ့ ကဖေးဆိုင်မှာ ကော်ဖီလိုက်သောက်ဖို့ ခေါ်သည်။

"မင်းပုံတွေက အတော် စိတ်ဝင်စားဖို့ကောင်းတယ်။ မင်းမှာ မိန်းမခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး အာရုံခံစားမှု အားကောင်းတာ သတိထားမိတယ်။ ငါ ပြောတာ မင်းသဘောပေါက်မလား မသိဘူး၊ လှုံ့ဆော်နေတဲ့ ကိုယ်ဟန်အနေအထားနဲ့ မိန်းကလေးတွေလေ"

"ရုရှား တင့်ကားရှေ့မှာ ဖြတ်သွားဖြတ်လာတွေကို အနမ်းပေးနေတဲ့ ကောင်မလေးတွေလား"

"ဟုတ်တယ်၊ မင်းဟာ ထိပ်တန်း ဖက်ရှင်ဓာတ်ပုံဆရာ ဖြစ်နိုင်တယ်။ မင်းဘာသာ မင်း မော်ဒယ်တစ်ယောက် ရှာရမယ်။ မင်းလိုမျိုးပဲ အောင်မြင်မှုကို ငတ်မွတ်နေတဲ့သူမျိုးပေါ့။ ပြီးရင် ဓာတ်ပုံတွေကို စုဆောင်းပြီး အေဂျင်စီတွေကို လိုက်ပြရမယ်။ ထုံးစံအတိုင်းပဲ နာမည်တစ်လုံးရဖို့က အချိန်တော့ ယူရမှာပေါ့။

mgyee.com

mgyoe.com

ဒါပေမဲ့ အခုလောလောဆယ် ငါ မင်းကို တစ်ခုတော့ ကူညီနိုင်တယ်။ ငါတို့ရဲ့ ဥယျာဉ်ကဏ္ဍာ အယ်ဒီတာနဲ့ မိတ်ဆက်ပေးလို့ ရတယ်။ သူက ကန္တာရပင်တွေ၊ နှင်းဆီပင်တွေ စတဲ့ ပုံမျိုးတွေ လိုချင်တယ်''

''ကျေးဇူးအများကြီးတင်ပါတယ်''

ထရီဇာက စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိသည်။ ဘာကြောင့်ဆို သူ့ရှေ့က အမျိုးသမီးဟာ စိတ်ကောင်းစေတနာကောင်းတွေ အပြည့်နဲ့ ပြောမှန်းသိသာလှတာကိုး။

သူမကိုယ် သူမ ပြန်ပြောမိသည်။ ဘာကြောင့် ဒီကန္တာရ ဆူးပင်တွေကို ဓာတ်ပုံရိုက်ယူရမှာလဲ။ သူမ ပရပ်မှာ ဖြတ်သန်းခဲ့ရသလိုမျိုး၊ အလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်း ဘဝအတွက် တိုက်ပွဲဝင်နေရတာ၊ ကိုယ့်ဓာတ်ပုံကို ပုံနှိပ်ထုတ်ဝေခွင့်ရဖို့ အမြဲရုန်းကန်နေရတာမျိုးတွေကို ရှူးရစ်မှာ သူမ မကြုံချင်ပါဘူး။ သူမမှာ တစ်ကိုယ်ရေ ရည်မှန်းချက်ကြီးကြီးတွေ မရှိပါဘူး။ သူမ အမြဲ တောင့်တမိတာက သူမအမေရဲ့ ကမ္ဘာကနေ လွတ်မြောက်ဖို့ပါပဲ။ ဟုတ်တယ်။ သူမအဖို့က ရှင်းသည်။ သူမ ဘယ်လောက်ပဲ ဓာတ်ပုံရိုက်တာကို စိတ်ပါသည်ဆိုဆို တခြားတစ်ခုခုကို လွယ်လွယ်ပဲ ပြောင်းလိုက်လို့ရသည်။ သူမအဖို့ ဓာတ်ပုံရိုက်ခြင်းဟာ ဘာမျှ မဟုတ်။ တောမတ်ဘေးမှာ နေရသည်။ နည်းနည်း ပိုအဆင့်အတန်း မြင့်မားသည့် အလုပ်အကိုင်တစ်ခုကို ရသည်။ ဒါလောက်ပါပဲ။

သူမက ပြောလိုက်သည်။

''ကျွန်မယောကျ်ားက ဆရာဝန်တစ်ယောက်ပါ၊ သူက ကျွန်မကို ကောင်းကောင်း ရှာကျွေးနိုင်ပါတယ်။ ကျွန်မ ဓာတ်ပုံရိုက်ဖို့ မလိုပါဘူး''

''မင်း ဓာတ်ပုံကောင်းကောင်း တစ်ပုံလောက်သာ ရိုက်ပြီးရင် ဒီအလုပ်ကို စွန့်လွှတ်ဖို့ မင်း စိတ်ကူးတော့မှာ မဟုတ်ပါဘူး''

ဓာတ်ပုံဆရာမက ပြန်ပြောသည်။

ဟုတ်ပါတယ်။ ကျူးကျော်မှုနဲ့ ပတ်သက်ပြီး ရိုက်ထားတဲ့ ပုံတွေကတော့ တစ်ကဏ္ဍာပေါ့။ သူမဟာ ဒီပုံတွေကို တောမတ်အတွက် ရိုက်ခဲ့တာ မဟုတ်ပါဘူး။ ဒါကို သူမ တပ်မက်မှုအပြည့်နဲ့ ရိုက်ခဲ့တာပါ။ ဒါပေမဲ့ ဓာတ်ပုံရိုက်ခြင်းအပေါ် တပ်မက်တာ မဟုတ်။ သူမဟာ မုန်းတီးမှုအပြည့်နဲ့ ရိုက်ခဲ့တာပါ။ ဒီအခြေအနေမျိုးက ဘယ်တော့မှ တစ်ပတ်ပြန်လည်လာမှာ မဟုတ်။ ရူးသွပ်မှုအပြည့်နဲ့ ရိုက်ခဲ့တဲ့ သူမရဲ့ပုံတွေဟာ ရက်လွန်သွားတဲ့အခါ ဘယ်သူမျှ မလိုချင်ကြတော့။ ကန္တာရ

mgyoe.com

ဆူးပင်တွေကပဲ ထာဝရဆွဲဆောင်မှု ရှိနေခဲ့သည်။ သူမကလည်း အဲဒီကန္တာရ ဆူးပင်တွေကို လုံးဝ စိတ်မဝင်စား။

"ရှင် ကျွန်မအပေါ် အရမ်းကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်မ အိမ်မှာပဲ နေပါရစေတော့။ ကျွန်မ အလုပ် မလိုပါဘူး"

"ဒါပေမဲ့ အိမ်မှာ ထိုင်နေရတာ မင်း စိတ်ကျေနပ်နိုင်ပါ့မလား"

အမျိုးသမီးက ပြောသည်။

"ကန္တာရပင်တွေ ရိုက်နေရတာထက် စာရင်တော့ စိတ်ကျေနပ်စရာ ကောင်းပါတယ်"

"ကန္တာရပင်တွေ ရိုက်နေရတယ် ဆိုတာတောင် မင်းဘဝကို မင်း ဦးဆောင်နိုင်ပါသေးတယ်။ မင်းအမျိုးသားအတွက်ပဲ မင်းနေနေရတဲ့ ဘဝကတော့ မင်းကိုယ်ပိုင်ဘဝ မဟုတ်ဘူးလေ"

ရုတ်တရက် ထရီဇာ့မှာ စိတ်အနှောင့်အယှက် ဖြစ်သွားမိသည်။

"ကျွန်မ ယောက်ျားက ကျွန်မရဲ့ ဘဝပဲ။ ကန္တာရ ဆူးပင်တွေက ကျွန်မ ဘဝ မဟုတ်ဘူး"

"မင်းက မင်းဘဝကို ပျော်တယ်လို့ ထင်သလား"

ဓာတ်ပုံဆရာမက ကြင်ကြင်နာနာနဲ့ ပြန်မေးသည်။

"ဒါပေါ့၊ ကျွန်မ ပျော်နေတယ်လေ"

ထရီဇာ့ စိတ်မှာ အနှောင့်အယှက်ဖြစ်နေဆဲ။

"အဲဒီလို ပြောနိုင်တဲ့ မိန်းမမျိုးက အရမ်း…"

အမျိုးသမီးက ရုတ်တရက် ဆက်မပြောဘဲ ရပ်လိုက်သည်။

ထရီဇာကပဲ အဆုံးသတ်ကို ဆက်ပြောလိုက်သည်။

"… ရှားတယ်လို့ ပြောမလို့ မဟုတ်လား"

အမျိုးသမီးက သူမကိုယ် သူမ ထိန်းနိုင်သွားပုံနဲ့-

"ရှားတယ်လို့ မပြောပါဘူး။ နည်းနည်း ရှေးဆန်တယ်လို့ ပြောမလို့ပါ"

"ရှင်ပြောတာ အမှန်ပဲ၊ ကျွန်မယောက်ျားကလည်း အဲဒီလိုပဲ ပြောတယ်"

ထရီဇာက ဝမ်းနည်း စိတ်မကောင်းစွာနဲ့ ပြောသည်။

(၂၆)

တောမတ်က တစ်နေကုန် ဆေးရုံမှာပဲ အချိန်ကုန်နေတတ်ပြီး သူမမှာ အိမ်မှာပဲ တစ်ယောက်တည်း ကျန်ရစ်သည်။ သို့သော် သူမမှာ ကရီနင်တော့ ရှိသေးသည်။

mgyoe.com

သူနဲ့အတူ လမ်းလျှောက်ထွက်နိုင်သည်။ အိမ်မှာရှိနေသည့်အချိန် ဂျာမန်နဲ့ ပြင်သစ် သဒ္ဒါကို စပြီး လေ့လာနေခဲ့သည်။

သို့ပေမဲ့ သူမမှာ ဝမ်းနည်းပြီး အာရုံစူးစိုက်လို့မရ ဖြစ်နေသည်။ ဒပ်ဆက် မော်စကိုက ပြန်လာပြီးနောက် ရေဒီယိုက ပြောတဲ့ မိန့်ခွန်းအကြောင်း သူမ တွေးနေမိသည်။ သူပြောတာတွေ အကုန်လုံးကို သူ မေ့သွားခဲ့ပေမယ့် သူ့ရဲ့ တုန်ယင်နေတဲ့အသံကို သူမ ကြားယောင်နေသေးသည်။ သူမ စိတ်ထဲမှာ လွတ်လပ်တဲ့ တိုင်းပြည်တစ်ခုရဲ့ ခေါင်းဆောင်တစ်ယောက်ကို နိုင်ငံခြားစစ်သားတွေက ဖမ်းခေါ်သွားပုံ၊ ယူကရိန်းတောင်တန်းတွေရဲ့ တစ်နေရာမှာ လေးရက်လောက် ထိန်းသိမ်းထားခဲ့ပုံ၊ သူ့ကို လွှန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဟန်ဂေရီခေါင်းဆောင် အင်မရီနာဂီကို စီရင်သလိုမျိုး စီရင်မယ်လို့ အကြောင်းကြားပုံ၊ ပြီးတဲ့နောက် မော်စကိုကို ရွှေ့လာပြီး သူ့ကို ရေချိုးသန့်စင်၊ အမွေးအမှင်တွေ ရိတ်သင်ဖို့ အမိန့်ပေးပုံ၊ သူ့ကို အဝတ်အစားလဲ၊ လည်စည်းတပ်စေပြီး သူ့ကို စီရင်ချက်ပြောင်းလိုက်တဲ့အကြောင်း ပြောပုံ၊ ဘရက်ဇနေက်ရဲ့ ရှေ့စားပွဲမှာ တိုင်းပြည်ခေါင်းဆောင် တစ်ယောက်လို ထိုင်လို့ သရုပ်ဆောင်စေခဲ့ပုံတွေကို ပြန်ပြီး တွေးနေမိသည်။

သိက္ခာကျ အရှက်ကွဲခဲ့ရတဲ့ သူ့အနေနဲ့ သူ့ရဲ့ အရှက်ခွဲခံခဲ့ရတဲ့ တိုင်းပြည်ကို မိန့်ခွန်းပြောဖို့ ပြန်လာခဲ့သည်။ သူ့မှာ အရှက်တကွဲ ခံစားနေရသည့်အတွက် စကားတောင်မှ မပြောနိုင်။ သူ့မှာ ဝါကျတစ်ကြောင်း တစ်ကြောင်းကို ရှေ့မဆက်နိုင်ဘဲ ရပ်တန့်နေတာကို သူမ ဘယ်တော့မှ မမေ့နိုင်။ သူ့မှာ အဲဒီလောက် ချုံးချုံးကျနေခဲ့ပြီလား။ နေမကောင်းဘူးလား၊ သူတို့ သူ့ကို ဆေးတိုက်ထားခဲ့တာလား၊ ဒါမှမဟုတ် မျှော်လင့်ချက် ကုန်ခမ်းနေခဲ့တာလား။ တကယ်လို့ ဒပ်ဆက်နဲ့ ပတ်သက်ပြီး ဘာဆိုဘာမျှ မကျန်ခဲ့ရင်တောင်မှ ရေဒီယိုနားကပ်ပြီး နားစွင့်နေကြတဲ့ တစ်တိုင်းပြည်လုံးရဲ့ ရှေ့မှာ လေကို အသက်လုရှူနေရတာ အကြာကြီး နားနားပြီး ပြောနေရတာတွေကတော့ ပြောစမှတ်တွင် ကျန်ရစ်ခဲ့ပါလိမ့်မယ်။ အဲဒီရပ်နားမှုတွေမှာ ကံဆိုးမိုးမှောင်ကျတဲ့ တိုင်းပြည်တစ်ခုလုံးရဲ့ အကြောက်တရားတွေ ပါဝင်နေခဲ့သည်။

ကျူးကျော်မှု ခုနစ်ရက်မြောက်သည့်နေ့တွင် ထိုမိန့်ခွန်းကို ညတွင်းချင်း ခုခံရေး အင်အားစုတစ်ခု ဖြစ်သွားခဲ့သည့် သတင်းစာတစ်စောင်၏ ရုံးခန်းတွင် သူမ နားထောင်ခဲ့ရသည်။ အဲဒီခဏမှာပဲ လူတိုင်းက ဒပ်ဆက်ကို မုန်းတီးသွားခဲ့ကြသည်။ သူတို့က သူ့ကို အလျှော့ပေး စေ့စပ်ခဲ့သည့်အတွက် အပြစ်တင်ကြသည်။ သူ့ရဲ့ အရှက်တကွဲဖြစ်မှုက သူတို့ကို အရှက်ရစေခဲ့သည်။ သူ့ရဲ့ ပျော့ညံ့မှုက သူတို့ကို စော်ကားနေခဲ့သည်။

mgyoe.com

ဗူးရစ်တွင် ထိုနေ့ရက်များကို ပြန်တွေးပြီး သူမမှာ သူ့ကို မနှစ်မြို့တာမျိုးလည်း မရှိတော့။ ပျော့ညံ့အားနည်းမှုဆိုသည့် စကားလုံးကလည်း စီရင်ချက်တစ်ခုနဲ့ မတူတော့။ ကိုယ့်ထက် အင်အားကောင်းတဲ့လူနဲ့ တွေ့ရင် လူတိုင်း အားနည်းကြတာပဲ မဟုတ်လား။ ဒပ်ဆက်လို အားကစားသမား ကိုယ်လုံးကိုယ်ပေါက်နှင့် လူမျိုးပင်လျှင် အားနည်းမှု ကြုံရတာပဲ မဟုတ်လား။ အဲဒီ အချိန်ကတော့ ပျော့ညံ့အားနည်းမှု ဆိုတာကို သည်းမခံနိုင်၊ ပယ်ချသည်။ သူမနဲ့ တောမတ်ကို တိုင်းပြည်ထဲက ထွက်ပြေးစေခဲ့သည့် ပျော့ညံ့အားနည်းမှုသည် သူမကို ရုတ်တရက် ဆွဲဆောင်နေခဲ့သည်။ သူမသည် ပျော့ညံ့သည့် အမျိုးအစားနှင့် ဆိုင်သည်။ ပျော့ညံ့သည့် အုပ်စုထဲမှာ ပါသည်။ ပျော့ညံ့သည့် တိုင်းပြည်က လာသည်။ ဒီတော့ သူတို့တွေကို သူမ လုံးဝ သစ္စာရှိဖို့ လိုနေခဲ့သည်။ အကြောင်းက သူတို့တွေက အားနည်းပြီး ဝါကျရဲ့ တစ်ဝက်လောက်မှာ လေကို အလုအယက် ရှူသွင်းနေရသည် မဟုတ်လား။ သူတို့၏ ပျော့ညံ့မှုသည် မူးဝေမှုလိုပင် သူမကို ဆွဲဆောင်နေခဲ့သည်။ သူမ ကိုယ်တိုင်ကလည်း အားနည်းပျော့ညံ့သည်ဟု ခံစားရသည့်အတွက် သူမမှာ အဲဒါကို စိတ်ဝင်စားမိသည်။

ထို့နောက် သူမမှာ မနာလိုစိတ် ပြန်ဝင်လာမိပြီး လက်ပြန်တုန်လာခဲ့သည်။ ဒါကို တောမတ်က သတိထားမိသည်။ ဒီတော့ ထုံးစံအတိုင်း သူ့လက်နဲ့ ဆုပ်ကိုင်ပြီး ထိန်းထားခဲ့သည်။ သူမက သူ့လက်ကို ပြန်ရုပ်သည်။

"ဘာဖြစ်လို့လဲ"

သူက မေးသည်။

"ဘာမှ မဟုတ်ဘူး"

"ကိုယ် ဘာလုပ်ပေးရမလဲ"

"ကျွန်မ ရှင့်ကို မြန်မြန် အိုစေချင်ပြီ။ ဆယ်နှစ်လောက်ဖြစ်ဖြစ်၊ အနှစ်နှစ်ဆယ်လောက်ဖြစ်ဖြစ်"

သူမ ဆိုလိုသည်ကတော့-

'ကျွန်မ ရှင့်ကို ကျွန်မလိုပဲ ပျော့ညံ့အားနည်းစေချင်ပြီ'ဟု။

## (၂၇)

ကရီနင်မှာ ဆွစ်ဇာလန်ကို ပြောင်းလာရသည်ကို မပျော်ပိုက်၊ သူက အပြောင်းအလဲကို မုန်းသည်။ ခွေးဆိုသည်က မျဉ်းဖြောင့်အတိုင်း သွားရတာမျိုး၊ တစ်နေ့ရာက တစ်နေ့ရာ တစ်ရွေ့တည်း ရွေ့နေတာမျိုး မကြိုက်။ သူက နာရီလက်တံလို စက်ဝိုင်း

mgyoe.com

mgyoe.com

ပုံစံ လှည့်ပတ်ချင်သည်။ အရှေ့ကနေ အရှေ့တစ်ပိုင်း ပြေးမနေချင်။ နေဝင်နေထွက် ဒီလမ်းကြောင်းအတိုင်းပဲ လှည့်ပတ်ချင်သည်။ ပရပ်မှာ ရှိစဉ်ကလည်း တောမတ်နှင့် ထရီဇာက ကုလားထိုင်အသစ်တစ်လုံး ဝယ်လာသည်ပဲ ဖြစ်စေ၊ ပန်းအိုးနေရာ ရွှေသည်ပဲ ဖြစ်စေ ကရီနင်က သိပ်မကြိုက်ချင်။ သူ့အချိန်ကာလ သဘောကို အနှောင့် အယှက်ပေးသလို ဖြစ်နေသည်။ သဘောက နာရီလက်တံကို လှည့်စားသည့်အနေ ဖြင့် နံပါတ်များကို ပြောင်းထားသလို ဖြစ်နေခဲ့သည်။

ဘယ်လိုပဲ ဖြစ်စေ ဖူးရစ်တိုက်ခန်းတွင် နေထိုင်ရင်း သူ နဂိုအလေ့အထ တွေ ပြန်ပြီး တည်ဆောက်နိုင်ခဲ့သည်။ ပရပ်မှာလိုပဲ မနက်မိုးလင်းသည်နှင့် သူတို့ အိပ်ရာပေါ် ခုန်တက်ပြီး တစ်နေ့တာကို ကြိုဆိုမည်။ ထရီဇာနှင့် မနက် ဈေးဝယ် လိုက်မည်။

သူမှာ သူတို့လင်မယား၏ အချိန်မှတ်နာရီတစ်လုံးလို ဖြစ်နေခဲ့သည်။ သူမမှာ စိတ်ပျက်လက်ပျက် ခံစားရတိုင်း သူ့ကိုကြည့်ပြီး သူမဘာသာ ပြန်ထိန်း ရသည်။ သူက သူမထက် အားနည်းသည် မဟုတ်လား။ ဒပ်ဆက်နှင့် သူမ စွန့်ခွာ ခဲ့သော အမိမြေထက်ပင် ပိုပြီး အားနည်းနေမလား မသိ။

တစ်ရက် သူတို့နှစ်ယောက် လမ်းလျှောက်ပြီး ပြန်အလာ ဖုန်းမြည်လာ သည်။ သူမ ကောက်ကိုင်ပြီး မေးလိုက်တော့ တစ်ဖက်က မိန်းမသံက ဂျာမန်စကား နှင့် တောမတ်ကို မေးနေခဲ့သည်။ အသံက စိတ်မရှည်သည့်အသံ။ ထရီဇာ့ စိတ်ထဲ မှာ လှောင်နေသလိုတောင် ခံစားမိသည်။ သူမက တောမတ်မရှိကြောင်းနှင့် ဘယ် အချိန် ပြန်ရောက်မယ် မသိကြောင်း ဖြေလိုက်တော့ တစ်ဖက်က ရယ်ပြီး နှုတ်ပင် မဆက်ဘဲ ဖုန်းချသွားခဲ့သည်။

ဒီအသံက ဘယ်သူမဆို ဖြစ်နိုင်သည်ဆိုတာ ထရီဇာ သိပါသည်။ ဆေးရုံ မှ သူနာပြုလည်း ဖြစ်နိုင်သည်။ လူနာတစ်ယောက်လည်း ဖြစ်နိုင်သည်။ စာရေးမ လည်း ဖြစ်နိုင်သည်။ ဘယ်သူမဆို ဖြစ်နိုင်သည်။ သို့ပေမဲ့ သူမမှာ စိတ်ဂနာမငြိမ် နှင့် ဘာကိုမျှ အာရုံစုစည်းလို့ မရ။ သူမ အိမ်မှာ ဘယ်လိုမှ ဆက်ပြီး မနေနိုင် တော့တာကို သဘောပေါက်လာမိသည်။ ဤ ဘာမှ မဟုတ်သည့် အဖြစ်ကလေး ကိုပင် သူမမှာ မခံစားနိုင်။

နိုင်ငံရပ်ခြားမှာ နေထိုင်ရသည်မှာ အောက်တွင် ပိုက်မခံထားဘဲ ကြိုးတန်း လမ်းလျှောက်နေရသည်နှင့် တူသည်။ ကိုယ့်တိုင်းပြည်မှာလိုမျိုး မိသားစုမရှိ၊ လုပ်ဖော်ကိုင်ဖက်မရှိ၊ သူငယ်ချင်းမရှိ။ ကလေးဘဝကတည်းက ပြောလာခဲ့သော စကားနဲ့ အားရပါးရ ပြောလို့မရ။ ပရပ်တွင်နေစဉ်က သူမမှာ တောမတ်ကို လုံးလုံး

mgyoe.com

mgyoe.com SAMPLE BOOK

မှီခိုနေရသည် မဟုတ်။ ဒီမှာတော့ သူမမှာ သူ့ကိုပဲ အရာရာ မှီခိုလို့နေရသည်။ သူကများ သူမကို ပစ်သွားခဲ့လျှင် မည်သို့ လုပ်မည်နည်း။ သူမမှာ ဤသို့ပဲ အမြဲ ပူပန်ပြီး တစ်သက်လုံး နေသွားရတော့မည်လား။

သူမကိုယ် သူမလည်း ပြောမိသည်။ သူမတို့ တွေ့ဆုံမှုကိုက လွဲမှားမှုနဲ့ စခဲ့သည်။ သူမချိုင်းကြားမှာ ညှပ်ထားခဲ့သော အင်နာကာရင်နီနာက စာရွက်စာတမ်း အတုလို တောမတ်ကို အမြင်မှားစေခဲ့သည်။ သူတို့မှာ ချစ်ရမည့်အစား တစ်ယောက်ကို တစ်ယောက် ငရဲကျအောင် လုပ်သလို ဖြစ်နေခဲ့သည်။ သူတို့ တစ်ယောက်ကို တစ်ယောက် ချစ်ခဲ့ကြသည်က သူတို့ရဲ့ အမှားသက်သက်တင် မဟုတ်။ သူတို့၏ အပြုအမူတွေ၊ ခံစားမှုတွေ ပြောင်းလဲနေမှု၊ မလိုက်ဖက်မှုတွေနှင့်လည်း ဆိုင်နေခဲ့သည်။ သူက အားကြီးပြီး သူမက အားနည်းသည်။ သူမမှာ စကားပြောရင်းတန်းလန်း စက္ကန့်သုံးဆယ်လောက် အမောဖြေနေရသည့် ဒပ်ဆက်လိုပင် အားနည်းလှသည်။ ထစ်အထစ်အနှင့် အသက်ငင်ကာ စကားကောင်းကောင်း မပြောနိုင်သော သူမ၏ တိုင်းပြည်လို ဖြစ်နေခဲ့သည်။

သို့ပေမဲ့ အားကြီးသူက အားနည်းသူကို မထိခိုက်အောင် အလျှော့ပေး လာခဲ့သည့်အခါ အားနည်းသူကပဲ စိတ်တင်းပြီး ထွက်ခွာရပေတော့မည်။

ကရီနင်၏ အမွေးဖွားဖွားနှင့် ခေါင်းကို မျက်နှာအပ်ပြီး သူမကိုယ် သူမ ပြောနေမိသည်။

"ဆောရီးပဲ ကရီနင်၊ မင်းတော့ ထပ်ပြီး နေရာပြောင်းရဦးမယ် ထင်ပါရဲ့"

## (၂၈)

ခေါင်းပေါ်ရှိ အကန့်ထဲ သူမ၏ ခရီးဆောင်အိတ်ကို အတင်းထိုးထည့်ပြီး ခွေးကို ပေါင်ကြားထဲညှပ်ကာ ထိုင်လိုက်လာခဲ့သည်။ သူမအမေနှင့် အတူနေတုန်းက သူမ အလုပ်လုပ်ခဲ့သည့် ဟိုတယ်က စားဖိုမှူးကို သတိရလာမိသည်။ ထိုလူက အခွင့် အရေးရသည်နှင့် သူမကို နောက်ကနေ ထိကပါးရိကပါး လုပ်သည်။ လူရှေ့သူရှေ့ တွင် သူနှင့် အိပ်ဖို့ အမြဲ မြူဆွယ်သည်။ သူ့အကြောင်း ခေါင်းထဲ ရောက်လာ တာတော့ ထူးဆန်းသည်။

သူဟာ သူမ မုန်းတီးတဲ့ အရာတွေထဲမှာ စံပြဖြစ်နေခဲ့သည်။ အခုတော့ သူမမှာ သူ့ကို ကြည့်ပြီး အခုလို ပြောနိုင်ပေတော့မည်။

'ရှင် ကျွန်မနဲ့ အိပ်ဖို့ အမြဲ ပြောတယ် မဟုတ်လား။ အခု ကျွန်မက အဆင်သင့်ပဲ'

mgyoe.com

သူမမှာ တောမတ်ဆီ ပြန်မလှည့်မိအောင် ဘာမဆို လုပ်ချင်မိသည်။ သူနှင့် ကုန်ဆုံးခဲ့သည့် ခုနစ်နှစ်တာကို သူမ ဘဝထဲမှ တစ်စစီ ဖျက်ဆီးပစ်ချင်မိသည်။ ဒါဟာ မူးလဲချင်တဲ့ ခံစားမှုပါပဲ။ ထိန်းမရ သိမ်းမရ လဲပြိုကျချင်တဲ့ မူးဝေမှုပါပဲ။

ကျွန်တော်တို့က မူးဝေမှုကို အားနည်းခြင်းကြောင့်ဟု ပြောကြလိမ့်မည်။ အားနည်းနေလျှင် ခုခံဖို့ထက် လက်လျှော့အရှုံးပေးချင်တတ်သည်။ အားနည်းမှုဖြင့် မူးဝေနေသည်။ ပို၍ပင် အားနည်းချင်လာမိသည်။ လူပုံအလယ် မြို့လယ် ရင်ပြင်ပေါ် ပြိုလဲကျချင်မိသည်။ နိမ့်သထက်နိမ့်ရာ၊ ပို၍ ပို၍ နိမ့်ရာဆီသို့။

သူမကိုယ်သူမ ပြောနေမိသည်။ သူမ ပရပ်မြို့မှာလည်း မနေတော့။ ဓာတ်ပုံသမားဘဝကိုလည်း စွန့်လွှတ်လိုက်တော့မည်။ ပြီးလျှင် တောမတ်ရဲ့အသံကို သာယာမိခဲ့သည့် မြို့ငယ်လေးကို ပြန်သွားမည်။

သို့ပေမဲ့ ပရပ်မြို့ကို ပြန်ရောက်သည်နှင့် သူမမှာ လက်တွေ့လုပ်ဆောင်စရာတွေနှင့် အချိန်ကုန်နေခဲ့သည်။ ပရပ်ကနေ ထွက်ခွာဖို့ကို ရွှေ့ဆိုင်းထားမိသည်။

ငါးရက်မြောက်နေ့တွင် တောမတ် ရုတ်တရက် ပေါ်လာခဲ့သည်။ ကရီနင်က သူ့အပေါ် ခုန်တက်ကာ ကြိုဆိုသည်။ ခဏနေမှ တစ်ယောက်ကို တစ်ယောက် ချဉ်းကပ်ရသည်။

သူတို့မှာ နှင်းတွေဖုံးထားသော လွင်ပြင်မှာ ခိုက်ခိုက်တုန်ကာ ရပ်နေရသလို ခံစားမိကြသည်။

ထို့နောက်တွင်တော့ တစ်ခါမှ မနမ်းဖူးသေးသည့် ချစ်သူနှစ်ဦးပမာ အငမ်းမရ နမ်းကြတော့သည်။

"အားလုံး အဆင်ပြေရဲ့လား"

သူက မေးသည်။

"ပြေပါတယ်"

"မဂ္ဂဇင်းတိုက်ကို ရောက်ပြီးပြီလား"

"ကျွန်မ ဖုန်းဆက်ထားတယ်"

"အဆင်ပြေလား"

"အခုထိ ပြန်မဆက်သေးဘူး၊ ကျွန်မလည်း စောင့်နေတယ်"

"ဘာအတွက်လဲ"

သူမက မဖြေ၊ သူမအနေနဲ့ သူ့ကို စောင့်နေပါသည်လို့တော့ မပြောနိုင်။

mgyoe.com

mgyoe.com

(၂၉)

အခုတော့ ကျွန်တော်တို့ ပြောခဲ့တဲ့ နေရာကို ပြန်ရောက်လာခဲ့ပြီ။ တောမတ်မှာ လုံးလုံးကို မပျော်ပိုက်။ အစာအိမ်ကလည်း အောင့်အောင့်နေသည်။ သူ့မှာ ညဉ့်နက်သည်အထိ အိပ်လို့ မရ။

မကြာပါ။ ထရီဇာလည်း နိုးလာသည်။ (ပရပ်မြို့ပေါ် လှည့်နေသော ရုရှား လေယာဉ်ပျံများကြောင့် အိပ်ရဖို့လည်း မလွယ်) သူမ ပထမဆုံး တွေးမိသည်က သူ့မှာ သူမကြောင့် ပြန်လာခြင်း ဖြစ်သည်။ သူမကြောင့် သူ၏ဘဝ ကံကြမ္မာကို ပြောင်းလဲခဲ့သည်။ အခုတော့ သူမအတွက် သူ့မှာ တာဝန်မရှိတော့။ သူ့အတွက်သာ သူမမှာ တာဝန်ရှိနေခဲ့ပြီ။ တာဝန်ယူဖို့ရာ သူမမှာ လုံလောက်သည့် ခွန်အား မရှိဟု ခံစားနေမိသည်။

သို့ပေမဲ့ ချက်ချင်းပဲ မနေ့က သူ တံခါးဝမှာ ပေါ်လာသည့်အချိန် ဘုရားကျောင်းမှ ခေါင်းလောင်းက ခြောက်နာရီထိုးသံ ကြားလိုက်ရသည်။ သူတို့ ပထမဆုံး စတွေ့သည့်နေ့ကလည်း သူမ၏ အလုပ်ချိန်က ခြောက်နာရီမှာ ဆုံးခဲ့သည်။ အဝါရောင်ခုံတန်းပေါ် ထိုင်နေသည့် သူ့ကို သူမ သွားတွေ့တော့ ဘုရားကျောင်း ခေါင်းလောင်းက ခြောက်နာရီထိုးသည်။

ဒါ အယူသီးသည်တော့ မဟုတ်။ ဒီလို လှလှပပ တိုက်ဆိုင်မှုက သူမ၏ စိတ်ဓာတ်ကျဆင်းနေမှုကို ကုစားနိုင်ခဲ့သည်။ သူမကို အသစ်တစ်ဖန် ရှင်သန်ချင်စိတ်တွေနဲ့ ပြည့်နှက်လာစေခဲ့သည်။ ကံကြမ္မာငှက်လေးက သူ့ပခုံးပေါ်မှာ နောက်တစ်ခါ နားလာခဲ့ပြန်သည်။ သူမ ဘေးမှာ သူ့အသက်ရှူသံကို ကြားနေရသေးသည့်အတွက် ပြောမပြနိုင်သည့် ဝမ်းသာမှုဖြင့် သူမ မျက်လုံးမှာ မျက်ရည်များ ပင် ဝဲလာမိသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

## အပိုင်း (၃)

# နားလည်မှုလွဲနေခဲ့သော စကားလုံးများ

(၁)

ဂျီနီဗာမှာ ပန်းခြံများ၊ ရေပန်းကြီးငယ်များနှင့် ပြည့်နှက်နေသော မြို့တစ်မြို့ ဖြစ်သည်။ ပန်းခြံများရှိ အမိုးပါ တီးဝိုင်းစင်မြင့်များပေါ်မှ ဂီတသံများ ပျံ့လွင့်နေတတ်သည်။ တက္ကသိုလ်များပင်လျှင် သစ်ပင်များကြားတွင် မြုပ်နေခဲ့သည်။ ဖရင့်မှာ နေ့လယ် လက်ချာပြီးခါစ အဆောက်အအုံထဲက ထွက်လာချိန် ရေဖျန်းပိုက်ခေါင်းမှ မြက်ခင်းပြင်ပေါ် ရေများ ပက်ဖျန်းလို့နေသည်။ သူ့မှာ ချစ်သူဆီအသွား စိတ်မှာ အလွန်ရွှင်လန်းလို့ နေသည်။ သူမ နေတာက လမ်းနည်းနည်းပဲ ခြားသည်။

သူက သူမဆီ သူငယ်ချင်းတစ်ယောက်လို အလည်သက်သက်ပဲ ရောက်သည်။ ချစ်သူတစ်ယောက်လိုမျိုး မဟုတ်၊ အကယ်၍ သူသာ ဂျီနီဗာရှိ သူမ စတူဒီယိုတွင် ချစ်ဖျူဟာခင်းကြလျှင် မိန်းမတစ်ယောက်ကနေ နောက်တစ်ယောက် ပြောင်းသွားတာပဲ ဖြစ်မည်။ တစ်နေ့တည်းတွင် ဇနီးထံမှ ရည်းစားဆီသွားပြီး ပြန်လာတာမျိုးပဲ ဖြစ်မည်။ ဂျီနီဗာတွင် လင်နှင့်မယားမှာ ပြင်သစ်စတိုင် ခုတင်တစ်လုံးထဲတွင် အတူအိပ်လေ့ရှိသောကြောင့် သူ့မှာ အိပ်ရာတစ်ခုမှ တစ်ခု ပြောင်းအိပ်တာမျိုးပဲ ဖြစ်မည်။ ဤအတွက် သူ့မှာ သူ့ဇနီးနဲ့ ရည်းစားတင်မက နောက်ဆုံး သူကိုယ်တိုင်ပင် သိက္ခာကျသလို ခံစားရသည်။

mgyoe.com